# ကြေးမုံ

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်၊ စနေနေ့၊ (9-5-2015) (၈၁၉၅)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

**နေပြည်တော် မေ ၉**

၂၀၁၅ ခုနှစ် မေ ၉ ရက်နေ့တွင် ကျရောက်သော (၆၅)နှစ်မြောက် ဥရောပနေ့ အထိမ်းအမှတ်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဥရောပသမဂ္ဂကောင်စီ ဥက္ကဋ္ဌ မစ္စတာ ဒေါ့နယ်လ်တာ့ခ်(စ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် မေ ၉ ရက်နေ့တွင် ကျရောက်သော (၆၅)နှစ်မြောက် ဥရောပနေ့အထိမ်းအမှတ် အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဥရောပသမဂ္ဂကော်မရှင် ဥက္ကဋ္ဌ မစ္စတာ ဂျွန်ကလော့ ဂျန်ကာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

**ယနေ့ မာတိကာ**


**ပြည်သူလူထုက ချစ်ခင်အားကိုး ရသည့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များဖြစ်ရန် ကြိုးပမ်းအားထုတ်** စာမျက်နှာ - ၇



**အိန္ဒိယသမုဒ္ဒရာအတွင်းရှိ Barren ကျွန်းမှ မီးတောင်တစ်ခု ပေါက်ကွဲလာနိုင်ခြေရှိ** စာမျက်နှာ - ၁၁

**ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း၏ ပါတီ ဗြိတိန် ရွေးကောက်ပွဲ၌ မမျှော်လင့်ဘဲ အနိုင်ရ** စာမျက်နှာ - ၁၄


# ဒေသစွဲ၊ လူမျိုးစွဲကင်းစင်သည့် စစ်မှန်သည့်ပြည်ထောင်စုစိတ်ဓာတ် မွေးမြူ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျိုင်းတုံ ကက်သလစ်သာသနာဂိုဏ်းအုပ်ဆရာတော် ဘီးရှော့ပီတာလွိစ်ကျာခူအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (ပြန်/ဆက်)

**ကျိုင်းတုံ မေ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ ကက်သလစ်သာသနာပြုကျောင်းတိုက်သို့ ရောက်ရှိပြီး ကျိုင်းတုံ ကက်သလစ်သာသနာဂိုဏ်းအုပ်ဆရာတော် ဘီးရှော့ပီတာလွိစ်ကျာခူနှင့် ခရစ်ယာန်ဂိုဏ်းပေါင်းစုံအသင်းတော်မှ သင်းအုပ်ဆရာတော်များ၊ ခရစ်ယာန်လူငယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတက သာသနာပြုကျောင်းတိုက်ခန်းမ၌ ကျိုင်းတုံ ကက်သလစ်သာသနာ ဂိုဏ်းအုပ်ဆရာတော် ဘီးရှော့ပီတာလွိစ်ကျာခူနှင့် ဘာသာရေးခေါင်းဆောင်များအား နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက် ဆောင်ရွက်မည့်အစီအမံများကို ပြောကြားသည်။

ယင်းနောက် ကျိုင်းတုံကက်သလစ်သာသနာ ဂိုဏ်းအုပ်ဆရာတော် ဘီးရှော့ပီတာလွိစ်ကျာခူက ကျေးဇူးတင်စကားပြောကြားပြီး နိုင်ငံတော်နှင့် နိုင်ငံတော်သမ္မတကြီးအတွက် ဆုမွန်ကောင်းတောင်းပေးခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ကျိုင်းတုံကက်သလစ်အသင်းတော်နှင့် လားဟူ၊ ရှမ်း၊ အာခါ၊ "ဝ"နှင့် တပ်နယ် ခရစ်ယာန်အသင်းတော်များအတွက် ဆန်အိတ် ၅၀၀၊ ဆီပိဿာ ၅၀ နှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ပြီးနောက် နိုင်ငံတော်သမ္မတအား ကျိုင်းတုံ ကက်သလစ်သာသနာ ဂိုဏ်းအုပ်ဆရာတော်ကအမှတ်တရ လက်ဆောင်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မြို့တော်ခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့**




ကြေးမုံ စာ တည်းရှ ထောင့်    ၉-၅-၂၀၁၅၊ စနေနေ့

# ငါးသယံဇာတ စားနပ်ရိက္ခာ

မြန်မာ့ပင်လယ်ပြင်တွင် ငါးမျိုးစိတ်များ ပြုန်းတီးလျော့ပါးလာခြင်းမှာ ရာသီဥတုပြောင်းလဲလာခြင်း၊ ၎င်းတို့နေထိုင်ကျက်စားရာ ဒေသများ ဖျက်ဆီးခံရခြင်း၊ လူတို့၏ မဆင်မခြင်ငါးဖမ်းဆီးခြင်းတို့ကြောင့်ဖြစ်သည်ဟု သိရသည်။ အဆိုပါ အချက်သုံးချက်တွင် ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်းဖြစ်စဉ်မှာ ကမ္ဘာတစ်ဝန်းလုံးဖြစ်ပေါ်နေသောကြောင့် အများနည်းတူ မြန်မာနိုင်ငံတွင်လည်း ရင်ဆိုင်ကြရမည်သာ။

သို့သော် ၎င်းတို့နေထိုင်ကျက်စားရာဒေသများနှင့် ပေါက်ဖွားရှင်သန်မှုများကိုမူ သက်ဆိုင်သူများနှင့် နီးစပ်သူများက တစ်ပိုင်တစ်နိုင်ထိန်းသိမ်းခြင်း၊ သက်ဆိုင်ရာဌာနက တာဝန်ယူကာကွယ်စောင့်ရှောက်ပေးခြင်းဖြင့် ငါးသယံဇာတလျော့နည်းမသွားဘဲ တိုးပွားအောင်ပြုလုပ်နိုင်ပါသည်။ ငါးမျိုးစိတ်များ ရှင်သန်ကျက်စားရာ သန္တာကျောက်တန်းများ၊ ပင်လယ်ကမ်းစပ်နှင့် ကုန်းတွင်းဒီရေရောက်တောများရှင်သန်ရေးနှင့် မပျက်စီးအောင်စောင့်ရှောက်ရေးတို့ကို လုပ်ကိုင်နိုင်ပါလျှင် ငါးသယံဇာတများ တိုးပွားလာမည်ဖြစ်ပါသည်။

ဒီရေတောများကို ငွေအား၊ လူအားနှင့် ထိန်းသိမ်းစောင့်ရှောက်နိုင်သော်လည်း သန္တာကျောက်တန်းများမှာမူ ရာသီဥတုပြောင်းလဲမှုကြောင့် ကာကွယ်စောင့်ရှောက်ရန် အခက်အခဲကြုံတွေ့လာပါသည်။ သမုဒ္ဒရာရေပြင်သည် သာမန်ထက်ပူနွေးလာခြင်း၊ အက်ဆစ်ပျော်ဝင်မှု ပိုများလာခြင်းတို့သည် ထုံးခါတ်ဖြင့်ဖွဲ့စည်းထားသော သန္တာကျောက်တန်းများ ပျက်စီးမှု၏အဓိက အကြောင်းအရင်းများ ဖြစ်ပါသည်။

သန္တာကျောက်တန်းများ ပျက်စီးလာခြင်းနှင့်အတူ ယင်းကိုမှီခိုရှင်သန်နေသော ရေမှော်ပင်များ၊ ကျောက်ပန်း ကျောက်ခက်များအပြင် ငါးပုဇွန်များပါ ခိုကိုးရာမဲ့ဘဝသို့ရောက်သွားပြီး ငါးမျိုးစိတ်အချို့ ပျောက်ကွယ်သွားခဲ့ရပါသည်။ ထိုအချိန်တွင် လူတို့၏မဆင်မခြင် ငါးပုစွန်ဖမ်းဆီးနေမှုများကလည်း ငါးမျိုးစိတ်ရှင်သန်မှုကို အဟန့်အတားဖြစ်စေနိုင်သည်။ မြန်မာနိုင်ငံ၏ ငါးဖမ်းရေပိုင်နက်သည် စတုရန်းကီလိုမီတာ ၄၈၆၀၀၀ ရှိပြီး တရားဝင် ငါးဖမ်းရေယာဉ် စုစုပေါင်း ၂၅၉၄ စင်း ရှိကြောင်း သိရသည်။ တရားမဝင် ငါးခိုးဖမ်းသည့် ရေယာဉ်များလည်း ရှိနိုင်သည်။

မြန်မာ့ပင်လယ်ပြင် ငါးသယံဇာတတည်ရှိမှုကို လေ့လာသုတေသနပြုသော နော်ဝေနိုင်ငံမှ ငါးသုတေသနသင်္ဘောသည် ယခုအကြိမ်အပါအဝင် မြန်မာ့ရေပြင်သို့ လေးကြိမ်ရောက်ရှိခဲ့ပြီးဖြစ်သည်။ ရောက်ရှိသည့် အကြိမ်တိုင်း ငါးသုတေသနပြုတွေ့ရှိမှုမှာ အနုတ်လက္ခဏာများ တွေ့လာရသည်။ ယခင်နှစ်က တိုင်းတာတွေ့ရှိမှုများတွင် ပင်လယ်ပြင်အချို့နေရာများ၌ ငါးအသေများတွေ့ရခြင်း၊ ပလတ်စတစ်အမှိုက်များ တွေ့ရခြင်း၊ ရေထုညစ်ညမ်းမှုများ တွေ့ရှိခဲ့ရာ ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ရသည်ဟု သုံးသပ်ခဲ့သည်။

ယခုတစ်ကြိမ် တွေ့ရှိချက်တွင်လည်း မြန်မာနိုင်ငံ၏ ငါးသယံဇာတ လျော့နည်းလာမှုစာရင်းနှင့် ထိုသို့ ဖြစ်လာရသည့် အကြောင်းအရင်းများကို သိလာနိုင်ပြီး တွေ့ရှိချက်များအပေါ်တွင် လိုက်နာဆောင်ရွက်မှုမပြုနိုင်သေးသမျှကာလပတ်လုံး ငါးသယံဇာတများ တဖြည်းဖြည်းလျော့နည်းလာမည်မှာ သေချာပါသည်။

ငါးသယံဇာတများလျော့နည်းလာသည့် အကြောင်းအရင်းသုံးရပ်အနက် ရာသီဥတုဖောက်ပြန်မှုကို မကုစားနိုင်သော်ငြားလည်း ၎င်းတို့ကျင်လည်ကျက်စားရာ ဒီရေတောများကို ထိန်းသိမ်းစောင့်ရှောက်ပြီး တိုးပွားရှင်သန်အောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ သန္တာကျောက်တန်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်အတူ ကမ်းဝေး၊ ကမ်းနီးငါးဖမ်းခြင်းများကိုလည်း စနစ်တကျ ကြပ်မတ်ပေးသွားသင့်ပေသည်။

ငါးသယံဇာတများ ရှင်သန်ဖွံ့ဖြိုးခြင်းသည် ပြည်သူများအတွက် စားနပ်ရိက္ခာဖူလုံရေးအတွက်သာမက ဝင်ငွေစီးပွားတိုးတက်ရေးအတွက်ပါ အထောက်အကူဖြစ်စေသဖြင့် ငါးသယံဇာတများ မပြုန်းတီးအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကာကွယ်ပေးကြရမည်ဖြစ်သည်။ သဘာဝကြောင့် ပြုန်းတီးမှုကို လက်ခံနိုင်သော်လည်း လူတို့ကြောင့် ပျက်စီးခြင်းမဖြစ်အောင် တားဆီးကြရမည်ဖြစ်သည်။

ထိုသို့ တစိုက်မတ်မတ် ဆောင်ရွက်သွားကြမည်ဆိုပါလျှင် မြန်မာနိုင်ငံ၏ ရေသယံဇာတ ငါး၊ ပုစွန်များ ပျောက်ကွယ်မသွားဘဲ လူတို့အတွက် အာဟာရကို အစဉ်အမြဲဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ပါသည်။ ။

# မော်တော်ဆိုင်ကယ်ခရီးစဉ် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ပြီး အိန္ဒိယသို့ ဆက်လက်ထွက်ခွာ

**နေပြည်တော် မေ ၈**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု All Asia Exclusive Travels & Tours ၏ စီစဉ်မှုဖြင့် ဩစတြေးလျနိုင်ငံသား ဧည့်သည်များသည် မော်တော်ဆိုင်ကယ် ၃၂စီးဖြင့် ဧပြီ ၂၉ ရက်က မြဝတီမြို့ဝင်ပေါက်မှတစ်ဆင့် မြန်မာနိုင်ငံသို့ လည်ပတ်ရန်ရောက်ရှိသည်။

အဆိုပါမော်တော်ဆိုင်ကယ်ယာဉ်တန်းသည် ယင်းနေ့တွင်ပင် မြဝတီမြို့မှ ပဲခူးမြို့သို့ ဆက်လက်ထွက်ခွာကာ ပဲခူးမြို့ရှိ Hotel Aeroma တွင် ညအိပ်ရပ်နားသည်။

ခရီးသည်များသည် ဧပြီ ၃၀ ရက် မွန်းလွဲပိုင်းတွင် ပြည်မြို့သို့ ရောက်ရှိသည်။ ပြည်မြို့တွင် ဆိုင်ကယ်ဖြင့် လှည့်လည် လည်ပတ်ကာ Mingalar Garden Resort တွင် ညအိပ်ရပ်နားကြသည်။

မေ ၁ ရက်က ပြည်မြို့မှ ပုဂံသို့ ဆက်လက်ထွက်ခွာကာ ပုဂံမြို့သစ်ရှိ Bawga Theiddhi Hotel တွင်လည်းကောင်း၊ မေ ၂ ရက် နံနက်ပိုင်းက ပုဂံမြို့တွင် လှည့်လည်လည်ပတ်ကာ မုံရွာမြို့သို့ ဆက်လက်ထွက်ခွာရာ Win Unity Hotel တွင် ညအိပ်ရပ်နားခဲ့ကြသည်။

ထို့နောက် ခရီးသည်များသည် မေ ၃ ရက်က မုံရွာမြို့မှ ကလေးမြို့သို့ ဆက်လက်ထွက်ခွာကာ ကလေးမြို့ Shing Hong Hotel တွင် ညအိပ်၍ မေ ၄ ရက်က ကလေးမြို့မှ တမူးမြို့သို့ ဆက်လက်ထွက်ခွာလာခဲ့ရာ တမူးမြို့သို့ ရောက်ရှိပြီး ၎င်းမှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ ဆက်လက် ထွက်ခွာသွားကြောင်း သိရသည်။

**(သတင်းစဉ်)**





## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၈**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၉၁၅၀၀ | - | ၆၉၁၅၀၀ |
| မန္တလေး | ရွှေဈေး | ၆၉၁၃၀၀ | - | ၆၉၁၃၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၇၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၉၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၀၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၃၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၈၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၁၅. ၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၇၄. ၀၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၂. ၂၀၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၉. ၇၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၈၃၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၀၁. ၃၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၈. ၇၇၀ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၅၂. ၈၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၁၀. ၆၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ဝင်ခွင့်ကြိုတက်ထားသူများ ကျိန်းသေအကျိုးများစေရမည်။ အင်္ဂလိပ်စာ 70000/- အပြီးဖြင့် စသင်မည် ။ ကျန်ဘာသာများ တရားဝင်ခေါ်ချိန်တွင်သင်မည် ။ ခုံနံပါတ်ပြည့်လျှင် လုံးဝ လက်ခံမည်မဟုတ်။ အချိန်စာရင်း ကို https://www.facebook.com/hantha.saya တွင်ကြည့်ပါ ။

UFL MA အဖြူလေး ဦးဟန်သာ အင်္ဂလိပ်စာ တက္ကသိုလ် ဆရာဟောင်း

since1984 အမှတ်၅(ခုလွှာ) ဦးထွန်းလင်းခြံလမ်း ၊ ကမာရွတ်လှည်းတန်း 095146452

ကြိုတင်ပြင်ဆင် အောင်ပွဲဝင် တက္ကသိုလ်ဝင်ခွင့်များ စသင်နေပါပြီ

The following multiplication example, including the answer, uses each number from 0 to 9 once and once only. Four of the numbers are filled in for you. Can you fill the missing digits? ( time allowed : two minutes )

```
      * 0 2
        3 *
  ---------
  * 5 * * *
```

၂၀၀၀ ခုနှစ်ကွန်ပျူတာတက္ကသိုလ်ဝင်ခွင့် သချာမေးခွန်းဟောင်း မေးခွန်းအပြည့်အစုံကို facebook တွင် add လုပ်ပြီးဝင်ကြည့်နိုင်သည်

လင်းယုန် မိုးကောင်းကင် အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး

■ ခရီးသွားမိတ်ဆွေပြည်သူများအတွက်...

ရန်ကုန်-မုံရွာ-အရာတော်-မုလဲ

ရန်ကုန်-ထားဝယ်-မြိတ် ခရီးစဉ်များနှင့်

■ အသစ်တိုးချဲ့ခရီးစဉ်များအဖြစ်...

ရန်ကုန်-မန္တလေး-ရန်ကုန်

ခရီးစဉ်သစ်ကို(၁၀-၅-၂၀၁၅)မှစတင်၍ SCANIA ကားသစ်ကြီးများဖြင့် ညစဉ်(၉း၀၀)နာရီပြေးဆွဲမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

က(၉/၁၀)၊ ပကွင်း၊ အောင်မင်္ဂလာအဝေးပြေး၊ ရန်ကုန်ဂိတ်။

ဖုန်း-01-704685, 637643, 637644, 09-5161881, 09-31092548, 09-73208028, (ဖွဲ့ဒါလပ်)-09-421074447

ပြည်တွင်းရေးရာ

# အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ်

**ရန်ကုန် မေ ၈**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းနှင့်အဖွဲ့သည် မြန်မာ-အမေရိကန်ကုန်သည်ကြီးများအသင်းနှင့် မေ ၆ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် နယူးယောက်မြို့ WYNDHAM GARDEN အဆောက်အအုံရှိ မြန်မာ-အမေရိကန်ကုန်သည်ကြီးများအသင်းရုံးချုပ်၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယကက မြန်မာနိုင်ငံ၌ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေပါကြောင်း၊ အမေရိကန် စီးပွားရေးလုပ်ငန်းများအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါကြောင်း၊ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်းမှတစ်ဆင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေမှာဖြစ်ကြောင်းဖြင့်ပြောကြားပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

(သတင်းစဉ်)



## Or;ajrmualuni; o0Pvmay;y

**နေပြည်တော် မေ ၉**

၂၀၁၅ ခုနှစ် မေ ၉ ရက်တွင် ကျရောက်သော (၆၅)နှစ်မြောက် ဥရောပနေ့ အထိမ်းအမှတ်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဥရောပသမဂ္ဂကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာ မူဝါဒအကြီးအကဲ၊ မစ္စ ဖယ်ဒရီကာ မောဂ်ဟာရီထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်နိုင်ငံ နယူးယောက်မြို့မှ ပြန်လည်ထွက်ခွာ



**ရန်ကုန် မေ ၈**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မေ ၆ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် နယူးယောက်မြို့ John F.Kennedy လေဆိပ်မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ လေဆိပ်၌ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်တင်နှင့် သံရုံးဝန်ထမ်းများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

၎င်းမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေ ၇ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၂၀ တွင် ရောက်ရှိကြပြီး မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ည ၁၀ နာရီ ၃၅ မိနစ်တွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးသင်တန်းအမှတ်စဉ် (၁/၂၀၁၅) ပိတ်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် မေ ၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကျင်းပသည့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းအမှတ်စဉ်(၁/၂၀၁၅) ပိတ်ပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက နှစ်ရက်တာသင်ကြားဆွေးနွေးခဲ့သော သင်ခန်းစာများအပေါ် မေးမြန်းချက်များအား ပြန်လည်ရှင်းလင်းခဲ့ပြီး ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးအား ဥပဒေနှင့်အညီ လွတ်လပ်မျှတပြီး ပွင့်လင်းမြင်သာမှုရှိသော ရွေးကောက်ပွဲဖြစ်အောင် ဆောင်ရွက်ရေးကို တိုက်တွန်းပြောကြားသည်။

ပိတ်ပွဲအခမ်းအနား ပြီးဆုံးပြီးနောက် ရွေးကောက်ပွဲတွင်ပြုလုပ်မည့် မဲရုံသရုပ်ပြမှုအား သင်တန်းသားများက ကြည့်ရှုလေ့လာကြသည်။ **(ဝဲပုံ)**

ထိုသို့သရုပ်ပြမှုတွင် မဲရုံခင်းကျင်းပုံ၊ မဲစာရင်းများနှင့် ကြိုတင်မဲပေးပြီးသူစာရင်းစသော ပုံစံများ ကြော်ငြာသင်ပုန်းတွင် ကပ်ထားသည်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများ ရှင်းလင်းပြောကြားခြင်း၊ မဲဆန္ဒရှင်များမှ သရုပ်ပြမဲပေးခြင်း၊ ပေးပြီးကြိုတင်ဆန္ဒမဲလက်မှတ်များ ရေတွက်ပုံ၊ မဲရုံတွင် ဆန္ဒပြုသော ဆန္ဒမဲလက်မှတ်များရေတွက်ပုံနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအလိုက် ရရှိသည့် ရလဒ်များအား ပုံစံ(၁၆) နှင့် ပုံစံ (၁၆-က)တို့တွင် စာရင်းရေးသွင်းခြင်း၊ ဆန္ဒမဲများအား ရေတွက်စာရင်းသွင်းပြီးနောက် ကြိုတင်ဆန္ဒမဲလက်မှတ်များ၊ မဲရုံတွင် ဆန္ဒပြုသောဆန္ဒမဲလက်မှတ်များ၊ ပယ်မဲများ၊ အသုံးမပြုဘဲ ကျန်ရှိသည့် ဆန္ဒမဲလက်မှတ်များ၊ မဲစာရင်းနှင့် မဲရလဒ်စာရင်းများ ထုပ်ပိုးသိမ်းဆည်းခြင်းစသည့် လုပ်ငန်းစဉ် အဆင့်ဆင့်အား သရုပ်ပြရှင်းလင်းခြင်းကို ပြုလုပ်ခဲ့ပြီး သင်တန်းသားများ၏ မေးမြန်းချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကျောက်မျက်ခိုးတူးသူများအား သေနတ်ဖြင့် ပစ်ခတ်ခြောက်လှန့်စဉ် ကုမ္ပဏီဝန်ထမ်းတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် မေ ၈**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် နမ့်မော်ကျေးရွာအနီးရှိ ကျောက်မျက်ကုမ္ပဏီ လုပ်ကွက်တစ်ခုအတွင်းသို့ မေ ၅ ရက် ည ၈ နာရီခန့်တွင် ကျောက်မျက်ခိုးတူးသူ ၄၀ ခန့် ရောက်ရှိလာပြီး မြေနေရာများအား အကွက်ရိုက် တူးဖော်နေသဖြင့် ကုမ္ပဏီမှ တာဝန်ခံများက သွားရောက် ပြောဆိုတားဆီးခဲ့သည်။

ထိုသို့ပြောဆိုတားဆီးသော်လည်း ကျောက်မျက် ခိုးတူးသူများက ပြန်လည်ရန်မူလာသဖြင့် ကုမ္ပဏီတာဝန်ခံက နယ်မြေလှည့်ကင်းဆောင်ရွက်နေသည့် တပ်မတော်လှုပ်ရှားအဖွဲ့နှင့်တွေ့ဆုံပြီး အကူအညီတောင်းခံသဖြင့် လှုပ်ရှားအဖွဲ့က ကူညီဖြေရှင်းပေးသော်လည်း ကျောက်ခိုးတူးသူများက ကျောက်ခဲများဖြင့် တပ်မတော်စစ်ကြောင်းအား ပစ်ပေါက်ရန်မူခဲ့သည်။

ထိုသို့ကျောက်ခဲများဖြင့် ပစ်ပေါက်ခြင်း၊ အုပ်စုဖွဲ့ရန်မူခြင်းနှင့် ညအချိန်ဖြစ်ခြင်း၊ နယ်မြေဒေသအခြေအနေများအရ လှုပ်ရှားအဖွဲ့က သေနတ်ဖြင့် ပစ်ခတ်ခြောက်လှန့်ခဲ့ရာ အနီးပတ်ဝန်းကျင်ရှိ ကျောက်မျက်ကုမ္ပဏီ၌ အလုပ်လုပ်ကိုင်သူ ဦးတင်ထွန်းကျော်(ခ)ရန်လုံတုံ(ဘ)ဦးမောင်အား ညာတင်ပါး လက်နက်ငယ် ကျည်တစ်ချက်ဖောက်ဝင် ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

ထိခိုက်ဒဏ်ရာ ရရှိခဲ့သော ဦးတင်ထွန်းကျော်အား ဖားကန့်ပြည်သူ့ဆေးရုံ၌ ရှေးဦးဆေးဝါးများကုသပေးပြီး မန္တလေးပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)

## ပြင်ဆင်ဖတ်ရှုပါရန်

မေ ၈ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၈ တွင် ဖော်ပြထားသော ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း၏ သတင်းပုံစာတွင် **"ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၅ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ် စုပေါင်းစခန်းဂုဏ်ပြုညစာစားပွဲတွင် ဘက်စုံပညာထူးချွန်လူငယ်များအား အမှတ်တရလက်ဆောင်များပေးအပ်စဉ်"** အစား **"၂၀၁၅ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ် စုပေါင်းစခန်းဂုဏ်ပြုညစာစားပွဲတွင် ဘက်စုံပညာထူးချွန်လူငယ်များက ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းအား အမှတ်တရလက်ဆောင်များပေးအပ်စဉ်"** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(သတင်းစဉ်)

# နှစ်နိုင်ငံ တပ်မတော် (လေ)အချင်းချင်း အတွေ့အကြုံများ အပြန်အလှန် မျှဝေဖလှယ်ရေးနှင့် နှစ်နိုင်ငံ ရေတပ်အချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

အစ္စလာမ်မာဘတ် မေ ၈

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မေ ၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ပါကစ္စတန်လေတပ်ဦးစီးချုပ် Air Chief Marshal Sohail Aman နှင့် ပါကစ္စတန် တပ်မတော် ကြည်းတပ်ဦးစီးချုပ်ရုံး၌ တွေ့ဆုံသည်။**

ထိုသို့ တွေ့ဆုံစဉ် လေ့ကျင့်ရေးပိုင်းဆိုင်ရာများ၌ ယခုထက်ပိုမိုပူးပေါင်းဆောင်ရွက်ရေးနှင့် သင်တန်းသားများ အပြန်အလှန်စေလွှတ်ရေး၊ နှစ်နိုင်ငံ တပ်မတော်(လေ)အချင်းချင်း အတွေ့အကြုံများ အပြန်အလှန် မျှဝေဖလှယ်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။**(အောက်ပုံ)**

ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ပါကစ္စတန်ရေတပ်ဦးစီးချုပ် Admiral Muhammad Zakaullah နှင့် ပါကစ္စတန် တပ်မတော်(ရေ)တပ်ဦးစီးချုပ်ရုံး၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ ရေတပ်အချင်းချင်း ပိုမို ပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ **(မြဝတီ)**





# နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် စီးပွားရေးကဏ္ဍကို တိုးမြှင့်ဆောင်ရွက်ပြီး နှစ်နိုင်ငံ ဆက်ဆံရေးပိုမိုတိုးမြှင့်အောင် ဆောင်ရွက်ရေးဆွေးနွေး

**အစ္စလာမ်မာဘတ် မေ ၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာနာဝပ်ရှရစ် အား မေ ၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် ပါကစ္စတန်သမ္မတရုံး၌ သွားရောက်တွေ့ဆုံသည်။**(အပေါ်ပုံ)**

ယင်းသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် စီးပွားရေးကဏ္ဍကို တိုးမြှင့်ဆောင်ရွက်ပြီး နှစ်နိုင်ငံ ဆက်ဆံရေးပိုမိုတိုးမြှင့်အောင် ဆောင်ရွက်သွားရေး၊ ကာကွယ်ရေးကဏ္ဍတွင်လည်း တပ်မတော်နှစ်ရပ်အကြား ပိုမိုပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(မြဝတီ)**

# မြန်မာအမျိုးသမီးဘောလုံးအသင်း ဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်ပြီ




ဩစတြေးလျ ယူ-၂၀ အသင်းနှင့် မြန်မာအမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်စဉ်။

ဗီယက်နမ်နိုင်ငံတွင်ကျင်းပလျက်ရှိသည့် ၂၀၁၅ အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းက ဩစတြေးလျ ယူ-၂၀ အသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ယူပြီး ဗိုလ်လုပွဲသို့တက်ရောက်သွားသည်။

မြန်မာအမျိုးသမီးအသင်းသည် အာရှထိပ်သီး ဩစတြေးလျယူ-၂၀ အသင်းကို ခြေစွမ်းပြပြီး ထိုက်ထိုက်တန်တန်အနိုင်ယူကာ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဩစတြေးလျယူ-၂၀ အသင်းကို ခြေစွမ်းအသာ၊ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့်ကစားနိုင်ခဲ့ပြီး ဒုတိယပိုင်းအစတွင်သွင်းယူခဲ့သော တစ်လုံးတည်းသောအနိုင်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် မလေးရှားနှင့် အုပ်စုပွဲ နောက်ဆုံးပွဲကတည်းက မှန်ကန်သည့်နည်းဗျူဟာကို ချမှတ်နိုင်ခဲ့ပြီး စန်းစန်းမော်၊ နော်အားလိုဝါးဖောနှင့် ခင်မိုးဝေတို့ကို အနားပေးထားခဲ့ခြင်းက ယခုပွဲတွင် အင်အားအပြည့်ကစားနိုင်ရန် ဖြစ်စေခဲ့သည်။ အုပ်စုတွင်း၌ နာမည်ကြီး ထိုင်းအသင်းအပါအဝင် ပြိုင်ဘက်အသင်းများကို ဂိုးပြတ်အနိုင်ရခဲ့သည့် ဩစတြေးလျ ယူ-၂၀ အသင်းမှာ အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာသည့် မြန်မာအသင်းကို ယှဉ်ကစားနိုင်ခြင်းမရှိခဲ့ပေ။ မြန်မာအသင်းမှာ ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များ ဖန်တီးနိုင်ခဲ့သော်လည်း ဘားတန်းထိထွက်ခြင်း၊ ဩစတြေးလျဂိုးသမား လက်စွမ်းပြကာကွယ်နိုင်ခဲ့ခြင်းတို့ကြောင့် ပထမပိုင်းတွင် ဂိုးမရခဲ့ပေ။

မြန်မာအသင်းမှာ ပထမပိုင်းတွင် ဂိုးမရခဲ့သော်လည်း ဒုတိယပိုင်း၌ ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ပြီး ဩစတြေးလျအသင်းဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ လက်စွမ်းပြနေသည့် ဩစတြေးလျဂိုးသမားမှာ ပွဲချိန် ၅၁ မိနစ်အရောက်တွင် ခင်မိုးဝေ၏ ညာတောင်ပံမှ ကန်သွင်းသော ဘောလုံးကို ကာကွယ်နိုင်ခြင်းမရှိဘဲ လက်မှလွတ်သွားခဲ့သည်။ ယင်းဘောလုံးကို ရီရီဦးက ပိတ်သွင်းရန်ကြိုးပမ်းရာ မထိသော်လည်း ဂိုးထဲဝင်သွားခဲ့သည်။ ဩစတြေးလျ ယူ-၂၀ အသင်း ချေပဂိုးရရန်ကြိုးပမ်းခဲ့သော်လည်း မြန်မာနောက်တန်းကို မကျော်နိုင်ခဲ့ပေ။

မြန်မာအမျိုးသမီး ဘောလုံးအသင်းသည် ယခုဆီမီးဖိုင်နယ်ပွဲတွင် အာရှထိပ်သီး ဩစတြေးလျအမျိုးသမီးဘောလုံးအသင်းနှင့် တွေ့ဆုံရာ၌ အနိုင်ရရှိရန် မလွယ်ကူဟု ခန့်မှန်းထားကြသော်လည်း လက်တွေ့တွင် အနိုင်ဂိုးကို ထိုက်ထိုက်တန်တန်သွင်းယူပြနိုင်ခဲ့သည်။

မြန်မာအသင်းအနေဖြင့် ထိပ်သီး ဩစတြေးလျအသင်းကို အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲသက်တမ်းတစ်လျှောက် ဆီမီးဖိုင်နယ်အဆင့်တွင် သုံးကြိမ်မြောက်တွေ့ဆုံခဲ့ရာတွင် ၂၀၀၈ ပြိုင်ပွဲတွင် ငါးဂိုး-တစ်ဂိုး၊ ၂၀၁၃ ပြိုင်ပွဲတွင် နှစ်ဂိုး -တစ်ဂိုးဖြင့် ဩစတြေးလျအမျိုးသမီးအသင်းကို ရှုံးနိမ့်ထားခဲ့သည်။

ယခုပွဲတွင် မြန်မာအသင်း အနိုင်ရခဲ့ခြင်းမှာ မှန်ကန်သည့်နည်းဗျူဟာချမှတ်နိုင်မှု၊ ကစားသမားများ၏ နိုင်လိုစိတ်ပြင်းထန်မှု၊ ဇွဲ၊ လုံ့လ အပြည့်တို့ဖြင့် ကြိုးပမ်းမှုတို့ကြောင့် အာရှထိပ်သီး ဩစတြေးလျအသင်းကို အနိုင်ယူနိုင်ခဲ့ကာ ယခင်ပြိုင်ပွဲ ဆီမီးပွဲစဉ်မှ ရှုံးကြွေးကိုပြန်ဆပ်နိုင်ခဲ့သည်။ ဗိုလ်လုပွဲကို မေ ၁၀ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအသင်းသည် ယခု အာဆီယံအမျိုးသမီးချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲတွင် ဗိုလ်လုပွဲအဆင့်သို့ ငါးကြိမ်မြောက် တက်ရောက်နိုင်ခြင်းဖြစ်ပြီး ပြီးခဲ့သည့် လေးကြိမ်တွင် ချန်ပီယံနှစ်ကြိမ်နှင့် ဒုတိယနှစ်ကြိမ်တို့ရရှိထားသည်။ ဩစတြေးလျအသင်းမှာ ယခုပြိုင်ပွဲကို ၂၀၀၈ ခုနှစ်မှ စတင်ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုံးနှစ်မှာပင် ချန်ပီယံဆုရရှိခဲ့သည်။

**(ဖိုးသော်ဇင်)**



**✻ ကျောဖုံးမှ**

၂၀၁၅ ခုနှစ် မေ ၅ ရက်က စီခမ်းကြီးဒေသ နန့်လင်းပါကျေးရွာအနီး ပတ်ဝန်းကျင်တစ်ဝိုက်တွင် တရားမဝင်သစ်များ စုပုံထားရှိကြောင်း သိရှိရသဖြင့် တပ်မတော်စစ်ကြောင်းများက သွားရောက်ရှင်းလင်းစဉ် ကေအိုင်ကေ (ကချင်) အဖွဲ့အချို့နှင့် ထိတွေ့မှုဖြစ်ပွားခဲ့ပြီး အဆိုပါပတ်ဝန်းကျင်အား ရှင်းလင်းရှာဖွေရာ အရှည် ကိုးပေခန့်ရှိ ကျွန်းသစ်လုံးဆိုဒ်စုံ အလုံး ၂၅၀၊ ကျွန်းသစ်ခွဲသား ဆိုဒ်စုံ တန် ၃၀ ခန့်၊ အင်ဂျင် ၂၅ ကောင်အား သစ်ခွဲစက် နှစ်လုံး၊ သစ်များတင်ဆောင်ထားသော တုန်ဖုန်း ခြောက် ဘီးယာဉ် တစ်စီး၊ သစ်ဆွဲယာဉ်နှစ်စီးနှင့် လုပ်သေနတ်တစ်လက်တို့ကို သိမ်းဆည်းရမိခဲ့သည်။

မေ ၇ ရက်က နန့်လင်းပါကျေးရွာအနီး ဆက်လက်ရှင်းလင်းခဲ့ရာ တရုတ်နိုင်ငံသား နှစ်ဦး၊ မြန်မာနိုင်ငံသား ငါးဦး**(ဝဲပုံ)**နှင့်အတူ အရှည် ကိုးပေရှိသော ကျွန်းသစ်ဆိုဒ်စုံ ၃၁ လုံး၊ သရီးကရောင်း ခြောက်ဘီးယာဉ်တစ်စီး၊ ၁၀ ဘီးယာဉ်နှစ်စီးတို့ကို ဖမ်းဆီးရမိခဲ့သည်။

စစ်ကြောင်းများက ဆက်လက်ရှင်းလင်းစဉ် နန့်လင်းပါကျေးရွာ အရှေ့မြောက်ဘက်ရှိ ပွိုင့်-၂၄၅ တောင်ကုန်းအရောက် ကေအိုင်အေ(ကချင်)အဖွဲ့တစ်ဖွဲ့နှင့် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ ထိတွေ့တိုက်ပွဲဖြစ်ပွားရာ လေကြောင်းပစ်ကူရယူ၍ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ပွိုင့်-၂၄၅ တောင်ကုန်းကို သိမ်းပိုက်ရရှိကြောင်း သိရသည်။

အလားတူ မေ ၇ ရက်က ဆဒုံးဒေသနှင့် ကန်တော်ယန်ဒေသအတွင်း တရားမဝင်သစ်များ စုပုံထားရှိကြောင်း သိရှိရသဖြင့် စစ်ကြောင်းများ သွားရောက်ရှင်းလင်းခဲ့ရာ ဘွန်တောင်ကျေးရွာအနီး၌ သစ်ကိုင်းများဖြင့် ဖုံးကွယ်စုပုံထားသော အရှည် ရှစ်ပေခန့်ရှိ သစ်လုံးဆိုဒ်စုံ ၈၀၀၊ ကန်တော်ယန်နှင့် ရင်ကွဲတောင်ကြား၌ အရှည် ၁၀ ပေခန့်ရှိသော သစ်လုံး ၁၆ လုံးတင်ဆောင်ထားသည့် ယမ်းဖောင်ကား တစ်စီး၊ သစ်လုံးမျိုးစုံ ရှစ်လုံး၊ ဒိုဇာယာဉ် နှစ်စီးတို့ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပါကစ္စတန်တပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များ ကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုကြိုဆို

**အစ္စလာမ်မာဘတ် မေ ၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပါကစ္စတန်တပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များ ကော်မတီ ဥက္ကဋ္ဌ General Rashad Mahmood က မေ ၇ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ပါကစ္စတန်နိုင်ငံ အစ္စလာမ်မာဘတ်မြို့၌ ဂုဏ်ပြုကြိုဆိုသည်။

ရှေးဦးစွာ နှစ်နိုင်ငံ တပ်မတော်ခေါင်းဆောင်များအား ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။**(အောက်ပုံ)**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များ၊ ပါကစ္စတန် ပူးတွဲစစ်ဦးစီးချုပ်များ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပူးတွဲစစ်ဦးစီးချုပ်များ ကော်မတီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ သံတမန်နှင့် စစ်ဘက်ဆိုင်ရာ ဆက်ဆံရေးတို့ကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံတပ်မတော်များ အပြန်အလှန်အတွေ့အကြုံဖလှယ်ပြီး ဆက်ဆံရေး ပိုမိုခိုင်မာအောင် ဆောင်ရွက်ရေး၊ သင်တန်းသားများ အပြန်အလှန်စေလွှတ်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယခုနှစ်သည် မြန်မာ - ပါကစ္စတန် နှစ်နိုင်ငံသံတမန်ဆက်ဆံမှု ၆၇ နှစ်၊ စစ်ဘက်ဆက်ဆံမှု ၆၃ နှစ်ပြည့်မြောက်သည့်နှစ်ဖြစ်ကြောင်း သိရှိရသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့အား ပါကစ္စတန် တပ်မတော် စစ်ဆင်ရေးနှင့် စီမံရေးဌာနက ပါကစ္စတန်၏ လုံခြုံရေးအမြင် (Security Perspective of Pakistan)နှင့် ပတ်သက်၍ ရှင်းလင်းပြသခဲ့သည်။

ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ပါကစ္စတန် တပ်မတော်ကြည်းတပ်ဦးစီးချုပ် General Raheel Sharif တို့သည် ပါကစ္စတန် တပ်မတော် ကြည်းတပ်ဦးစီးချုပ်ရုံး၌ တွေ့ဆုံကြသည်။

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပက်ရှ်ဝါ တပ်မတော် အထက်တန်းကျောင်း တိုက်ခိုက်ခံရမှုအတွက် စိတ်မကောင်းဖြစ်ရပါကြောင်း ပြောကြားပြီး ဒေသတွင်းနှင့် နိုင်ငံတွင်း အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် ပါကစ္စတန်တပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များ ကော်မတီဥက္ကဋ္ဌ General Rashad Mahmood က ၎င်း၏ အရာရှိစားရိပ်သာ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့အား ဂုဏ်ပြုညစာစားပွဲနှင့် တည်ခင်းဧည့်ခံခဲ့သည်။

**(မြဝတီ)**





# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေးဆွေးနွေး

**အစ္စလာမ်မာဘတ် မေ ၈**

ပါကစ္စတန်နိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေ ၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ပါကစ္စတန်သမ္မတ H.E. Mr. Mamnoon Hussain အား အစ္စလာမ်မာဘတ်မြို့ရှိ ပါကစ္စတန်သမ္မတရုံး၌ သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေး၊ ကုန်သွယ်မှုမြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အချင်းချင်း ချစ်ကြည်ရေးအတွက် အလွှာအသီးသီးမှ ခေါင်းဆောင်များ အပြန်အလှန်စေလွှတ်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ပြီး ပါကစ္စတန်သမ္မတကလည်း ၁၉၇၁ ခုနှစ်က ပါကစ္စတန်နိုင်ငံ အခက်အခဲဖြစ်စဉ် မြန်မာ နိုင်ငံက အကူအညီများပေးခဲ့သည့်အတွက် ကျေးဇူးတင် ရှိပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**(မြဝတီ)**

# ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးသင်တန်းဖွင့်

**ရန်ကုန် မေ ၈**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ်ရဲတပ်ဖွဲ့မှ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး အသိ ပညာပေးသင်တန်းကို မေ ၈ ရက် နံနက် ၇ နာရီခွဲက ဒေါပုံမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ဒေါပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြင့်ဝေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးစန်းကိုက မြို့နယ်အတွင်းမဲရုံတည်ရှိမှု၊ လူဦးရေနှင့် မဲရုံအရေအတွက်များ၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက်တတ်စေရန် ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစန်းမြိုင်က လုံခြုံရေးဆိုင်ရာများ ရှင်းလင်းပြောကြား၍ သင်တန်း တက်ရောက်လာသည့် သင်တန်းသား သင်တန်းသူများက ဆောင်ရွက်ရမည့် အခြေအနေများအား တင်ပြကြောင်း သိရသည်။

**အေးသန်း(ဒေါပုံ)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဒုတိယအဆင့် အခြေခံမဲဆန္ဒရှင်စာရင်း မေ ၂၅ ရက်တွင် ထုတ်ပြန်မည်

**ရန်ကုန် မေ ၈**

ရန်ကုန်တိုင်းဒေသကြီး၌ ဒုတိယအဆင့် အခြေခံမဲဆန္ဒရှင်စာရင်းများကို သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများ၌ မေ ၂၅ ရက်မှ ဇွန် ၇ ရက်အထိ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

အခြေခံမဲဆန္ဒရှင် စာရင်းပြုစုရာတွင် ပထမအဆင့်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူဦးရေနည်းပါးသည့် မြို့နယ် ၁၀ မြို့နယ်တွင် ၂၀၁၅ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၂ ရက်အထိ ထုတ်ပြန်ကြေညာခဲ့ပြီးနောက် လူဦးရေအများဆုံး ၁၄ မြို့နယ်အား ဒုတိယအဆင့်အနေဖြင့် ထပ်မံ ရွေးချယ်ထုတ်ပြန်ခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုက ပြောသည်။

လူဦးရေများပြားသည့် ဒဂုံမြို့သစ်တောင်ပိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ မြောက်ဥက္ကလာပ၊ သဃ်န်းကျွန်း၊ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ လှိုင်သာယာနှင့် ထန်းတပင်မြို့နယ်များတွင် အခြေခံမဲဆန္ဒရှင်စာရင်းများကို ဒုတိယအဆင့်အဖြစ် ထုတ်ပြန်ခြင်းဖြစ်သည်။

"အခုထုတ်ပြန်ပေးနေတဲ့ မဲစာရင်းက အခြေခံမဲဆန္ဒရှင်စာရင်းပဲရှိသေးတယ်။ မပြည့်စုံသေးဘူး။ တိတိကျကျ မဖြစ်သေးပါဘူး။ ဒါကြောင့်မဲစာရင်းကပ်ထားချိန်မှာ သွားကြည့်ကြပြီး ကိုယ့်နာမည် မပါရင် ပုံစံ (၃)နဲ့ တောင်းဆိုပါ။ ကိုယ့်ရဲ့အချက်အလက်တွေ မှားယွင်းနေလို့ရှိရင် ပုံစံ (၄- ဂ) နဲ့ ပြင်ဆင်ပေးဖို့ တောင်းဆိုပါ။ မဲစာရင်းမှာ(အမည်နှစ်နေရာမှာ ပါဝင်သူ၊ နိုင်ငံခြားသားအဖြစ်ခံယူထားသူ၊ အကျဉ်းကျနေသူ၊ သာသနာ့ဘောင်ဝင်ရောက်နေသူ၊ ကွယ်လွန်သူတွေလိုမျိုး) မပါသင့်တဲ့သူတွေ ပါနေလားဆိုတာ ကြည့်ပြီးပုံစံ (၄) နဲ့ ကန့်ကွက်ပါဆိုတဲ့ အလုပ်တွေကိုမဲပေးပိုင်ခွင့်ရှိတဲ့ ပြည်သူတွေအနေနဲ့လုပ်စေချင်လို့ မဲဆန္ဒရှင်ကို ကပ်ထားကြေညာတဲ့ မဲစာရင်းတွေကိုသွားရောက်ကြည့်စေချင်တာပါ။ ဒီလိုကြည့်မှလည်း ပိုမှန်ကန်ပြည့်စုံတဲ့ မဲစာရင်းကိုရမှာပါ" ဟု ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုက ပြောကြားသည်။

ဒုတိယအဆင့်အတွက် ပြင်ဆင်ချက်များဆောင်ရွက်ပေးရန် ကာလကို ဇွန် ၈ ရက်မှ ၁၄ ရက်အထိ သတ်မှတ်ထားကြောင်းသိရသည်။

ဒုတိယအဆင့် အခြေခံမဲဆန္ဒရှင်စာရင်းအား ပြည်သူများလာရောက်ကြည့်ရှုကြရန်အတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် ပညာပေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် မေ ၁၈ ရက်မှ ၂၄ ရက်အထိ တစ်ပတ်ကြာအချိန်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်ပေါင်း ၄၅ မြို့နယ်ရှိသည့်အနက် အခြေခံမဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ရာတွင် ပထမအဆင့်အနေဖြင့် ၁၀ မြို့နယ်၊ ဒုတိယအဆင့်အနေဖြင့် ၁၄ မြို့နယ်၊ တတိယအဆင့်အနေဖြင့် ၂၁ မြို့နယ်ဟူ၍ ခွဲခြားသတ်မှတ်ထားသည်။

တတိယအဆင့်သည်လက်ရှိတွင် အချက်အလက်များ ကွန်ပျူတာအတွင်းသို့ ထည့်သွင်းနေသည့်အဆင့်သို့ရောက်ရှိနေပြီး ဇွန်လတွင် အပြီးသတ်ဆောင်ရွက်ရန် ရည်မှန်းထားကြောင်းသိရသည်။ တတိယအဆင့်အဖြစ် သတ်မှတ်ထားသော မြို့နယ်များတွင် တာမွေ၊ တောင်ဥက္ကလာ၊ ဒဂုံမြို့သစ်ဆိပ်ကမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကင်း၊ သာကေတ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ပန်းပဲတန်း၊ ဗဟန်း၊ မရမ်းကုန်း၊ လှိုင်၊ အလုံ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒလ၊ ကိုကိုးကျွန်း၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီးတို့ပါဝင်သည်။

အခြေခံမဲဆန္ဒရှင်စာရင်းကောက်ယူခြင်းသည် ၂၀၁၅ ရွေးကောက်ပွဲကျင်းပရာ၌ ဆန္ဒမဲပေးကြရမည့် ပြည်သူများ၏ စာရင်းအားတိကျမှန်ကန်စွာ ရရှိနိုင်ရေးအတွက် ရွေးကောက်ပွဲ ကျင်းပမည့် ရက်၊ လ တို့အားအတိအကျ မကြေညာရသေးမီကာလ၌ ဆန္ဒမဲပေးနိုင်မည့် အသက်(၁၈)နှစ်ပြည့်ပြီးသူများအား ပုံစံ (၆၆/၆) အိမ်ထောင်စုစာရင်းကို မှီတည်ပြီး ဥပဒေနှင့် ညီ၊ မညီစစ်ဆေးကာ သတ်မှတ်ထားသည့် ပုံစံ (၁) တွင် မဲဆန္ဒရှင် အမည်စာရင်း ထည့်သွင်းခြင်းဖြစ်သည်။ ရရှိလာသည့် အမည်စာရင်းများအား သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ ကွန်ပျူတာအတွင်းသို့ အချက်အလက် ထည့်သွင်းပြီးနောက် ၁၄ ရက်ကြာ ရပ်ကွက်နှင့် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများ၌ ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။ **(သတင်း-မြတ်သန္တာမောင်၊ ဓာတ်ပုံ- သတင်းစဉ်)**



၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲတွင် ဆန္ဒမဲလက်မှတ် ထုတ်ယူနေစဉ်။

# ကလိုရင်းဆေးအကြောင်း နားလည်မှသာ အကျိုး၊ အပြစ်ကို သိရှိပြီး အကျိုးရှိစွာ အသုံးပြုနိုင်မည်

သစ်ပင်ချစ်(Env Eng)

ရေသန့်စင်ရာတွင် အဆင့်များစွာ ရှိပေသည်။ ရေသန့်စင်ရခြင်း၏ အဓိက အကြောင်းအရင်းသည် ပိုးမွှားများဖယ်ရှားရန်နှင့် အဆိပ်သင့်ဓာတုပစ္စည်းများကို ဖယ်ရှားခြင်းသည် အဓိကရည်ရွယ်ချက်ဖြစ်သည်။ မြစ်ရေ၊ ချောင်းရေ၊ ဆည်ရေတို့ကို သန့်စင်ရာတွင် သာမန်အနည်းကျ ရေစစ်နည်းစနစ်ကို အသုံးပြုသည်။ ၎င်းနည်းစနစ်တွင် အနည်ကျဆေးရည်ခတ်ခြင်း(Coagulation)၊ အနည်များပေါင်းစည်းစေခြင်း(Flocculation)၊ အနည်ကျစေခြင်း(Sedimentation)၊ ရေစစ်ခြင်း (Filtration)နှင့် ပိုးသတ်ခြင်း (Disinfection၊ ကလိုရင်းဆေးခတ်ခြင်း) တို့ဖြစ်သည်။

အနည်ကျဆေးရေခတ်ခြင်းသည် ရေတွင်းရှိ အမှုန်အမွှားများ သယ်ဆောင်ထားသည့် ဓာတ်ကို ပြယ်စေကာ အနည်များ ပေါင်းစည်းစေခြင်းသည် ၎င်းအမှုန်အမွှားများကို ပူးကပ်ပေါင်းစည်းစေသည်။ ထို့နောက် ၎င်းပူးကပ်သွားသည့် အမှုန်အမွှားများ၊ ပိုးမွှားများကို မြေဆွဲအားဖြင့် အနည်ကျစေကာ ရေသန့်စင်ခြင်းကို ဖြစ်စေသည်။

နောက်ဆုံးအဆင့် ပိုးသတ်ခြင်းကို အဓိကရည်ရွယ်ချက်နှစ်ချက်ဖြင့် လုပ်ဆောင်သည်။ ပထမအချက်သည် ပိုးမွှားများကို သတ်ရန်ဖြစ်ကာ ဒုတိယအချက်သည် သောက်သုံးရေဖြန့်ဖြူးရာတွင် သန့်စင်ပြီးသည့်ရေတွင် ဓာတ်ကြွင်းကျန်စေရန်နှင့် ရေဖြန့်ဝေပေးရာတွင် ပိုးမွှားပေါက်ပွားရှင်သန်ခြင်းမဖြစ်ရန်အတွက် ဖြစ်ပေသည်။

ပိုးမွှားအများစုသည် အနည်ကျဆေးရည်ခတ်ခြင်း၊ အနည်များ ပေါင်းစည်းစေခြင်း၊ အနည်ကျစေခြင်း၊ ရေစစ်ခြင်းအဆင့်တွင် ၉၉~၉၉ ဒသမ ၉ ရာခိုင်နှုန်းထိ ဖယ်ရှားသည်။ ပိုးသတ်ခြင်း အဓိကရည်ရွယ်ချက်သည် ရေကြောင့်ဖြစ်စေသည့် ရောဂါများကို ကာကွယ်ပေးရန်ဖြစ်သည်။ အများစုပိုးသတ်ရာတွင် အသုံးပြုသည့်အရာများသည် ကလိုရင်း၊ ကလိုရာမိုင်း၊ အိုဇုန်း၊ ကလိုရင်းဒိုင်အောက်ဆိုက်နှင့် UV (ယူဗွီ)နည်းတို့ဖြစ်သည်။

သို့သော် ၎င်းပိုးသတ်ခြင်းနည်းတွင် အသုံးပြုသည့် ကလိုရင်းဆေးသည် ရေတွင်ပါရှိသည့် အခြားအော်ဂဲနစ်ပစ္စည်း (Nautral Organic Matters, Humic and Fulvic acid)၊ အင်အော်ဂဲနစ်ပစ္စည်းများနှင့် ဓာတ်ပြုကာ ဓာတ်ပစ္စည်းများ ပြောင်းလဲစွန့်ထုတ်ဓာတ်ပြုခြင်း (Disinfection byproducts, DBPs)များကို ဖြစ်စေသည်။

ပိုးသတ်ဆေးအများစုကို ဓာတ်တိုးပစ္စည်းအဖြစ် အရောင်၊ အနံ့၊ အရသာ၊ ရေတွင်းဇီဝကြီးထွားခြင်း၊ သံဓာတ်၊ မဂ္ဂမ်နီနှင့် အခြားအော်ဂဲနစ်ပစ္စည်းနှင့် အင်အော်ဂဲနစ်ပစ္စည်းများကို ထိန်းချုပ်ရန်အတွက် အသုံးပြုသည်။ ၎င်းဖြစ်စဉ်သည် ကနဦး ဓာတ်တိုးခြင်းဖြစ်စဉ်နှင့် ကနဦး ကလိုရင်းခတ်ခြင်းဖြစ်စဉ်အတွက် ကလိုရင်းကို အသုံးပြုခြင်းဖြစ်သည်။ ဓာတ်တိုးခြင်းဖြစ်စဉ်ကြောင့် ဘေးထွက်ဓာတ်ပစ္စည်းများ ပြောင်းလဲ စွန့်ထုတ်ဓာတ်ပြုခြင်းများကို ဖြစ်စေသည်။

ထရိုင်ဟေလိုမီသိန်း (Trihalomethanes,THMs) နှင့် ဟေလိုအဆစ်တစ်အက်စစ်(Haloacetic acids, HHAs) ဓာတ်ပစ္စည်းနှစ်ခုသည် ကလိုရင်းဆေးခတ်ရာမှ ဖြစ်ပေါ်လာသည့် ကင်ဆာဖြစ်စေနိုင်သည့် ဘေးထွက်ဓာတ်ပစ္စည်းများဓာတ်ပြုပြောင်းလဲစွန့်ထုတ်ဓာတ်ပြုခြင်းဆိုင်ရာ ဓာတ်ပစ္စည်းများဖြစ်သည်။

ကလိုရင်းဆေးကို သောက်သုံးရေအတွင်း အချိန်အဆမမှန် တွက်ချက်အသုံးပြုခြင်းမရှိသည့် ရလဒ်အနေဖြင့် သောက်သုံးရေတွင် ကလိုရိုဖောင်း ပါဝင်ခြင်းကို မြင့်တက်စေကာ အရေပြားဆိုင်ရာရောဂါများ၊ ဆီးအိမ်ကင်ဆာ၊ အူလမ်းကြောင်းကင်ဆာများကို ဖြစ်စေသည်။

အချိန်အဆမမှန်ကန်သည့် ကလိုရင်းဆေးခတ်ခြင်းဖြင့် ရေတွင်ပါရှိသည့် အခြားဓာတ်ပစ္စည်းများဓာတ်ပြုကာ ကလိုရင်းဆေးဘေးထွက်ဓာတ်ပစ္စည်းများ ဓာတ်ပြုပြောင်းလဲစွန့်ထုတ်ဓာတ်ပြုခြင်းကြောင့် ၁၉၉၂ခုနှစ်

**ကလိုရင်းပမာဏများပြားပါက ဘေးထွက်ဓာတ်ပစ္စည်းများ ဓာတ်ပြုပြောင်းလဲစွန့်ထုတ်ဓာတ်ပြုခြင်း (Disinfection byproducts, DBPs) ကို ဖြစ်စေနိုင်သလို ချိုးရေအဖြစ် အသုံးပြုပါက အရေပြားလောင်ကျွမ်းခြင်းကို ဖြစ်စေနိုင်။**

လေ့လာမှုစစ်တမ်းများအရ ကိုးရာခိုင်နှုန်းသည် ဆီးလမ်းကြောင်းနှင့် ဆီးအိမ်ကင်ဆာ၊ ၁၅ရာခိုင်နှုန်းသည် အူလမ်းကြောင်းကင်ဆာကို ဖြစ်စေနိုင်ကြောင်း ရလဒ်များထွက်ပေါ်လာသည်။ Trihalomethanes (ထရိုင်ဟေလိုမီသိန်း- ကလိုရင်းဆေးနှင့် ရေတွင်ပါရှိသည့် ဓာတ်ပစ္စည်းများ ဓာတ်ပြုကာ ကင်ဆာဖြစ်စေသည့် ဓာတ်ပစ္စည်းများ)သည် သောက်သုံးရေ သောက်သုံးသူကို ဘေးဥပဒ်ဖြစ်ပေါ်စေသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းကြီး (Environmental Protection Agency, EPA)သည် ကလိုရင်းဆေးခတ်ရာမှ ဖြစ်ပေါ်လာသည့်သောက်သုံးရေတွင် ဘေးထွက်ဓာတ်ပစ္စည်းများဓာတ်ပြုပြောင်းလဲစွန့်ထုတ်ဓာတ်ပြုခြင်းကြောင့် ကင်ဆာဖြစ်နိုင်သည့် ပမာဏမြင့်တက်လာသည်ဟု ဖော်ပြထားသည်။

ထိုသို့ ကင်ဆာဖြစ်စေနိုင်သည့် အကြောင်းအရင်းများကြောင့် သန့်စင်ပြီးရေတွင် ကလိုရင်းပါဝင်မှုပမာဏကို ကန့်သတ်ထိန်းချုပ်ထားသည်။ Total Trihalomethanes(စုစုပေါင်း ထရိုင်ဟေလိုမီသိန်း)ပါဝင်မှုကို အများဆုံး ၁၀၀μg/Lဟု သတ်မှတ်ကာ ပိုးသတ်ဆေးရည်နှင့် ဘေးထွက်ဓာတ်ပစ္စည်းများဓာတ်ပြုပြောင်းလဲစွန့်ထုတ်ဓာတ်ပြုခြင်းဆိုင်ရာ Trihalomethanes (ထရိုင်ဟေလိုမီသိန်း) လေးမျိုးကို အများဆုံးပါဝင်မှု ပမာဏကို ၈၀μg/L ဟုလည်းကောင်း၊ ဟေလိုအက်ဆစ်တစ်အက်စစ် (Haloacetic acids, HHAs)ငါးမျိုး အများဆုံးပါဝင်မှုပမာဏကို ၆၀μg/L ဟု လည်းကောင်း၊ ဘရိုမိတ် (Bromate)အများဆုံးပါဝင်မှုပမာဏကို ၁၀μ/L လည်းကောင်း၊ ကလိုရိုက် အများဆုံးပါဝင်မှုပမာဏကို 1mg/L လည်းကောင်း ကန့်သတ်ထားသည်။

လက်ရှိမြန်မာနိုင်ငံတွင် လည်ပတ်အသုံးပြုနေသော ရေသန့်စင်သည့် နည်းပညာသည် အနှေးကျရေစစ်သည့် နည်းပညာဖြစ်သည်။ ကလိုရင်းဆေးခတ်သည့်အခါတွင်လည်း ရေပေးဝေသည့် ရပ်ကွက်အကွာအဝေးကိုလည်းကောင်း၊ ကလိုရင်းဆေးကို ရေတွင်ထိန်းသိမ်းထားရမည့်အချိန်( Retention Time)ကို လည်းကောင်း ဂရုပြုရမည်ဖြစ်သလို အလွန်အရေးကြီးသည့်အချက်သည် ကလိုရင်းခတ်ရမည့် ပမာဏကို သေချာချိန်ဆ တွက်ချက်ခြင်းသည် အခြေခံအချက်များဖြစ်ပေသည်။

အကယ်၍ ကလိုရင်းပမာဏကို လိုအပ်သည် ထက်ပိုခတ်မိသည့်အခါ ကြွင်းကျန်ရစ်သော ကလိုရင်းဓာတ်သည် လူကို ဘေးအန္တရာယ် ဖြစ်စေသည်။ ထို့အတူ အနှေးကျရေသန့်စင်သည့်အဆင့် တိုင်းတွင်လည်း သေချာစွာ ရေအရည်အသွေးကို စဉ်ဆက်မပြတ် တိုင်းတာစစ်ဆေးနေရပေမည်။

ရေအတွင်း အမိုးနီးယား၊ နိုက်ထရိတ် ပါဝင်မှု ပမာဏများနေပါ က ကလိုရင်းဆေးခတ်လိုက်သည့်အခါ ၎င်း ဓာတ်ပစ္စည်းများနှင့် ဓာတ်ပြုကာ ကင်ဆာဖြစ်စေသည့် ဘေးထွက်ဓာတ်ပစ္စည်းများ ဓာတ်ပြုပြောင်းလဲစွန့်ထုတ်ဓာတ်ပြုခြင်းများကို ပြောင်းလဲဖြစ်ပေါ်စေကာ သောက်သုံးသူကိုမလွဲ မသွေကင်ဆာရောဂါ အမျိုးမျိုးကို ဖြစ်စေပေမည်။

ယနေ့ကာလတွင် ရေပေးဝေရေးဌာနဆိုင်ရာများသည် ကလိုရင်းဆေးကြောင့် သံချေးစားခြင်း၊ ပိုက်များပျက်စီးခြင်းတို့ဖြစ်ပေါ်သဖြင့် ရေအတွင်းကလိုရင်းဆေးခတ်သည့် လုပ်ဆောင်ချက်ကို လုပ်ဆောင်ခြင်းမရှိတော့ချေ။ ထို့ကြောင့် ရေပေးဝေရေးဌာနများမှ ဖြန့်ဖြူးပေးနေသောရေများသည် ကလိုရင်းဆေးမခတ်ဘဲ ဖြန့်ဖြူးပေးဆောင်နေသည့်အတွက် ရေကြောင့်ဖြစ်စေနိုင်သည့်၊ ဝမ်းရောဂါဖြစ်သည့် ပိုးများရှင်သန်စေကာ သောက်သုံးသူကို ကျန်းမာရေးဆိုင်ရာ ချို့ယွင်းစေသည့် အချက်ဖြစ်စေသည်။

ထို့အတူ မြစ်ရေ၊ ချောင်းရေ၊ ဆည်ရေများကို သန့်စင်ခြင်းမရှိဘဲ ကလိုရင်းဆေးခတ်ကာ သောက်သုံးရေအဖြစ် အသုံးပြုပါက မလွဲမသွေ ကင်ဆာဖြစ်နိုင်ခြေများနေပေမည်။ အဘယ်ကြောင့်ဆိုသော် ၎င်းရေများအတွင်းတွင် အမိုးနီးယား၊ နိုက်ထရိတ်၊ Humic and Fulvic acid ပါဝင်မှု များပြားမြင့်တက်နိုင်သည့်အတွက်ကြောင့် ကလိုရင်းဆေးကို လက်လွတ်စပယ် အသုံးပြုရန်မသင့်ပေ။ ကလိုရင်းဆေးပမာဏ၊ ရေနှင့် ထိတွေ့ထားမည့်အချိန်၊ အကွာအဝေး စသည်များကို သေချာစွာ သုတေသနလုပ်ဆောင်ကာ စနစ်တကျအသုံးပြုတတ်ရပေမည်။

အချို့သည် ကလိုရင်းဆေး များများခတ်လျှင် ပိုကောင်းသည်ဟူသော ယုံကြည်ချက်ရှိသည်။ မည်သည့် အရာမဆို လိုအပ်သည်ထက်ပိုသွားပါက လူ ကို ဘေးဖြစ်စေမည်မှာ အမှန်ဖြစ်ပေသည်။ ရေဘယ်နှလီတာတွင် မည်မျှခတ်ရမည်၊ မည်မျှကြာအောင်ရေနှင့် ထိတွေ့ပြီးမှ အသုံးပြုရမည်၊ အကွာအဝေး အရှည်ကို လိုက်ကာ ကလိုရင်းဓာတ်ပျောက်ကွယ်သွားနိုင်သည့် အမှတ်(Points)များကို သတ်မှတ်ကာ ၎င်းအမှတ်များတွင် ထပ်မံကလိုရင်းဆေးခတ်ခြင်းအားဖြင့် ထိရောက်မှုရှိပေမည်။

ကလိုရင်း ပမာဏများပြားပါက ဘေးထွက်ဓာတ်ပစ္စည်းများ ဓာတ်ပြုပြောင်းလဲစွန့်ထုတ်ဓာတ်ပြုခြင်းကို ဖြစ်စေနိုင်သလို ချိုးရေအဖြစ် အသုံးပြုပါက အရေပြားလောင်ကျွမ်းခြင်းကို ဖြစ်စေနိုင်ပေမည်။

ကလိုရင်းခတ်သည့် နည်းလမ်းသည် ရေသန့်စင်သည့်နည်းလမ်းတွင် သာမန်နည်းပညာတစ်ခုဖြစ်ပေသည်။ ယနေ့တိုးတက်လာသည့် နည်းပညာများကြောင့် ကလိုရင်းဆေးအစား အိုဇုန်း($O_3$)နှင့်ယူဗွီ(UV)ကို အစားထိုးသုံးစွဲလာကြသည်။ အကြောင်းမှာမူ ၎င်းကလိုရင်းဆေး၏ ဘေးထွက်ဆိုးကျိုးများပြားခြင်းကြောင့်ဖြစ်ပေသည်။

သို့သော် အဆင့်မြင့်ရေသန့်စင်သည့် နည်းပညာတွင် Membranes (အဆင့်မြင့်ရေစစ်များ)ကို အသုံးပြုသည့် အဆင့်မြင့်ရေစစ်များမှာ (၁) ရေစစ်အပေါက်အရွယ်အစား ၀.၀၅~ ၁၀ μm ရှိသော ရေစစ်သည် Microfiltration, MF ရေစစ်ဖြစ်ကာ (၂) ရေစစ်အပေါက်အရွယ်အစား ၀.၀၀၁~ ၀.၀၅ μm ရှိသော ရေစစ်သည် Ultrafitration, UF ရေစစ် (၃) ရေစစ်အပေါက်အရွယ်အစား <၂.၀nm ရှိသော ရေစစ်သည့် Nanofiltra-tion,NF ရေစစ် (၄) ရေစစ်အပေါက်အရွယ်အစား <၁.၀ nm ရှိသော ရေစစ်သည် Reverse Osomosis, RO ရေစစ်(၅)ရေစစ်အပေါက်အရွယ်အစား MW< ၂၀၀ရှိသော ရေစစ်သည့် Electrodialysis, ED ရေစစ် စသဖြင့် အမျိုးမျိုးရှိသည်။

၎င်းအဆင့်မြင့်ရေစစ်များသည် အချိန်ကုန်သက်သာကာ အနှေးကျရေစစ်နည်းလမ်းထက် များစွာပို၍ထိရောက်မှုရှိသည်။ သို့သော် ထိန်းသိမ်းမှုအပိုင်းကို စနစ်တကျလုပ်ဆောင်ရန် အလွန်အရေးကြီးလှပေသည်။ စနစ်တကျ ရေအရည်အသွေးစစ်ဆေးတိုင်းတာမှုမပြုလုပ်ပါက သောက်သုံးသူအတွက် အန္တရာယ်အလွန်ကြီးမားပေသည်။

အဆင့်မြင့် ရေစစ်များသည် ဖိအားကို အသုံးပြုကာ ရေသန့်စင်သည့်အတွက်ကြောင့် ရေစစ်မျက်နှာပြင်များသည် ပေါက်ပြဲကွဲထွက်ကာ ၎င်းရေစစ်မျက်နှာပြင်တွင် ပိတ်နေသည့် အညစ်အကြေးများကို ရေတွင် ပျော်ဝင်စေကာကနဦး ပင်မရေထက် ရေအရည်အသွေး နိမ့်ကျစေနိုင်သည်။ ရေစစ်မျက်နှာပြင်ပိတ်ဆို့ခြင်း (Membrane Fouling)ကို စနစ်တကျ ဖြေရှင်းနိုင်ပါက ရေအရည်အသွေးသည် နိမ့်ကျသွားမည် မဟုတ်ချေ။

ပိုးသတ်သည့်အဆင့်တွင် ကလိုရင်းအစား အိုဇုန်းကို အသုံးပြုသည်။ အိုဇုန်းဓာတ်သည် ရေအတွင်းပါရှိသည့် ပိုးမွှားများကို သတ်ရာတွင် အသုံးပြုကာ အကယ်၍ ရေသည် သန့်စင်သင့်သလောက် မသန့်စင်ဘဲ အနည်၊ အမှုန်အမွှားများပါရှိပါက ၎င်းအနည်၊ အမှုန်အမွှားများသည် အိုဇုန်း ဓာတ်နှင့် ဓာတ်ပြုကာ ကင်ဆာဖြစ်စေနိုင်သည့် ဓာတ်ကိုပြောင်းလဲစေသည်။ ထို့အတူ ပိုးမွှားများသည်လည်း ၎င်းအမှုန်အမွှားများကို အကာအကွယ်ယူကာ အိုဇုန်းဓာတ်ကို အန်တုနိုင်ကြသည်။ နောက်ဆုံး ၎င်းရေကို သောက်သုံးသူများသည် ငွေကုန်၊ လူပန်းဖြစ်ရပေသည်။

မှိုလိုပေါ်များနေသည့် ရေသန့်များစွာ ထွက်ရှိနေသော်လည်း စနစ်ကျသော ရေအရည်အသွေး စစ်ဆေးခြင်းမရှိသလို တစ်ခါတစ်ရံတွင်ရေသန့်ဘူးများအတွင်း အမှုန်များရေတွင်ပါရှိနေသည်ကို တွေ့မြင်နိုင်ပေမည်။ အနီးအနားရှိ နာမည်ကြီးသည့်ရေသန့်၊ နာမည်မကြီးသည့်ရေသန့်ဘူးများကို လှုပ်ခါကြည့်လိုက်ပါက အမှုန်အမွှားများ ကူးလူးနေကြပေမည်။

ရေတွင်ရှိ ပိုးမွှားများကို သတ်ရာတွင် ကလိုရင်းဆေးခတ်၍သော်လည်းကောင်း၊ အိုဇုန်းကို အသုံးပြု၍သော်လည်းကောင်း၊ မည်သည့် နည်းလမ်းကိုမဆို အသုံးပြုနိုင်သော်လည်း စနစ်တကျ ကိုင်တွယ်ဖြေရှင်းရန်လိုအပ်ပေသည်။ ကလိုရင်းဆေးများ အကြောင်းကို လူတိုင်းနားလည်သဘောပေါက်မှသာ ၎င်း၏အကျိုးအပြစ်များကို ကောင်းစွာ သိရှိကာ အကျိုးရှိရှိ ထိထိမိမိအသုံးပြုနိုင်မည် ဖြစ်ပေသည်။ ။

## လှိုင်သာယာ၌ အခွန်ဆိုင်ရာ ဥပဒေရှင်းလင်း

**လှိုင်သာယာ မေ ၈**

၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ(၃၉)အရ အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ အခွန်ပေးဆောင်လာစေရေးအတွက် အခွန်ပညာပေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ မေ ၆ ရက် မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးခန်းမ၌ စားသောက်ဆိုင်၊ ဟိုတယ်၊ တည်းခိုခန်းများနှင့်စပ်လျဉ်းသည့် အခွန်ဆိုင်ရာ ဥပဒေရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားသို့ ဖိတ်ကြားထားသည့် စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ဟိုတယ်၊ တည်းခိုခန်းလုပ်ငန်းရှင်များ တက်ရောက်ကြပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးစိုးမိုးနိုင်က အခွန်ဆိုင်ရာဥပဒေများနှင့် အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**

# ပြည်သူလူထုက ချစ်ခင်အားကိုးရသည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များဖြစ်ရန် ကြိုးပမ်းအားထုတ်

နေပြည်တော် မေ ၈



**ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားနှင့် မြို့နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံးဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် တက်ရောက်အမှာစကားပြောကြားသည်။**(အောက်ယာပုံ)

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်တို့မှ ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအား ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင် ၄၆၀ က စစ်ကြောင်းပုံဖြင့် အလေးပြုကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ၁၈၅၉ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံသား ဟင်နရီဒူးနန့်သည် ပြင်သစ်ဧကရာဇ် တတိယမြောက် နပိုလီယံထံသွားရောက်စဉ် ဆိုဖာရီနိုအရပ်၌ ပြင်သစ်-အီတလီတပ်များနှင့် ဩစတြီးယားတပ်တို့အကြား စစ်ဖြစ်ပွားခဲ့သည့် အနိဋ္ဌာရုံကို မျက်မြင်တွေ့ကြုံခဲ့ရပြီး ထိခိုက်ဒဏ်ရာရရှိသည့် စစ်သည်များကို တတ်စွမ်းသမျှကူညီပြုစုစောင့်ရှောက်ခဲ့ကြောင်း၊ ၎င်းအနေဖြင့် နေရပ်သို့ ပြန်ရောက်သည့်အချိန် "ဆိုဖာရီနိုအောက်မေ့ဖွယ်"အမည်နှင့် စာအုပ်ရေးသားထုတ်ဝေခဲ့ကြောင်း၊ အဆိုပါစာအုပ်တွင် စစ်ဖြစ်ပွားချိန် နိုင်ငံတိုင်း၌ ဒဏ်ရာရသူများကို ပြုစုစောင့်ရှောက်ရန်အတွက် စေတနာ့ဝန်ထမ်းများကို ဖွဲ့စည်းရန်နှင့် ၎င်းစေတနာ့ဝန်ထမ်းများကို အကာအကွယ်ပေးရန်အတွက် နိုင်ငံများ၏သဘောတူညီချက် ရယူရန်ဆိုသည့်အချက်နှစ်ချက်ကို ထည့်သွင်းအဆိုပြုခဲ့ပါကြောင်း။

၁၈၆၃ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း၊ ၁၈၆၄ ခုနှစ်တွင် စာအုပ်ပါ အဆိုပြုချက်ကို ပထမဂျီနီဗာညီလာခံ သဘောတူညီချက်တွင် လက်ခံအတည်ပြုခဲ့ကြောင်း။

၁၉၄၈ ခုနှစ် မေ ၈ ရက်တွင် ကမ္ဘာ့ကြက်ခြေနီနေ့ကို စတင်ကျင်းပခဲ့ပါကြောင်း၊ ဒုတိယကမ္ဘာစစ်ကြီး၏ အနိဋ္ဌာရုံအား ကောင်းမှုကုသိုလ်ဣဋ္ဌာရုံတစ်ခုအဖြစ် ချေပလိုသည့်အတွက် ကမ္ဘာ့ကြက်ခြေနီနေ့ကို စတင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်တွင် ပြည်သူအများစုသည် ကမ္ဘာ့ကြက်ခြေနီနေ့ကို သွေးလှူဒါန်း၍ ဂုဏ်ပြုလေ့ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားကို မေ ၈ ရက် ရောက်တိုင်း ဂုဏ်ပြုကျင်းပလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် ၁၉၂၀ ပြည့်နှစ်ကတည်းက အိန္ဒိယနိုင်ငံ ကြက်ခြေနီ၏ အဖွဲ့ခွဲတစ်ခုအဖြစ် စတင်ခဲ့ပါကြောင်း၊ နိုင်ငံတကာကြက်ခြေနီအသင်းက မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ၁၉၃၉ ခုနှစ်တွင် အသိအမှတ်ပြုခဲ့ပါကြောင်း၊ လွတ်လပ်ရေးရပြီး ၁၉၅၉ ခုနှစ်တွင် မြန်မာနိုင်ငံကြက်ခြေနီ အက်ဥပဒေပြဋ္ဌာန်းခဲ့ပြီး ကြက်ခြေနီလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များသည် ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်ဆိုသည့် ကြက်ခြေနီတပ်ဖွဲ့၏ ရည်ရွယ်ချက်နှင့်အညီ ဒုက္ခအခက်အခဲရောက်နေသူ၊ ထိခိုက်ဒဏ်ရာရနေသူ စသည့်အကူအညီလိုအပ်နေသည့် မည်သူမဆို လူမျိုးမရွေး၊ ဘာသာမရွေး၊ အယူတ်အလတ်အမြတ်မရွေး၊ အရွယ်မရွေး၊ အချိန်မရွေး၊ နေရာမရွေး ကယ်တင်ကူညီဆောင်ရွက်ခဲ့ကြပါကြောင်း၊ မြန်မာ့ကြက်ခြေနီတပ်ဖွဲ့ သမိုင်းတစ်လျှောက်တွင် စွန့်လွှတ်စွန့်စားပြီး ကိုယ်ကျိုးစွန့်အနစ်နာခံပြီး ကူညီခဲ့၊ ကယ်တင်စောင့်ရှောက်ခဲ့ကြသည့် ဖြစ်စဉ်များ အမြောက်အမြား တွေ့ရှိခဲ့ရမှာဖြစ်ပါကြောင်း။

အဆိုပါဖြစ်စဉ်များထဲမှ ကမ္ဘာ့သမိုင်း၊ ကမ္ဘာ့ကြက်ခြေနီသမိုင်းဝင်ဖြစ်စဉ်တစ်ခုမှာ ၁၉၇၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်နေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ခတ်ချိုကျေးရွာအနီး တပ်မတော်ယာဉ်တစ်စီး ဧရာဝတီမြစ်အတွင်း ထိုးကျတိမ်းမှောက်ခဲ့ကြောင်း၊ ထိုအချိန်တွင် ကြက်ခြေနီအဖွဲ့ဝင်တစ်ဦးဖြစ်သည့် စိုင်းအောင်လှိုင်မြင့်က မြစ်အတွင်း ယာဉ်နှင့်အတူ ရေနစ်နေသည့် ယာဉ်မောင်း ရဲဘော်ခင်မောင်အေးကို ရေခဲတမျှအေးနေသည့် ဧရာဝတီမြစ်အတွင်းဆင်း၍ သက်စွန့်ဆံဖျားကယ်တင်ကာ ရှေးဦးသူနာပြုစုပေးခြင်းဖြင့် ရဲဘော်ခင်မောင်အေး၏ အသက်ကို ကယ်တင်နိုင်ခဲ့ကြောင်း။

အဆိုပါဖြစ်စဉ်အတွက် ၁၉၇၇ ခုနှစ် ရိုမေးနီးယားနိုင်ငံ ဘူခါရက်မြို့တွင် ကျင်းပသည့် (၂၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီညီလာခံတွင် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင် စိုင်းအောင်လှိုင်မြင့်အား ဟင်နရီဒူးနန့်ဆုတံဆိပ်ချီးမြှင့်ခဲ့ပါကြောင်း၊ ထိုအချိန်က ကမ္ဘာပေါ်တွင် ဟင်နရီဒူးနန့်ဆုတံဆိပ် ရရှိထားသူ ၁၈ ဦးသာရှိခဲ့ပြီး အသက် (၂၁) နှစ်သာရှိသေးသည့် စိုင်းအောင်လှိုင်မြင့်သည် အသက်အငယ်ဆုံး ဆုတံဆိပ်ရရှိခဲ့သူအဖြစ် မှတ်တမ်းတင်ခြင်းခံခဲ့ရကြောင်း၊ ကြက်ခြေနီတပ်ဖွဲ့ဝင်တစ်ဦးထားရှိရမည့် စွန့်လွှတ်အနစ်နာခံစိတ်နှင့် လူ့အသက်ကို သက်စွန့်ဆံဖျားကယ်တင်နိုင်ခဲ့သည့်အတွက် ချီးမြှင့်ခံခဲ့ရခြင်းဖြစ်ပါကြောင်း။

အလားတူ မကြာသေးမီက ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်ခရိုင်တွင် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ ဆောင်ရွက်ချက်များကို ဂုဏ်ယူလေးစားဖွယ်ရာအဖြစ် ပြည်သူလူထုတစ်ရပ်လုံးက အသိအမှတ်ပြုခဲ့ကြပါကြောင်း၊ ဖေဖော်ဝါရီ ၁၇ ရက်တွင် လောက်ကိုင်တိုက်ပွဲရှောင်ပြည်သူများအား ကြက်ခြေနီအလံလွှင့်ထူထားသည့် မော်တော်ယာဉ်များနှင့် ကြက်ခြေနီဝတ်စုံဝတ်ဆင်ပြီး သွားရောက်ကူညီကယ်ဆယ်နေစဉ် သောင်းကျန်းသူများ ပစ်ခတ်မှုကြောင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအပါအဝင် ပြည်သူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြပါကြောင်း၊ ၎င်းတို့အထဲမှ ကြက်ခြေနီတပ်ဖွဲ့ဝင် ဦးမိုးကျော်သန်းသည် ရရှိသည့်ဒဏ်ရာနှင့် ကွယ်လွန်သွားခဲ့ပါကြောင်း။

ကြက်ခြေနီတပ်ဖွဲ့ဝင် ဦးမိုးကျော်သန်းအပါအဝင် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ စွန့်လွှတ်စွန့်စားအနစ်နာခံပြီး ဒုက္ခရောက်နေသည့် ပြည်သူများကို ကယ်ဆယ်ကူညီခဲ့သည့် ဆောင်ရွက်မှုများသည် စံထားရမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့များသည် လူမှုကရုဏာလုပ်ငန်းများကို မွန်မြတ်သည့်စိတ်ထားနှင့် အသက်ကိုပင်စွန့်လွှတ်ပြီး ဆောင်ရွက်နေကြခြင်းဖြစ်သည်ကို နိုင်ငံတကာက သိရှိနိုင်ကြပြီဖြစ်ပါကြောင်း။

ထိုသို့မွန်မြတ်သည့်နှလုံးသားနှင့် ဘေးဒုက္ခအန္တရာယ်ကြုံတွေ့နေသူများ၊ ထိခိုက်ဒဏ်ရာရရှိနေသူများနှင့် အကူအညီလိုအပ်နေသူများအား ကူညီကယ်ဆယ်စောင့်ရှောက်နိုင်ရန်အတွက် ရမည်းသင်းမြို့၌ ၁၉၆၅ ခုနှစ်တွင် ကြက်ခြေနီအဖွဲ့ကို ဥက္ကဋ္ဌ၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး၊ အမှုဆောင်အဖွဲ့ဝင် ၁၀ ဦးနှင့် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ယခုရာသက်ပန်အသင်းဝင် ၃၅ ဦး၊ သာမန်အသင်းဝင် ၆၄ ဦးရှိပြီး ကြက်ခြေနီတပ်ခွဲ နှစ်ခွဲကို တပ်ဖွဲ့ဝင် ၂၃၀ ဖြင့် ဖွဲ့စည်းဆောင်ရွက်နေသည်ကိုလည်း သိရှိပြီးဖြစ်ပါကြောင်း၊ ပျော်ဘွယ်မြို့နယ်တွင်လည်း အလားတူ ၁၉၆၅ ခုနှစ်တွင် ကြက်ခြေနီအဖွဲ့ကို ဥက္ကဋ္ဌ၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး၊ အမှုဆောင်အဖွဲ့ဝင် ၁၀ ဦးနှင့် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ရာသက်ပန်အသင်းဝင် ကိုးဦးရှိပြီး ကြက်ခြေနီတပ်ခွဲ လေးခွဲကို တပ်ဖွဲ့ဝင် ၄၆၀ နှင့် ဖွဲ့စည်းဆောင်ရွက်နေသည်ကို တွေ့ရပါကြောင်း။

၂၀၁၄ ခုနှစ်အတွင်းတွင်လည်း ရှေးဦးသူနာပြုစုခြင်း အခြေခံသင်တန်းများကို မြို့နယ်အလိုက်ဖွင့်လှစ်ခဲ့ပြီး ကြက်ခြေနီတပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အရှိန်အဟုန်ကောင်းများကို စတင်မြင်တွေ့နေရပြီဖြစ်ပါကြောင်း၊ ဆက်လက်၍ ကြက်ခြေနီလုပ်ငန်းများကို တစ်ဆင့်ပြီးတစ်ဆင့် မြှင့်တင်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ပြည်သူလူထုက ချစ်ခင်အားကိုးရသည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များဖြစ်ရန် ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်တွင်ရှိသည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအနေဖြင့် ၂၀၁၅ ခုနှစ် မေ ၈ ရက် ကမ္ဘာ့ကြက်ခြေနီနေ့၏ "လူမှုကရုဏာစွမ်းအား၊ အခြေခံမူအရလှုပ်ရှား" (Power of Humanity: The Fundamental Principles in Action)ဆိုသည့် ဆောင်ပုဒ်နှင့်အညီ သဘာဝဘေးဒုက္ခရင်ဆိုင်နေရသူများ၊ အကူအညီလိုအပ်နေသူများ၊ မတော်တဆထိခိုက်မှုအန္တရာယ်ကြုံတွေ့နေရသူများအား လူမျိုးဘာသာမရွေး၊ အဆင့်အတန်းမရွေး၊ အချိန်မရွေး၊ နေရာမရွေး ကူညီကယ်ဆယ်စောင့်ရှောက်ရန် အသင့်ဖြစ်နေသည့် မွန်မြတ်သည့်နှလုံးသားပိုင်ရှင်များ၊ ကရုဏာရှင်များဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ပျော်ဘွယ်မြို့နယ် ကြက်ခြေနီ အမျိုးသမီးတပ်ခွဲနှင့် ရမည်းသင်းမြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များက သူနာပြုစွမ်းရည်နှင့် အရေးပေါ်ပြုစုနည်းစွမ်းရည်များ သရုပ်ပြတင်ဆက်မှုကို ကြည့်ရှုအားပေးသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ရမည်းသင်းမြို့နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီရုံးအဆောက်အအုံအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ ရမည်းသင်းခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်ဆရာဝန်ကြီး ဒေါက်တာမိုးမြင့်ဝင်းနှင့် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းတို့နှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကော်မတီရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ကော်မတီရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြက်ခြေနီတပ်ဖွဲ့ဝင်များ ဖွဲ့စည်းဆောင်ရွက်ရာတွင် ခရိုင်တစ်ခုလုံးရှိ ကျေးရွာအားလုံး ပါဝင်ဖွဲ့စည်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထို့အတူ ကျေးရွာများသို့ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို ကြက်ခြေနီတပ်ဖွဲ့ဝင်များအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် စေတနာ့ဝန်ထမ်း ကရုဏာရှင်များဖြစ်သည့်အားလျော်စွာ စွမ်းရည်မြင့်မားစေရေးအတွက် အစဉ်သဖြင့် လေ့ကျင့်ခြင်း၊ လှုပ်ရှားခြင်းများ ပြုလုပ်ကြရန် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

## မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် လူမှုအဖွဲ့အစည်းများ၊ မီဒီယာများတွေ့ဆုံ

**ပေါင် မေ ၈**

မွန်ပြည်နယ် ပေါင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် လူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာများ တွေ့ဆုံဆွေးနွေးပွဲကို မေ ၅ ရက် နံနက် ၁၀ နာရီက မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ရွေးကောက်ပွဲတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဟိဏ်းလင်းထက်က မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ မဲစာရင်းများဆောင်ရွက်ထားရှိမှု၊ လူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာများအနေဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ပူးပေါင်းပြီး ရွေးကောက်ပွဲလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ပြီး ဝိုင်းဝန်းကူညီဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးမြင့်အောင်က မဲစာရင်းပြုစုမှု၊ နယ်မြေသတ်မှတ်ခြင်း၊ နယ်မြေခွဲဝေခြင်း၊ မဲရုံများတည်ဆောက်ထားရှိမှုနှင့် ရှေ့လုပ်ငန်းစဉ်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသည့် လူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာများမှ သိလိုသည်များ မေးမြန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**


## ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဗိုလ်ကြီးရွှေကို(ငြိမ်း)-ဒေါ်လေးခိုင်တို့၏သားကြီး

ဗိုလ်ကြီးအောင်ဖြိုးဟိန်း **B.C.Sc (D.S.A)**

နှင့်

တောင်ငူမြို့နေ ဦးကျော်ကျော်မင်း-ဒေါ်ခင်သက်နွယ်တို့၏သမီးကြီး

မအိန္ဒြာမိုလာမင်း **B.E (Civil) (CB Bank)**

တို့သည် ၈-၅-၂၀၁၅ ရက် (သောကြာနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိပုဂ္ဂိုလ်များ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးအောင်ဖြိုးဟိန်း-မအိန္ဒြာမိုလာမင်း




## ပြည်တွင်းရေးရာ

❐ ရှေ့ဖုံးမှ

ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ရှမ်းပြည်နယ်ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိရေးအတွက် ရေတိုရေရှည်ဆောင်ရွက်နေမှု၊ ကျိုင်းတုံဒေသ လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ပေးသွားမည့် အစီအမံများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီနည်းစနစ်များဖြင့် ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ကုန်သွယ်မှုတိုးမြှင့်နိုင်ရန်အတွက် နယ်စပ်ကုန်သွယ်ရေးစခန်းများ တိုးမြှင့်ဖွင့်လှစ်နိုင်မှု၊ အနာဂတ်တွင် ကုန်သွယ်မှုလုပ်ငန်းများ ယခုထက် ပိုမိုမြှင့်တင်နိုင်ရန် ဆောင်ရွက်သွားမည့် အစီအမံများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် နယ်စပ်ဒေသများ တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက မှာကြားရာတွင် အစိုးရအဖွဲ့အနေဖြင့် ပြည်သူ့ဆန္ဒနှစ်ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ ဒီမိုကရေစီအတွေ့အကြုံနှင့် ဒီမိုကရေစီအလေ့အကျင့်နည်းပါးသည့် မိမိတို့နိုင်ငံတွင် စနစ်တစ်ခုမှ စနစ်တစ်ခုသို့ ပြောင်းလဲရာ၌ သတိကြီးစွာထားပြီး အဆင့်ဆင့် ဆောင်ရွက်ခဲ့ရပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်သည့်အတွက် မိမိတို့နှင့် တစ်ချိန်တည်းနီးပါး ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို ဆောင်ရွက်ခဲ့သည့် အရှေ့အလယ်ပိုင်းနိုင်ငံများ၌ စစ်ပွဲများ၊ ပဋိပက္ခများနှင့် ကြုံတွေ့နေရပြီး နိုင်ငံများ ပြိုကွဲလုနီးပါးဖြစ်နေချိန်တွင် မြန်မာနိုင်ငံ၌ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို ညင်သာချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မိမိတို့အစိုးရ တာဝန်ယူပြီးနောက်ပိုင်း နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ မြှင့်တင်ရေးတို့ကို ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုတွင် နိုင်ငံရေးအဖွဲ့အစည်းများ တည်ငြိမ်အေးချမ်းမှ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် နိုင်ငံသားတိုင်း ပါဝင်ခွင့်ရနိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့အပြင် မိမိတို့အစိုးရအနေဖြင့် ပြည်သူလူထု၏ လိုချင်တောင့်တဆုံးဖြစ်သည့် ငြိမ်းချမ်းရေးရရှိရန် အစိုးရတာဝန်ယူပြီး (၃)လအကြာတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေး စတင်ကမ်းလှမ်းခဲ့ပါကြောင်း၊ မိမိတို့အားလုံးနှင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံးသည် မတူကွဲပြားမှုများရှိသော်လည်း တိုင်းပြည်ကိုချစ်သည့်စိတ်ဓာတ်မှာ တူညီပါကြောင်း၊ သို့ဖြစ်၍ ယခုဆိုလျှင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် လက်ဆွဲနှုတ်ဆက်နိုင်ရုံသာမက စားပွဲဝိုင်း၌ပင် ဆွေးနွေးနိုင်ပြီဖြစ်ပါကြောင်း၊ ယခုအချိန်တွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးမူကြမ်းကို သဘောတူညီပြီးဖြစ်ရာ မကြာမီတွင် လက်မှတ်ရေးထိုးနိုင်တော့မည်ဖြစ်ပါကြောင်း၊ အပစ်အခတ်ရပ်စဲပြီး နောက်ပိုင်းတွင် ထာဝရငြိမ်းချမ်းရေးရရှိအောင် နိုင်ငံရေးဆွေးနွေးပွဲများ ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

စီးပွားရေးပြုပြင်ပြောင်းလဲမှုကဏ္ဍတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးအတွက် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ဖော်ဆောင်ပေးခဲ့ပါကြောင်း၊ သဘာဝသယံဇာတများကို ထိရောက်စွာအသုံးချနိုင်ရန်အတွက် နည်းပညာ၊ အရင်းအနှီးနှင့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်ပါကြောင်း။

ယခုဆိုလျှင် လူတိုင်းနီးပါး မိုဘိုင်းဖုန်းများ ကိုင်တွယ်နိုင်ပြီဖြစ်သည့်အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများကို အကျိုးပြုနိုင်ပါကြောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသကို လျှပ်စစ်မီးရရှိအောင် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ လျှပ်စစ်မီးရရှိပါက စက်ရုံအလုပ်ရုံများ ပေါ်ထွက်လာပြီး အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း။

ကျိုင်းတုံဒေသသည် ငြိမ်းချမ်းနေပြီဖြစ်သည့်အတွက် ကျိုင်းတုံ-တာချီလိတ် ကားလမ်းမှာလည်း ကောင်းမွန်နေပြီး ရာသီမရွေး သွားလာနိုင်ပြီဖြစ်ပါကြောင်း၊ ကျိုင်းတုံဒေသတွင် တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တို့လည်း ရှိနေပြီဖြစ်ပါကြောင်း၊ ကျန်းမာရေး စောင့်ရှောက်မှုတွင်လည်း ခုတင်(၂၀၀) ဆေးရုံရှိနေပြီဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည်မှာ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရန် လိုအပ်ပါကြောင်း၊ ဒေသစွဲ၊ လူမျိုးစွဲများကြောင့် ပြည်တွင်းပဋိပက္ခများ နှစ်ပေါင်း(၆၀)ကျော် ဖြစ်ပွားခဲ့သည့်အတွက် ဒေသစွဲ၊ လူမျိုးစွဲကင်းစင်သည့် စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ် မွေးမြူသွားကြရန် လိုအပ်ပါကြောင်းဖြင့် မှာကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ကျိုင်းတုံကွန်ပျူတာတက္ကသိုလ်နှင့် ကျိုင်းတုံနည်းပညာတက္ကသိုလ်သို့ သွားရောက်ခဲ့ပြီး ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက ဆရာ ဆရာမများအား ကျောင်းသား ကျောင်းသူများကို အတတ်ပညာ ကျွမ်းကျင်သော၊ ကိုယ်ကျင့်တရား ကောင်းမွန်သော၊ စည်းကမ်းကောင်းသော၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ် (ပြည်ထောင်စုစိတ်ဓာတ်) ရှိသော ဘက်စုံထူးချွန်သူများဖြစ်အောင် လေ့ကျင့်သင်ကြားပေးရေးတို့ကို မှာကြားခဲ့ပြီး ဆရာ ဆရာမများ၏ လိုအပ်သော အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျိုင်းတုံမြို့တော်ခန်းမ၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံအမှာစကား ပြောကြားစဉ်။ (ပြန်/ဆက်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျိုင်းတုံကွန်ပျူတာတက္ကသိုလ်တွင် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (ပြန်/ဆက်)

## ၂၀၁၅ ခုနှစ် ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာ

**နေပြည်တော် မေ ၈**

နေပြည်တော် စုပေါင်းစခန်းသို့ ရောက်ရှိနေသော ၂၀၁၅ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ်များသည် ယနေ့နံနက်ပိုင်းက သက်ဆိုင်ရာ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာသွားကြသည်။

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့မှ ကြီးကြပ်အုပ်ချုပ်သူများနှင့် ဘက်စုံပညာထူးချွန် ကျောင်းသားကျောင်းသူများသည် ယနေ့နံနက် ၁ နာရီတွင် ရန်ကုန်-မန္တလေး အမှတ်(၅) အဆန်ရထားဖြင့် လည်းကောင်း၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ကြီးကြပ်အုပ်ချုပ်သူများနှင့် ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက် ၈ နာရီက နေပြည်တော်-ရန်ကုန် အမှတ်(၃၂)အစုန်ရထားဖြင့် လည်းကောင်း နေပြည်တော်ဘူတာကြီးမှ ပြန်လည်ထွက်ခွာသွားကြရာ ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်၊ အခြေခံပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်သန်းဦး၊ နေပြည်တော် ကောင်စီနယ်မြေ ပညာရေးညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော ဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲကြပ်မတ်လျက်ရှိပါသည်။

၂။ ဈေးကွက်ရှိ ဆေးဝါးများကို ပုံမှန်စစ်ဆေးဆောင်ရွက်ချက်အရ Henan Dekang Pharmaceutical Co,.Ltd. ထုတ် Gentamycin Sulfate Injection (80000 units/2ml) နှင့် Beverly Henan Pharmaceutical Co.,Ltd. ထုတ် Gentamicin Sulfate Injection(80000 units/2ml) ထိုးဆေးနှစ်မျိုးသည် ဆေးဝါးအတုဖြစ်နေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ ထိုဆေးဝါးနှစ်မျိုးမှာ မြန်မာနိုင်ငံတွင် ဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိကြောင်း အသိပေးအပ်ပါသည်။

၃။ ဆေးဝါးအတု၊ စံမညီဆေးဝါးများကို မှီဝဲသော ရောဂါဝေဒနာရှင်များသည် စရိတ်များစွာ ကုန်ကျသည့်အပြင် မိမိတို့ခံစားနေရသော ရောဂါများ ပျောက်ကင်းခြင်း(လုံးဝ)မရှိဘဲ ပိုမိုဆိုးရွားသော အခြေအနေခံစားရမည်ဖြစ်ပါသည်။ သို့ပါ၍ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့်ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝ(လုံးဝ) မပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါး ဥပဒေပုဒ်မ (၁၈) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တိုင်းရင်းသားအဖွဲ့သုံးဖွဲ့မှ ခေါင်းဆောင်များနှင့် သီးခြားစီတွေ့ဆုံ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အမြန်ဆုံးလက်မှတ်ရေးထိုးနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည်

**ကျိုင်းတုံ မေ ၈**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် 'ဝ' အထူးဒေသ(၂)မှ ဦးပေါက်ယူရှိ ဦးဆောင်သည့်အဖွဲ့အား လည်းကောင်း၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် (RCSS/SSA)ဥက္ကဋ္ဌ ဦးရွက်ဆစ် ဦးဆောင်သောအဖွဲ့အားလည်းကောင်း၊ မိုင်းလားအထူးဒေသ(၄)ဥက္ကဋ္ဌ ဦးစိုင်းလင်း ဦးဆောင်သောအဖွဲ့အားလည်းကောင်း ကျိုင်းတုံမြို့ ရွှေတြိဂံရိပ်သာ၌ သီးခြားစီတွေ့ဆုံခဲ့သည်။

ထိုကဲ့သို့တွေ့ဆုံရာတွင် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။ ယခုဆွေးနွေးပွဲတွင် တိုင်းရင်းသားအဖွဲ့သုံးဖွဲ့မှ ခေါင်းဆောင်များက နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထောက်ခံကြောင်း၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အမြန်ဆုံးလက်မှတ်ရေးထိုးနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံအတည်ပြုပြောကြားသည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် 'ဝ' အထူးဒေသ(၂)မှ ဦးပေါက်ယူရှိ ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

(ပြန်/ဆက်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် 'ဝ' အထူးဒေသ(၂)မှ ဦးပေါက်ယူရှိအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(ပြန်/ဆက်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA)ဥက္ကဋ္ဌ ဦးရွက်ဆစ် ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

(ပြန်/ဆက်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA)ဥက္ကဋ္ဌ ဦးရွက်ဆစ်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(ပြန်/ဆက်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိုင်းလားအထူးဒေသ(၄)ဥက္ကဋ္ဌ ဦးစိုင်းလင်း ဦးဆောင်သောအဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

(ပြန်/ဆက်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိုင်းလားအထူးဒေသ(၄)ဥက္ကဋ္ဌ ဦးစိုင်းလင်းအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(ပြန်/ဆက်)

# ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်းလုပ်ငန်းသဘောတူစာချုပ် ၂၀၁၅ ခုနှစ် ဇွန်လအတွင်း ချုပ်ဆိုနိုင်ရန် ဆောင်ရွက်သွားမည်



**ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်။** (ဓာတ်ပုံ-အငယ်လေး)

**အင်တာဗျူး**
**မြတ်သန္တာမောင်**

**(ယမန်နေ့မှ အဆက်)**

**မေး။ ဒါဆိုရင် အီတာလျံ-ထိုင်းကုမ္ပဏီဘက်က ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှာ မူဘောင်သဘောတူစာချုပ်ကို ရပ်ဆိုင်းပြီးတဲ့အချိန်ထိ ဘယ်လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါသလဲ။**

ဖြေ။ အီတာလျံ - ထိုင်းကုမ္ပဏီလီမိတက်ဟာ ၂၀၁၀ နိုဝင်ဘာလကနေ ၂၀၁၃ နိုဝင်ဘာလအထိ သုံးနှစ်တာကာလအတွင်းမှာ ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းတွေကတော့ ထားဝယ်အထူးစီးပွားရေးဇုန်ကနေ မြန်မာ-ထိုင်းနယ်စပ်အထိ ၁၃၈ ကီလိုမီတာအရှည်ရှိတဲ့ မြေသားကားလမ်းကို ဖောက်လုပ်ခဲ့ပါတယ်။ ထားဝယ်အထူးစီးပွားရေးဇုန်အစပ်နားမှာရှိတဲ့ ပန်းတင်အင်းချောင်းအဝမှာ ကုန်တန်ချိန်တစ်သောင်းခွဲလောက် တင်ဆောင်နိုင်တဲ့ ပင်လယ်ကူးသင်္ဘောတွေ ဆိုက်ကပ်နိုင်တဲ့ ဆိပ်ကမ်းငယ်(Small Port)ကိုလည်း ဆောက်လုပ်ခဲ့ပါတယ်။ နောက် မြေနေရာအကွက်ချတာတွေ၊ ညှိရိပ်သာနဲ့ ပြခန်း၊ လုပ်ငန်းနေရာ ဆောက်လုပ်ခြင်း၊ စီမံကိန်း ဧရိယာအတွင်းမှ ပြောင်းရွှေ့ရမယ့် အိမ်ထောင်စုတွေ နေထိုင်ရမယ့် ပထမအဆင့်အိမ် ၄၈၄ လုံးကို တည်ဆောက်ခဲ့တယ်။ အခြားသောအကြိုအင်ဂျင်နီယာလုပ်ငန်းတွေကိုလည်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

**မေး။ ဂျပန်နိုင်ငံက ထားဝယ်အထူးစီးပွားရေးဇုန်မှာ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်မယ်လို့ သတင်းတွေ ထွက်ပေါ်နေပါတယ်။ ဒီတော့ ထားဝယ်အထူးစီးပွားရေးဇုန်မှာ ဂျပန်နိုင်ငံက ဘယ်လို အခန်းကဏ္ဍကနေ ပါဝင်နေပါသလဲ။**

ဖြေ။ ကနဦးစီမံကိန်း စတင်ဖို့ ကျွန်တော်တို့ Selective Bidding ခေါ်ယူတဲ့အခါမှာ အီတာလျံ - ထိုင်း ဦးဆောင်တဲ့ Consortium (အကျိုးတူကိစ္စအတွက် နိုင်ငံများ၊ ကုမ္ပဏီများ၊ ဘဏ်လုပ်ငန်းများ စသည့်ယာယီပူးပေါင်းထားသော အဖွဲ့အစည်း)နဲ့ ဂျပန်နိုင်ငံက စီးပွားရေး၊ ကုန်သွယ်ရေး၊ စက်မှုဝန်ကြီးဌာနတို့ ဦးဆောင်တဲ့ ဂျပန်ကုမ္ပဏီအဖွဲ့တွေကို ကျွန်တော်တို့ တင်ဒါတွေခေါ်ယူခဲ့ပါတယ်။ ဒီလိုခေါ်ယူရာမှာ ဂျပန်နိုင်ငံက လုပ်ငန်းတင်ဒါ မတင်သွင်းဘဲနဲ့ အဆိုပြုချက်၊ သဘောထားမှတ်ချက်ကိုပဲ ပြန်ကြားလာပါတယ်။ ဒီပြန်ကြားချက်မှာ ဂျပန်နိုင်ငံရဲ့ အဖွဲ့အစည်းများနဲ့ ပုဂ္ဂလိကကုမ္ပဏီများဟာ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကို စိတ်ဝင်စားမှုရှိပြီး ဒီစီမံကိန်းဟာ မြန်မာနိုင်ငံနဲ့ ဒေသတွင်းနိုင်ငံများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးသာမက မဲခေါင်ဒေသနိုင်ငံများရဲ့ သွင်းကုန်၊ ထုတ်ကုန်အချက်အချာနေရာတစ်ခု ဖြစ်လာနိုင်တဲ့အကြောင်း၊ ဂျပန်နိုင်ငံအနေနဲ့ ပုဂ္ဂလိကကုမ္ပဏီများနဲ့ စီးပွားရေးလုပ်ငန်းများက စီမံကိန်းရဲ့အချက်အလက်တွေ ပိုမိုသိရှိဖို့အတွက် သုတေသနလုပ်ငန်းသုံးခုကို ဆောင်ရွက်ပြီး စီမံကိန်းရဲ့ ဖြစ်နိုင်ခြေရှိမှုတွေကို စိစစ်သွားမယ်ဆိုတာကို အကြောင်းပြန်ကြားပြီး သုတေသနလုပ်ငန်းသုံးခုကို ဆောင်ရွက်ပါတယ်။

၂၀၁၃ ခုနှစ် ဇွန်လကနေစပြီးတော့ ဂျပန်-မြန်မာ-ထိုင်း သုံးပွင့်ဆိုင်အစည်းအဝေး၊ မြန်မာ-ဂျပန် နှစ်ဖက်ညှိနှိုင်းအစည်းအဝေးတွေကို အကြိမ်ပေါင်းများစွာ ဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိမှာ ဂျပန်နိုင်ငံအနေနဲ့ ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းနဲ့ပတ်သက်ပြီး စိတ်ဝင်စားမှုတွေ အများကြီးရှိနေပါတယ်။



**စီမံကိန်းလုပ်ငန်းခွင်အား တွေ့ရစဉ်။** (ဓာတ်ပုံ-ထားဝယ် SEZ စီမံခန့်ခွဲမှုကော်မတီ)

ဂျပန်ဘက်က ထိုင်းနိုင်ငံနဲ့ ဆက်သွယ်ပြီးတော့ ဆောင်ရွက်နေတာတွေလည်း အများကြီးရှိပါတယ်။ ဂျပန်နိုင်ငံအနေနဲ့ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းနဲ့ ပတ်သက်တဲ့ Master Plan (မဟာဗျူဟာစီမံကိန်း) ရေးဆွဲနေတာရှိပါတယ်။ ဒါကို ထိုင်းနိုင်ငံဘက်က အိမ်နီးချင်းနိုင်ငံများနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (NEDA) ကနေပြီးတော့ ရေးဆွဲနေတာဖြစ်ပါတယ်။ ဒီကိစ္စကို ဂျပန်နိုင်ငံဘက်က အကူအညီပေးမယ်လို့ ကတိပေးထားပါတယ်။ အဲဒါအပြင် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်မှာလည်း ဂျပန်နိုင်ငံအနေနဲ့ အကြံဉာဏ်ပေးခြင်းနဲ့ အထောက်အကူပြုခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ပေးပါမယ်။ ထားဝယ်အထူးစီးပွားရေးဇုန်ကနေ ထိုင်း-မြန်မာနယ်စပ်ကို အခုကတော့ နှစ်လမ်းသွားကားလမ်း ဖောက်လုပ်ဖို့ရှိပါတယ်။ ဒါပြီးရင် နောက်ပိုင်းမှာ အဝေးပြေးလမ်းမကြီးဆောင်ရွက်ပါမယ်။ ဒီအခါမှာ ဂျပန်နိုင်ငံက အထောက်အကူပြုနိုင်ဖို့အတွက် ဖြစ်နိုင်ခြေရှိတဲ့လေ့လာမှုတွေကို ဆောင်ရွက်ပေးမယ်လို့ ကတိပြုထားပါတယ်။ ဂျပန်နိုင်ငံအနေနဲ့ ကနဦးစီမံကိန်းထက် လုပ်ငန်းကြီးတွေအများကြီးပါတဲ့ ပင်မစီမံကိန်းကြီးမှာ ပါဝင်ဆောင်ရွက်ဖို့ ပိုမိုပြီးတော့ စိတ်အားထက်သန်တယ်လို့တော့ လေ့လာသုံးသပ်လို့ရပါတယ်။

**မေး။ ဒါဆိုရင် အခု ပုံစံအသစ်နဲ့ ဆက်လက်ဆောင်ရွက်မယ့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကို အကျယ်အဝန်းဧရိယာ ဘယ်လောက် သတ်မှတ်ထားပါသလဲ။**

ဖြေ။ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းရဲ့ အကျယ်အဝန်းက ၂၀၁၂ ခုနှစ် မြေသတ်မှတ်ချက်အရ ၂၀၅ စတုရန်းကီလိုမီတာလောက် အကျယ်အဝန်းရှိပါတယ်။ ဧကနဲ့ဆိုရင် ဧကငါးသောင်းကျော်ရှိပါတယ်။ ဒါပေမယ့် မူလသတ်မှတ်ခဲ့တဲ့ ဧရိယာမှာ ဖယ်ရှားရမယ့် ကျေးရွာက ၁၆ ရွာဖြစ်နေတယ်။ နေအိမ်တွေလည်း များပါတယ်။ ဒါကြောင့်မို့လို့ စီမံကိန်းမြေနေရာကို ပြန်လည်စိစစ်ပြီး ၂၀၁၃ ခုနှစ် နှစ်ကုန်ပိုင်းမှာတော့ စီမံကိန်းဧရိယာကို ပြန်လည်သတ်မှတ်ခဲ့ပါတယ်။ ဒီအခါမှာ စီမံကိန်းဧရိယာဟာ ၁၉၆ စတုရန်းကီလိုမီတာ ဖြစ်သွားပြီး ဧကအနေနဲ့ပြောရရင် ဧက လေးသောင်းရှစ်ထောင်လောက်ရှိပါတယ်။ အခုအသစ်သတ်မှတ်လိုက်တဲ့ ဧရိယာအတွင်းမှာဆိုရင်တော့ ဖယ်ရှားပေးရမယ့် ကျေးရွာက ခြောက်ရွာပဲ ကျန်ရှိပါတော့တယ်။

**မေး။ ကနဦးစီမံကိန်း ဧရိယာကို ဘယ်လောက်သတ်မှတ်ထားပြီး ဘယ်အချိန် စတင်မှာပါလဲ။ စီမံကိန်းကာလကို ဘယ်လောက်ကြာမြင့်နိုင်မယ်လို့ ခန့်မှန်းထားပါသလဲ။ ရင်းနှီးမြှုပ်နှံသူတွေအဖြစ် ဘယ်သူတွေက ဆောင်ရွက်မှာပါလဲ။**

ဖြေ။ ကနဦးစီမံကိန်းမှာ ၂၇ စတုရန်းကီလိုမီတာကို စက်မှုဇုန်အဖြစ်ထားရှိပြီး အခြားသောစီမံကိန်းတွေအတွက် လေးစတုရန်းကီလိုမီတာလောက် လျာထားပါတယ်။ စုစုပေါင်း ၃၁ စတုရန်းကီလိုမီတာလောက် ကနဦးစီမံကိန်းမှာ ပါဝင်မှာ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံသူအနေနဲ့က အထက်မှာ ကျွန်တော်ပြောခဲ့သလို Selective Bidding အနေနဲ့ အီတာလျံ-ထိုင်း ကုမ္ပဏီဦးဆောင်တဲ့ စုပေါင်းကုမ္ပဏီအဖွဲ့ရယ်၊ ဂျပန်နိုင်ငံက စီးပွားရေး၊ ကုန်သွယ်ရေးနဲ့ စက်မှုဝန်ကြီးဌာန ဦးဆောင်တဲ့ ဂျပန်လုပ်ငန်းရှင်တွေရယ် ဒီနှစ်ခုကိုခေါ်ယူတဲ့အခါမှာ ဂျပန်ဘက်က တင်ဒါတင်သွင်းခြင်းမရှိဘဲ ဘာတွေ ဆောင်ရွက်မယ်ဆိုတဲ့ (Suggestion Proposal)ကိုပဲ ပေးပို့ပါတယ်။ အီတာလျံ-ထိုင်း ကုမ္ပဏီဦးဆောင်တဲ့ စုပေါင်းအဖွဲ့ကတော့ တင်ဒါသေချာတင်သွင်းပါတယ်။ ဒါကြောင့်မို့လို့ ပထမအဆင့်လုပ်ငန်း ရင်းနှီးမြှုပ်နှံဆောင်ရွက်ဖို့ကို အီတာလျံ-ထိုင်းကုမ္ပဏီနဲ့ ကျွန်တော်တို့ ဆွေးနွေးပြီးတော့ လုပ်ငန်းတွေကိုဆက်လက်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ကနဦးစက်မှုလုပ်ငန်းအတွက် မြေနေရာသတ်မှတ်ပေးတဲ့ နေရာမှာလည်း ကနဦးစီမံကိန်းရဲ့ ၂၇ စတုရန်းကီလိုမီတာစလုံးကို တစ်ခါတည်းပေးလိုက်မှာ မဟုတ်ပါဘူး။ ပထမအဆင့်အနေနဲ့က ကျွန်တော်တို့ ခုနစ်စတုရန်းကီလိုမီတာ အရင်ပေးတယ်။ အဲဒီခုနစ်စတုရန်းကီလိုမီတာကို သုံးနှစ်အတွင်းမှာ စက်ရုံ၊ အလုပ်ရုံ ၆၅ ရာခိုင်နှုန်းတည်ဆောက်ပြီးရင် ဖြစ်စေ၊ ဒေသခံတွေအပါအဝင် လူဦးရေခြောက်သောင်းကို အလုပ်အကိုင်ဖန်တီးပေးနိုင်ရင်ဖြစ်စေ၊ အဲဒီ နှစ်ခုထဲက တစ်ခုကို လုပ်ပေးနိုင်ရင် နောက်ထပ် ခုနစ်စတုရန်းကီလိုမီတာ ထပ်ပေးမယ်။ ဒီအပေါ်မှာလည်း အပေါ်က ပြောခဲ့တဲ့ နှစ်ချက်ထဲက တစ်ချက်ကို နှစ်နှစ်အတွင်း ဖြည့်ဆည်းပေးနိုင်ရင် ကျွန်တော်တို့က နောက်ထပ် ခုနစ်စတုရန်းကီလိုမီတာ ထပ်ပေးမယ်။ ဒီအပေါ်မှာ အထက်ပါအတိုင်း ဖြည့်ဆည်းပေးနိုင်ရင် နောက်ထပ် ခြောက်စတုရန်းကီလိုမီတာ ထပ်ပေးပါမယ်။ ပထမအဆင့် ၂၇ စတုရန်းကီလိုမီတာကို (၇-၇-၇-၆) လေးခါခွဲပေးတဲ့ သဘောပါ။ စီမံကိန်းကာလကို ရှစ်နှစ်ခန့်ကြာမယ်လို့ ခန့်မှန်းထားပါတယ်။ ကနဦးစီမံကိန်းမှာ အဆင့် (၄)ဆင့်ခွဲထားပြီး တစ်ဆင့်ကို အလုပ်အကိုင်ခြောက်သောင်း ဖန်တီးပေးရမယ်လို့ သတ်မှတ်ထားတယ်။ ပင်မစီမံကိန်းသာ အကောင်အထည်ပေါ်လာပြီဆိုရင်တော့ ဒေသခံတွေသာမက မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ကျွမ်းကျင်ပညာရှင်တွေ၊ ကာယ၊ ဉာဏလုပ်သားတွေအားလုံးအတွက် အလုပ်အကိုင်တွေ ပေါ်ပေါက်လာမှာပါ။

**မေး။ ကနဦးစီမံကိန်းအတွင်းမှာ ပါဝင်နေတဲ့ ရွှေ့ပြောင်းပေးရတဲ့ ဒေသခံတွေအတွက်ကော ဘယ်လိုစီစဉ်ဆောင်ရွက်ပေးမှာပါလဲ။**

ဖြေ။ ကျွန်တော်တို့ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကြီး စတင်ချိန်ကတည်းကနေစပြီးတော့ ၂၀၁၀ နိုဝင်ဘာလကတည်းက အီတာလျံ-ထိုင်းကုမ္ပဏီက လုပ်ငန်းတွေ စလုပ်ပါတယ်။ ဒီအခါမှာ မြေယာလျော်ကြေးပေးတာတို့၊ ရွှေ့ပြောင်းရမယ့်သူတွေအတွက်ကို အိမ်ရာဆောက်လုပ်ပေးတာတို့ ဆောင်ရွက်ပါတယ်။ ဒါပေမယ့်လည်း လျော်ကြေးပေးခဲ့တာတွေရှိပြီးတော့ အမှန်တကယ် ရွှေ့ပြောင်းခြင်းကိုတော့ မဆောင်ရွက်ခဲ့ရသေးပါဘူး။ ကျွန်တော်တို့ ကနဦးစီမံကိန်းလုပ်မယ်ဆိုလို့ရှိရင် လုပ်ငန်းဆောင်ရွက်မယ့်သူက မြေယာလျော်ကြေးပေးဖို့၊ ဒီဧရိယာအတွင်းမှာ နေထိုင်တဲ့သူတွေကို နိုင်ငံတကာ အဆင့်အတန်းနဲ့အညီ ရွှေ့ပြောင်းပေးနိုင်ဖို့အတွက်ကို နိုင်ငံတကာ အသိအမှတ်ပြု အကြံပေးတွေကို ငှားရမ်းပေးရမှာဖြစ်ပါတယ်။ ဒီငှားရမ်းပေးထားတဲ့ အကြံပေးရဲ့ နိုင်ငံတကာ စံချိန်စံညွှန်းများအတိုင်း အကြံပေးမှုကို ကျွန်တော်တို့ ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီကနေ ကြီးကြပ်ပြီးတော့ ပြောင်းရွှေ့ခြင်းနဲ့ လျော်ကြေးပေးခြင်းလုပ်ငန်းတွေကိုဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ထားဝယ်အထူးစီးပွားရေးဇုန်အတွက် ဖွဲ့စည်းထားတဲ့ ဆပ်ကော်မတီ ခြောက်ခုထဲမှာ ရပ်ရွာဒေသလူမှုအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍဆိုင်ရာ ဆပ်ကော်မတီ ပါဝင်ပါတယ်။ ဒီဆပ်ကော်မတီကလည်း ပူးပေါင်းပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

## စာတတ်မြောက်ရေးလှုပ်ရှားမှုကြောင့် အရာတော်မြို့နယ်မှ သက်ကြီးပိုင်းများ စာတတ်မြောက်ကြပြီ

**မုံရွာ မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ၂၀၁၅ ခုနှစ် စာတတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် မုံရွာတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများက ကျေးရွာများမှ သက်ကြီးစာမတတ်သူများအား ဧပြီ ၁ ရက်မှ မေ ၁၅ ရက်အထိ လေ့ကျင့်သင်ကြားပေးလျက်ရှိရာ ယခုအခါ သင်တန်းကာလမှာ ပြီးမြောက်တော့မည်ဖြစ်ကြောင်း သိရသည်။

စာတတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် အရာတော်မြို့နယ် အမှတ်(၂)ရပ်ကွက် အင်ကြင်းလှတွင် သင်ကြားပေးလျက်ရှိသော မုံရွာတက္ကသိုလ်မှ သင်တန်းနည်းပြကျောင်းသူတစ်ဦးက "စာတတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် စာလိုက်သင်ပေးတာ အခုပထမအကြိမ်ပါ။ ဒီရွာကအဒေါ်တွေက စာတွေကို စိတ်ပါဝင်စားစွာနဲ့သင်ယူကြတယ်။ သင်တန်းကို မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီထိ သင်ကြားပေးပါတယ်။ သင်တန်းကာလကြာလာတာနဲ့အမျှ အတော်ကို ရေးတတ်၊ ဖတ်တတ်နေပါပြီ" ဟု ပြောသည်။

စာသင်ကြားမှုနှင့်ပတ်သက်ပြီး "အဒေါ်က အသက်(၅၂)နှစ်ရှိပါပြီ။ ငယ်ငယ်တုန်းက အခုလိုစာသင်ကျောင်းတွေ နည်းတာကတစ်ကြောင်း၊ စီးပွားရေးကတစ်ကြောင်းနဲ့ စာမသင်ခဲ့ရဘူး။ စာမတတ်တော့ မျက်စိပိတ် နားပိတ်နေသလိုပဲ ဘာမှမသိခဲ့ရဘူး။ အခုနှစ်မှာ အဒေါ်တို့ရွာကို မြို့ကကျောင်းသူလေးတွေ စာလာသင်ပေးမယ်လို့ကြားတော့ ချက်ချင်းဒီမှာ စာသင်ဖြစ်တယ်။ အစကတော့ ကိုယ်ကမတတ်သေးတော့ နည်းနည်းတော့ အခက်အခဲရှိတယ်ထင်ရတယ်။ ရက်ကြာလာတော့ စာကို စိတ်ဝင်စားလာတယ်။ အခု အတော့်ကိုဖတ်တတ်နေပြီ။ အခုလိုသင်ကြားပေးတဲ့ ဆရာမလေးတွေရော စီစဉ်ပေးတဲ့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နဲ့ တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်" ဟု အရာတော်မြို့ အမှတ်(၂)ရပ်ကွက် အင်ကြင်းလှမှ ဒေါ်နှင်းဦးက ပြောသည်။

အရာတော်မြို့နယ်အတွင်းရှိ စာမတတ်သူ အသက်(၁၅)နှစ်မှ(၂၄)နှစ်အတွင်း ၁၅၁ ဦး၊ (၂၄)နှစ်မှ (၄၅)နှစ်အတွင်း ၈၉၁ ဦး၊ (၄၅)နှစ်အထက် ၁၀၁၈ ဦး စုစုပေါင်း ၂၀၆၀ ဦးတို့ အား ဆရာ ဆရာမ ၁၀၀ နှင့် လုပ်အားပေးတက္ကသိုလ်မှ ကျောင်းသားကျောင်းသူ ၂၃၈ ဦးတို့က ကျေးရွာအလိုက် သင်ကြားပေးလျက်ရှိကြောင်းနှင့် (၂၀၁၃-၂၀၁၄)ပညာသင်နှစ်တွင် အရာတော်မြို့နယ်၏ စာတတ်မြောက်မှုနှုန်းသည် ၉၅ ဒသမ ၀၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

# အိန္ဒိယသမုဒ္ဒရာအတွင်းရှိ Barrenကျွန်းမှ မီးတောင်တစ်ခုပေါက်ကွဲလာနိုင်ခြေရှိ ပေါက်ကွဲပါက မြန်မာနိုင်ငံကမ်းရိုးတန်းသို့ ဆူနာမီလှိုင်းရိုက်ခတ်နိုင်၍ စောင့်ကြည့်




**ကျော့သောင်း မေ ၈**

အိန္ဒိယသမုဒ္ဒရာအတွင်းရှိ Barren ကျွန်းမှ ပေါ်ရိုမီးတောင်တစ်ခုသည် ဧပြီ ၂၂ ရက်မှ ၂၈ ရက်အတွင်း မီးခိုးပြာများထွက်ရှိခဲ့ကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။ အဆိုပါ မီးတောင်သည် Andaman ကျွန်းစုအတွင်း တည်ရှိပြီး တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၏အနောက်ယွန်းယွန်း မိုင် ၃၂၀ ခန့်၊ မြိတ်မြို့၏ အနောက်ဘက်မိုင် ၃၁၀ ခန့်၊ ကော့သောင်းမြို့၏အနောက်မြောက်ဘက် မိုင် ၃၆၀ ခန့်သာ ကွာဝေး ကြောင်းသိရသည်။

ထိုင်းနိုင်ငံအနောက်ပိုင်း ရနောင်းခရိုင်နှင့် ကီလိုမီတာ ၇၀၀ ခန့်သာ ဝေးကွာလျက်ရှိရာ ယင်းမီးတောင်ပေါက်ကွဲပါက ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သဖြင့် ထိုင်းနိုင်ငံအတွင်းရှိ ငလျင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအဖွဲ့ကလည်း ယင်းသတင်းမှန်ကန်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်ဟု သိရသည်။

အဆိုပါ မီးတောင်ပေါက် ကွဲမှုဖြစ်ပွားခဲ့ပါက ဆူနာမီ လှိုင်းများ ဖြစ်ပေါ်လာခဲ့လျှင် ထိုင်းနိုင်ငံအနောက်ပိုင်း ကမ်းခြေဒေသများနှင့် မြန်မာနိုင်ငံအပေါ် ထိခိုက်လာနိုင်သဖြင့် စောင့်ကြည့်လေ့လာမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ Volcano Discovery အဖွဲ့၏ သုတေသနပြု ဖော်ထုတ်ချက်အရ ပေါ်ရိုမီးတောင်သည် ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်းက ပေါက် ကွဲမှုဖြစ်ပွားခဲ့သဖြင့် ၂၀၁၅ ခုနှစ် မေ ၂၇ ရက်တွင် နောက်တစ်ကြိမ် ထပ်မံ ပေါက်ကွဲလာနိုင်သည်ဟု ထုတ်ပြန်ထားကြောင်း လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် သိရသည်။

ပြီးခဲ့သည့် မေ ၇ ရက်က ပါပူဝါနယူးဂီနီနိုင်ငံ ပန်ဂန်နာမြို့ အနောက်တောင်ဘက် ၁၄၉ ကီလိုမီတာခန့်အကွာနှင့် ဆော်လမွန်ကျွန်းစုမြို့တော် ဟိုနီရာယာမှ ၆၄၂ ကီလိုမီတာ အကွာ ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ မြေအောက် ၁၃ မိုင်အနက်ကို ဗဟိုပြု၍ ပြင်းအား ၇ ဒသမ ၂ ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ပြီး ကမ်းရိုးတန်းတစ်လျှောက် ဆူနာမီရေလှိုင်းများ တက်လာဖွယ်ရှိသည်ဟု ပြောကြားခဲ့သော်လည်း ထိခိုက်မှုမရှိချေ။

ဧပြီ ၂၃ ရက်ကလည်း ချီလီနိုင်ငံတောင်ပိုင်းရှိ ကယ်လ်ဘူလိုမီးတောင်နှစ်ကြိမ်ပေါက်ကွဲခဲ့ရာ ကြိုတင်ကာကွယ်ထားနိုင်သဖြင့် ဘေးအန္တရာယ်မရှိဘဲ ဆူနာမီနှင့် မြေပြိုမြေပိမှုဒဏ်မခံခဲ့ရကြောင်း သိရသည်။ ပင်လယ်ပြင်တွင် မီးတောင်ပေါက်ကွဲခြင်း၊ ငလျင်လှုပ်ခြင်းများရှိပါက ဆူနာမီဖြစ်ပေါ်တတ်ကြောင်း ဘူမိဗေဒပညာရှင်များကခန့်မှန်းထားကြသည်။

**ကျော်စိုး (ကော့သောင်း)**

# ငါးနှစ်အတွင်း မြန်မာနိုင်ငံသား ၈၀၀၀ ကျော် ထိုင်းနိုင်ငံမှ လွှဲပြောင်းပေးအပ်

**တာချီလိတ် မေ ၈**

ထိုင်းနိုင်ငံမှ လွှဲပြောင်းပေးအပ်သည့် မြန်မာအလုပ်သမားများ အရေအတွက်မှာ ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၁၉ ရက်မှ ၂၀၁၅ ခုနှစ် မေ ၇ ရက်ထိ ငါးနှစ်အတွင်း အမျိုးသား ၆၁၈၇ ဦး၊ အမျိုးသမီး ၂၂၇၁ ဦး စုစုပေါင်း ၈၄၅၈ ဦးရှိ ကြောင်း သိရသည်။

ထိုသို့လွှဲပြောင်းပေးအပ်မှုများအနက် မေ ၇ ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ရှိ မြန်မာ-ထိုင်းအမှတ်(၁) ချစ်ကြည်ရေးတံတား၌ ခရိုင်/မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အဖွဲ့ဝင်များဖြစ်သည့် မကဖ(၈)မှ ဦးစီးအရာရှိ အောင်ငွေ၊ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်၊ လူကုန်ကူးမှုတားဆီး နှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ရဲအုပ်မင်းအောင်နှင့် ဌာနဆိုင်ရာများပါဝင်သောအဖွဲ့ထံ ထိုင်းနိုင်ငံ လဝကဦးစီးအရာရှိ Saesiton၊ မယ်ဆိုင်ခရိုင်လဝကမှူး Kanlayar Phommalinနှင့် မယ်ဆိုင်ခရိုင် ဒုလဝကမှူး Sadaryansukyan တို့က တရားမဝင် မြန်မာအလုပ်သမားအမျိုးသား ၃၅ ဦးနှင့် အမျိုးသမီး ၂၅ ဦး စုစုပေါင်း ၆၀ ကို လာရောက်လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

လွှဲပြောင်းပေးသည့် မြန်မာနိုင်ငံသား ၆၀ အား တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ မဟာမြတ်မုနိကျောင်းဝင်းအတွင်း၌ အခြေပြုပြီး ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ ထိုင်းနိုင်ငံအတွင်း တာချီလိတ်-မယ်ဆိုင် ချစ်ကြည်ရေးတံတား(၁)မှ တံတားကူးလက်မှတ်ဖြင့် ဝင်ရောက်ပြီး တရားမဝင်နေထိုင်အလုပ်လုပ်ကိုင်ခြင်းကြောင့် ရှောင်တခင်စစ်ဆေးချက်အရ ဖမ်းဆီးခံရပြီး ၎င်းတို့မှာ လူကုန်ကူးခံရခြင်းမရှိကြောင်း၊ ၎င်းတို့အား အခကြေးငွေရယူကာ စည်းရုံးပို့ဆောင်ပေးသူများမရှိဘဲ ၎င်းတို့၏ သဘောအလျောက် ကိုယ်တိုင်သွားရောက်ကာ လုပ်ကိုင်နေကြသူများ ဖြစ်ကြောင်း စစ်ဆေးသိရှိရ၍ လွှဲပြောင်းအလုပ်သမား ၆၀ အား မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၏ အစီအစဉ်ဖြင့် ၎င်းတို့ ဆွေမျိုးများထံ ခံဝန်ဖြင့် အပ်နှံခဲ့ကြောင်း သိရသည်။

**(၁၁၁)**

# အလုပ်ဌာန/လုပ်ငန်းအရောက်ကွင်းဆင်း၍ ရွေ့လျားဆေးကုသယာဉ်ဖြင့်ဆေးကုသ

**တောင်ကြီး မေ ၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်နယ်လူမှုဖူလုံရေးရုံးမှ ရွေ့လျားဆေးကုသယာဉ်ဖြင့် မေ ၈ ရက် နံနက် ၈ နာရီခွဲက တောင်ကြီးမြို့ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ တောင်ကြီးခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးခွဲနှင့် ခွဲရုံများမှ အရာထမ်း၊ အမှုထမ်းများအား အလုပ်ဌာန/လုပ်ငန်းအရောက် ကွင်းဆင်း၍ ရောဂါကုသခြင်း၊ ဓာတ်ခွဲစမ်းသပ်ခြင်း၊ စစ်ဆေးခြင်း၊ ဝန်ထမ်းများအား ဆေးစစ်ခြင်းများကို ကုသဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## မိုးလေဝသအခြေအနေ

**မေ ၉ ရက် နေ့အပူချိန်များ**

| တိုင်းဒေသကြီးနှင့် ပြည်နယ် | အမြင့်ဆုံး | အနိမ့်ဆုံး |
|---|---|---|
| နေပြည်တော်နှင့် အနီးတစ်ဝိုက် | ၃၈°C | ၂၄°C |
| ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် | ၃၉°C | ၂၅°C |
| မန္တလေးမြို့နှင့် အနီးတစ်ဝိုက် | ၄၀°C | ၂၃°C |
| ပဲခူးတိုင်းဒေသကြီး | ၄၀°C | ၂၅°C |
| ချင်းပြည်နယ် | ၃၃°C | ၁၈°C |

**မေ ၉ ရက် ရန်ကုန်ဆိပ်ကမ်း ရေတက်ရေကျ အခြေအနေ**

| | | | |
|---|---|---|---|
| ရေတက် | နံနက် | ၆း၃၃ နာရီ | ၁၇. ၇၅ပေ |
| ရေတက် | ညနေ | ၆း၄၅ နာရီ | ၁၈. ၆၄ ပေ |
| ရေကျ | နံနက် | ၁၂း၅၉ နာရီ | ၄. ၁၇ ပေ |
| ရေကျ | မွန်းလွဲ | ၁း၁၃ နာရီ | ၆. ၀၄ ပေ |

**မေ ၉ ရက် ရန်ကုန်မြို့ နေဝင်နေထွက်ချိန်**

| | | |
|---|---|---|
| နေထွက် | နံနက် | ၅း၃၆ နာရီ |
| နေဝင် | ညနေ | ၆း၂၅ နာရီ |

## ရုပ်မြင်သံကြားအစီအစဉ်

9 - 5 -2015 (paeae)

### မြဝတီ

၆း၀၃ တရားတော်
၆း၁၀ မေတ္တာပို့
၆း၁၆ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၅ မျိုးချစ်တပ်မတော်
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၀ အမျိုးသားရေးတေးကဗျာ
၈း၁၅ မွေးမြူသုတ
၈း၂၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၁၁း၀၀ English For Myanmar
၁၁း၀၇ မျိုးချစ်တပ်မတော်
၁၁း၄၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
- ပြင်ဆင်ခဲ့တဲ့အချစ်
(ဖြိုးငွေစိုး၊သက်မွန်မြင့်နှင့် သရုပ်ဆောင်များ )
ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)
၁၂း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- စက်ရုပ်ချစ်သူ အပိုင်း(၁၆)
၄း၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၄၅ ကျန်းမာသုတ
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဂါလီမာ အပိုင်း(၂၄)
၅း၄၅ ရွှေလမ်းငွေလမ်းသူဌေးလမ်း
၆း၁၀ စားဖိုဆောင်ချစ်သူ
၆း၃၅ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ရာဇဝင်ထဲက တော်ဝင်သမားတော် အပိုင်း(၄၂)
- လူရွှင်တော်စတား
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- မေတ္တာဖွဲ့ကြိုး အပိုင်း(၄၅)

### MRTV - 4

၅း၀၀ ပဌာန်းပါဠိတော် + အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ပုဗ္ဗဏှသုတ်
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၄)
၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၆၂)
၁၁း၀၀ Star တို့ရဲ့လက်ရာ
၁၁း၃၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ထာဝရမန္တလေး" (အပိုင်း-၂၁+၂၂)
၂း၂၀MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [စစ်မှန်သောချမ်းသာခြင်း (အပိုင်း-၂)]
၃း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၄)
၄း၅၅ အတွေးမျဉ်းပြိုင်များ
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၅)
၇း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [မြင့်မိုရ်ထက်မက (အပိုင်း-၁)]
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၆၃)
၁၀း၅၀ MRTV-4 Stage
၁၂း၃၀ Spain Laliga Real Madrid Vs Valencia (LIVE)
၃း၀၅ MRTV-4 Stage

### mitv

- Great Shwedagon: Historic And Mysterious Places
- Will you feed the pigeons
- Unique & Motivating Chap Char Kut Festival
- Local Tour Guide: Pho Khant
- The Eel Business (Fisherman the eel culture)
- Life of Sea Urchin Diver
- Porcelain and Glass
- Ruili City With Mon Yee
- Entrepreneur: Chaw Khin Khin
- Philatelic Pleasure
- Food Trip (EP-4) (Part-2)
- Today Myanmar "Fast-food Franchise: Lotteria"
- Writer, Philanthropist: Daw Than Myint Aung (Part-1)
- Myanmar Masterclass: Conceptual Art
- Welcome To Naga Land
- Lawka Nandar Wildlife Sanctuary And Its Rare Star Tortoises
- Culture Shows: Theatrical Art
- Mon Traditional Wedding
- Pa O in the Union
- Ambassador's View: Korea-Myanmar Bilateral Ties
- Products Of Myanmar - Velvet Slipper

အားကစား

# ဗြိတိန်လတာ ပရီမီယာလိဂ်အကောင်းဆုံးနည်းပြဆု လက်စတာစီးတီးအသင်းနည်းပြ ပီယာဆန် ဆွတ်ခူး




ပရီမီယာလိဂ်ကလပ် လက်စတာစီးတီးအသင်းနည်းပြ ပီယာဆန်သည် ဧပြီတစ်လတာ ပရီမီယာလိဂ် အကောင်းဆုံးနည်းပြဆုကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။ ပီယာဆန်သည် ဧပြီလအတွင်း ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်များတွင် လေးပွဲဆက်တိုက်နိုင်ပွဲရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် ဧပြီတစ်လတာ ပရီမီယာလိဂ် အကောင်းဆုံးနည်းပြဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ပရီမီယာလိဂ်၏ ထိပ်တန်းနည်းပြများဖြစ်ကြသည့် ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟို၊ အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးနှင့် အဲဗာတန်အသင်းနည်းပြ မာတီနက်ဇ်တို့ကို ဖြတ်ကျော်ကာ ရယူဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြပီယာဆန်သည် ဧပြီလအတွင်းက ဝက်စ်ဟမ်း၊ ဝက်စ်ဘရွန်း၊ ဆွမ်ဆီး၊ ဘန်လေ စသည့်အသင်းများနှင့် ယှဉ်ပြိုင်ကစားခဲ့ရာတွင် လေးပွဲစလုံးနိုင်ပွဲရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့ပြီး လက်စတာစီးတီးအသင်းအား တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်အောင်လည်း အကောင်းဆုံးပုံစံဖြင့် အသင်းကို ကိုင်တွယ်နိုင်ခဲ့သည်။

၂၀၁၄-၂၀၁၅ ဘောလုံးရာသီ၏ တစ်လတာပရီမီယာလိဂ်အကောင်းဆုံးနည်းပြဆုများရရှိခဲ့သည့် နည်းပြများမှာ ဩဂုတ်လအတွက် ဆွမ်ဆီးနည်းပြ ဂယ်ရီမွန့်၊ စက်တင်ဘာလအတွက် ဆောက်သမ်တန်နည်းပြ ကိုးမန်း၊ အောက်တိုဘာလအတွက် ဝက်စ်ဟမ်းနည်းပြ အယ်လ်လာဒိုက်စ်၊ နိုဝင်ဘာလအတွက် နယူးကာဆယ်နည်းပြ အလန်ပါဂျူး၊ ဒီဇင်ဘာလအတွက် မန်စီးတီးနည်းပြ ပယ်လီဂရီနီ၊ ဇန်နဝါရီလအတွက် ဆောက်သမ်တန်နည်းပြ ကိုးမန်း၊ ဖေဖော်ဝါရီလအတွက် ဝက်စ်ဘရွန်းနည်းပြ တိုနီပူးလစ်၊ မတ်လအတွက် အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးတို့ အသီးသီးရရှိခဲ့ကြသည်။

ဧပြီတစ်လတာ ပရီမီယာလိဂ် အကောင်းဆုံးကစားသမားဆုကိုမူ အက်စ်တွန်ဗီလာ ကစားသမား ဘန်တီကီက ဆွတ်ခူးရရှိခဲ့ပြီး ယင်းမှာ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလမှ စတင်ကာ အက်စ်တွန်ဗီလာကစားသမားတစ်ဦးအတွက် ပထမဆုံးအကြိမ် ပြန်လည်ရရှိခြင်းပင်ဖြစ်သည်။ ဘန်တီကီသည် အက်စ်တွန်ဗီလာအတွက် အရေးပါသည့်ကဏ္ဍတစ်ရပ်မှ ပါဝင်ခဲ့ပြီး အဆင့်(၁၈)နေရာတွင် ရပ်တည်နေသည့် ဆန်းဒါးလန်းအသင်းအား နှစ်မှတ်ဖြတ်ထားနိုင်ရန် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

ဘန်တီကီသည် ဧပြီလအတွင်း အက်စ်တွန်ဗီလာအသင်းအတွက် လေးပွဲပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုးငါးဂိုးအထိ သွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ဧပြီတစ်လတာပရီမီယာလိဂ် အကောင်းဆုံးကစားသမားဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

(ငွေကြယ်)



အာရှယူ-၂၃ ပြိုင်ပွဲဝင်မည့် မြန်မာဘော်လီဘောအသင်း။

# အာရှယူ-၂၃ ဘော်လီဘောပြိုင်ပွဲအတွက် မြန်မာအသင်းပြင်ဆင်

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာရှယူ-၂၃ ဘော်လီဘောပြိုင်ပွဲကို ယှဉ်ပြိုင်ရန် မြန်မာဘော်လီဘောအသင်းသည် အပြီးသတ်ကစားသမားများရွေးချယ်ကာ လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ အဆိုပါပြိုင်ပွဲကို မေ ၁၂ ရက်မှ ၂၀ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲကို အသင်း ၁၈ သင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုလေးစုခွဲ၍ ကျင်းပသွားမည်ဖြစ်သည်။ အိမ်ရှင်မြန်မာအသင်းသည် အုပ်စု(က)တွင် ထိုင်း၊ အာဖဂန်နစ္စတန်၊ မော်လ်ဒိုက်၊ ဆော်ဒီအာရေဗျအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စု(ခ)တွင် အီရန်၊ ကာတာ၊ ဖိလစ်ပိုင်၊ အိန္ဒိယ၊ အုပ်စု(ဂ)တွင် တရုတ်၊ တရုတ်(တိုင်ပေ)၊ ဗီယက်နမ်၊ တာ့ခ်မင်နစ္စတန်၊ ဩစတြေးလျ၊ အုပ်စု(ဃ)တွင် တောင်ကိုရီးယား၊ ဂျပန်၊ အင်ဒိုနီးရှားနှင့် ကာဇက်စတန်တို့ ပါဝင်နေသည်။ အုပ်စုပွဲစဉ်များကို မေ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းမှာ အဖွင့်ပွဲစဉ်အဖြစ် မေ ၁၂ ရက်တွင် မော်လ်ဒိုက်အသင်းနှင့် ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် စင်ကာပူဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် လက်ရွေးစင်အသင်းမှ အသက်မီသည့် ကစားသမားများဖြင့် ဖွဲ့စည်းကာ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး နည်းပြချုပ်အဖြစ် ဦးညီညီလွင်က ကိုင်တွယ်လျက်ရှိသည်။ ပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၃ ဘော်လီဘောအသင်းတွင် နည်းပြချုပ် ဦးညီညီလွင်၊ လက်ထောက်နည်းပြ ဦးသိန်းဆွေနှင့် ဦးကျော်စွာဝင်း၊ ကစားသမားများအဖြစ် အောင်သူ၊ ခွဲခြားမောင်၊ နေလင်းအောင်(၁)၊ ဇော်ထက်ဝေ၊ ဇော်ဝင်းလှိုင်၊ သွင်ထူးဇင်၊ ဒိုမေးနီကို၊ ငြိမ်းချမ်းအောင်၊ မင်းကျော်သူ၊ နေလင်းအောင်(၂)၊ မျိုးဇင်ဦးနှင့် ဇော်မျိုးတို့ပါဝင်ကြသည်။ မြန်မာအသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ယခုပြိုင်ပွဲကို ကျင်းပခြင်းလည်းဖြစ်သည်။

(ရှိုင်းထက်ဇော်)

# ယာယာတိုရေး ယခုနှစ်ရာသီအကုန် မန်စီးတီးမှထွက်ခွာရန် သေချာသလောက်ရှိနေ

မန်စီးတီး ကွင်းလယ်ကစားသမား ယာယာတိုရေးအနေဖြင့် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလ၌ မန်စီးတီးမှထွက်ခွာရန် ၉၀ ရာခိုင်နှုန်း သေချာသလောက်ရှိနေသည်ဟု တိုရေး၏ကိုယ်စားလှယ် ဒီမီထရီ ဆီလက်ခ်က ပြောကြားခဲ့သည်။သို့သော် တိုရေး၏ တစ်လလုပ်ခပေါင်တစ်သန်းမှာ ၎င်းအားခေါ်ယူလိုသော အင်တာမီလန်ကဲ့သို့ အသင်းများအတွက် ကျန်ရှိနေသည့် ၁၀ ရာခိုင်နှုန်းပြည့်စုံစေရန် အတားအဆီးတစ်ရပ်သဖွယ်ဖြစ်နေသည်။

"ဒီနှစ်နွေမှာ သူ မန်စီးတီးက ထွက်ခွာမယ်ဆိုတာ ၉၀ ရာခိုင်နှုန်းလောက်သေချာနေပါတယ်။ ဒါပေမယ့် အခုထိ ဘာမှ ယတိပြတ်မဆုံးဖြတ်ရသေးပါဘူး။ ကျွန်တော်တို့ ရာသီကုန်အထိ စောင့်ဆိုင်းနေကြပါတယ်" ဟုဆီလက်ခ်ကပြောကြားခဲ့သည်။

နောင်လာမည့်အပတ်တွင် အသက်(၃၂)နှစ်ပြည့်မြောက်မည့် တိုရေးမှာ လက်ရှိတွင် တံကောက်ကြောဒဏ်ရာရရှိနေရာ ကျူပီအာနှင့် ကစားမည့်ပရီမီယာလိဂ်ပွဲကို လွဲချော်မည်ဖြစ်သည်။

(မေလှဲ့သင်း)



# ပီအက်စ်ဗွီမှဒီပေးအား မန်ယူခေါ်ယူ

မန်ချက်စတာယူနိုက်တက်အသင်းသည် ပီအက်စ်ဗွီမှတိုက်စစ်မှူး ဒီပေးအား အပြီးသတ် ခေါ်ယူနိုင်ရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်သည်။ အဆိုပါ နယ်သာလန်တိုက်စစ်မှူးအတွက် ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းမှ သန်း၃၀ ကြားပေးချေရမည်ဖြစ်ကာ စာချုပ်သက်တမ်းမှာ ၂၀၁၅ မှ ၂၀၁၉ အထိဖြစ်ဖွယ်ရှိသည်။

အသက်(၂၁)နှစ်အရွယ် တိုက်စစ်မှူး ဒီပေးမှာ လာမည့်သီတင်းပတ်အတွင်း မန်ယူနှင့် ဆေးစစ်ချက်ခံယူမှု ပြုလုပ်သွားမည်ဖြစ်ကာ အပြောင်းအရွှေ့ကာလစတင်ဖွင့်လှစ်ချိန် ဇွန်လတွင် ယူနိုက်တက်နှင့် ပူးပေါင်းသွားမည်ဖြစ်သည်။

ဒီပေးသည် ပီအက်စ်ဗွီအသင်း ယခုနှစ် နယ်သာလန်အမှတ်ပေး ချန်ပီယံဖြစ်ခဲ့ရာတွင် အဓိကနေရာမှ ပါဝင်ခဲ့ကာ သွင်းဂိုး ၂၁ ဂိုး အထိ သွင်းယူပေးခဲ့သည်။

ဒီပေးက ၎င်း၏တွစ်တာစာမျက်နှာတွင် "အခု မန်ယူအသင်းနဲ့ ချန်ပီယံဆုဖလားတွေ ဆွတ်ခူးဖို့အတွက် သွင်းဂိုးတွေနဲ့ ကျွန်တော် အထောက်အကူပေးနိုင်ဖို့ အချိန်ကျပါပြီ" ဟု ရေးသားထားသည်။

(မေလှဲ့သင်း)

# ကော်ဒိုဘာနှင့်ပွဲတွင် ပင်နယ်တီကန်ခွင့်ပေးခဲ့သော မက်ဆီအား မေ့တော့မည်မဟုတ်ဟု နေမာဆို

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီသည် လာလီဂါထိပ်တန်းဂိုးသွင်းရှင်နေရာအတွက် ရီးယဲလ်မှ စီရိုနယ်ဒိုနှင့် အပြိုင်ဖြစ်နေသော်လည်း ကော်ဒိုဘာနှင့်ပွဲ၌ ရရှိခဲ့သော ပင်နယ်တီအား နေမာအတွက် ပထမဆုံး Hat-Trick ဂိုးအဖြစ် ပြောင်းလဲနိုင်ရန် ကန်ခွင့်ပေးခဲ့သည်။

ထို့ကြောင့် ရရှိခဲ့သော ပင်နယ်တီအား သွင်းယူခွင့်ပေးခဲ့သော မက်ဆီအား ၎င်းအနေဖြင့် ဘယ်သောအခါမှ မေ့တော့မည်မဟုတ်ဟု နေမာက ဆိုခဲ့သည်။

အဆိုပါပွဲ၌ ပင်နယ်တီကန်သွင်းခွင့်ရရှိချိန်တွင် ပွဲကစားချိန် ငါးမိနစ်သာ ကျန်ရှိတော့ရာ နေမာအနေဖြင့် ဘာစီလိုနာအတွက် ပထမဆုံး Hat-Trick ဂိုးသွင်းယူခွင့်ရရှိစေရန် မက်ဆီက မကန်ဘဲ နေမာအား အခွင့်အရေးဖန်တီးပေးခဲ့ခြင်းဖြစ်သည်။

နေမာက မက်ဆီ၏ ၎င်းအပေါ် သင်ကြားပေးမှုများက ကစားသမားကောင်းတစ်ယောက်အဖြစ်သာမက လူကောင်းတစ်ဦးဖြစ်စေရန် များစွာအထောက်အကူပြုခဲ့သည်ဟု ဆိုခဲ့သည်။ နေမာက "ကျွန်တော် ဒီကိစ္စမှာ မက်ဆီရဲ့ အခွင့်အရေးပေးခဲ့မှုအပေါ် ဘယ်တော့မှ မေ့တော့မှာမဟုတ်ပါဘူး။ မက်ဆီက ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားတစ်ယောက်ဖြစ်တဲ့အတွက် သူ့အတွက် Hat-Trick ဂိုးသွင်းယူဖို့ဆိုတာဟာ မခဲယဉ်းပါဘူး။ ဒါပေမယ့် သူက ကျွန်တော့်ကိုသာ ဦးစားပေးပြီး အခွင့်အရေးတစ်ရပ် ဖော်ဆောင်ပေးခဲ့ပါတယ်။ ကျွန်တော် သူရဲ့ ဒီအပြုအမူအတွက် တကယ့်ကို ကျေးဇူးတင်မိပါတယ်" ဟု ဆိုသည်။

နေမာက ဘာကာအနေဖြင့် ချန်ပီယံလိဂ်အကြို ဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်တွင် ဘိုင်ယန်အား သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ယူခဲ့ရာ ဗိုလ်လုပွဲသို့ သေချာပေါက်တက်ရောက်နိုင်မည်ဟု ယုံကြည်နေသည်။

(မေလှဲ့သင်း)



# ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း၏ ပါတီ ဗြိတိန်ရွေးကောက်ပွဲ၌ မမျှော်လင့်ဘဲအနိုင်ရ

**လန်ဒန် မေ ၈**

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း၏ ကွန်ဆာဗေးတစ်ပါတီသည် အထွေထွေရွေးကောက်ပွဲ၌ အံ့အားသင့်ဖွယ် အနိုင်ရရှိသွားကြောင်း၊ ရွေးကောက်ပွဲအနိုင်ရမှုသည် လာမည့်ငါးနှစ်သက်တမ်းရှိ ဗြိတိန်အစိုးရအဖွဲ့အား ဒေးဗစ်ကင်မရွန်းက ဦးဆောင်မှုပေးနိုင်ရန် လမ်းဖွင့်ပေးမည်ဖြစ်ပြီး ၎င်း၏ ပြိုင်ဘက်လေဘာပါတီမှာ ရှုံးနိမ့်မှုဖြင့် ကြုံတွေ့ရကြောင်း ယနေ့ရိုက်တာသတင်း၌ ဖော်ပြသည်။

လတ်တလောရရှိသော ရွေးကောက်ပွဲရလဒ်အရ ဒေးဗစ်ကင်မရွန်းသည် လေဘာပါတီခေါင်းဆောင် ဒေးဗစ်မီလီဘန်းအပေါ် အနိုင်ရရှိပြီး အောက်လွှတ်တော်ကို ၎င်း၏ပါတီက ထိန်းချုပ်နိုင်မည်ဖြစ်သည်။


ဗြိတိန်ရွေးကောက်ပွဲတွင် အနိုင်ရရှိသွားသည့် ဒေးဗစ်ကင်မရွန်းနှင့် ၎င်း၏ဇနီး စမန်သာ။

ဗြိတိန်နိုင်ငံရွေးကောက်ပွဲ၌ အနိုင်ရရှိသူ ဒေးဗစ်ကင်မရွန်းသည် မကြာမီ ဗြိတိသျှဘုရင်မကြီးနှင့် တွေ့ဆုံကာ ၎င်းအဆိုပြုသော ဗြိတိန်အစိုးရ ဝန်ကြီးအဖွဲ့ဝင် အမည်စာရင်းကို တင်ပြဖွယ်ရှိသည်။

ရွေးကောက်ပွဲ ရှုံးနိမ့်ခဲ့သည့် ဗြိတိသျှ လေဘာပါတီခေါင်းဆောင် ဒေးဗစ်မီလီဘန်းမှာ အတိုက်အခံ ခေါင်းဆောင်နေရာမှ ဆင်းပေးမည်ဟု မျှော်လင့်ရပြီး ယင်းရွေးကောက်ပွဲ လေဘာပါတီရှုံးနိမ့်မှုနှင့် ပတ်သက်၍ ၎င်းတစ်ဦးတည်းသာ တာဝန်ရှိကြောင်း ၎င်း၏အင်တာနက် တွစ်တာ၌ ရေးသားခဲ့သည်။ **ရိုက်တာ။**

# ၁၀ နှစ်အတွင်း နျူကလီးယားဓာတ်အားပေး စက်ရုံတည်ဆောက်ရန် အင်ဒိုနီးရှား စီစဉ်

**ဂျကာတာ မေ ၈**

အင်ဒိုနီးရှားအစိုးရသည် မြင့်မားလာသော စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးမှုအနေဖြင့် စွမ်းအင်အလုံအလောက်ရရှိရန် ကြိုးပမ်းချက်တစ်ခုအဖြစ် ၂၀၂၄ ခုနှစ် သို့မဟုတ် ၂၀၂၅ ခုနှစ်တွင် ဓာတ်အားထုတ်လုပ်ရန် သတ်မှတ်ထားသည့် နျူကလီးယားဓာတ်အားပေးစက်ရုံ ဆောက်လုပ်မှုကို စတင်တော့မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက မေ ၈ ရက်တွင် ပြောကြားသည်။

နျူကလီးယားစွမ်းအင်မှာ ယခုအချိန်ထိ လိုအပ်လျက်ရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် ရုပ်ကြွင်းလောင်စာစွမ်းအင် အရန်ပမာဏမှာ အနာဂတ်တွင် ကုန်ဆုံးသွားမည်ဖြစ်ကြောင်း စွမ်းအင်နှင့် သတ္တုတွင်းဝန်ကြီးဌာန ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဌာနမှ ညွှန်ကြားရေးမှူးချုပ် ရီဒါမူညာနာက ပြောကြားသည်။ ပြီးခဲ့သည့်နှစ်များအတွင်း ဂျီဒီပီအသင့်အတင့် တိုးတက်လာမှုနှင့်အတူ အင်ဒိုနီးရှားနိုင်ငံ၏ စွမ်းအင်လိုအပ်ချက်သိသိသာသာ မြင့်တက်လာခဲ့ပြီး ယင်းအချက်က အစိုးရအား စွမ်းအင်ထောက်ပံ့မှုကို မြှင့်တင်ရန် တွန်းအားပေးခဲ့သည်။ မကြာသေးမီနှစ်များက မဂ္ဂါဝပ် ၁၀၀၀၀ ရှိသည့် ဓာတ်အားပေးစက်ရုံ နှစ်ရုံ စီမံကိန်းများ အင်ဒိုနီးရှားနိုင်ငံက တည်ဆောက်ပြီးနောက် လာမည့်ငါးနှစ်တာကာလအတွင်း သမ္မတ ဂျိုကိုဝီဒိုဒိုက မဂ္ဂါဝပ် ၃၅၀၀၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံဆောက်လုပ်ရန် ပစ်မှတ်ထားနေသည်။

"ကျွန်တော်တို့ ပြန်လည်ပြည့်ဖြိုးမြဲမဟုတ်တာနဲ့ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ရင်းမြစ်တွေရှိနေပေမယ့် ဓာတ်အားပြတ်တောက်နေတာပါပဲ"ဟု ၎င်းက ဆိုသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ဘန်ကာဘယ်တီတန်နှင့် ဘော်နီယိုဒေသတွင်ရှိသည့် ပလူတိုနီယမ်နှင့် ယူရေနီယမ် အရန်စွမ်းအင်များလည်းရှိသည်။

**ဆင်ဟွာ။**

# ကလေးတစ်ဦးကို မတရားရိုက်နှက်မှုဖြင့် တရုတ်အမျိုးသားအား ဖမ်းဆီး

**ပေကျင်း မေ ၈**

တရုတ်နိုင်ငံ ရှန်စီပြည်နယ်တွင် ကလေးငယ်တစ်ဦးကို မတရားရိုက်နှက်သည်ဟု စွပ်စွဲချက်ဖြင့် အမျိုးသားတစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများက ယနေ့ဖော်ပြသည်။

ဂျူယိုချွမ်ခရိုင်တွင် လူသွားလမ်းစကြံတစ်ခုပေါ်၌ နှစ်နှစ်အရွယ်ကလေးတစ်ဦးကို အမျိုးသားတစ်ဦးက အကြိမ်ကြိမ် ရိုက်နှက်နေခြင်းအား လုံခြုံရေးကင်မရာက ရိုက်ကူးထားခဲ့သည်။ ယင်းဖြစ်ရပ်အပေါ် အများပြည်သူတို့က မခံမရပ်နိုင်ဖြစ်နေကြသည်။

လူမှုရေးမီဒီယာများတွင် လူပြောအများဆုံး အကြောင်းအရာဖြစ်နေပြီး အခင်းဖြစ်နေစဉ် မကူညီဘဲ အနီးမှ ဖြတ်သန်းသွားကြသူများကို ဝိုင်းဝန်းဝေဖန်ကြသည်။ ကလေးငယ်မှာ ဦးခေါင်းဒဏ်ရာရရှိသွားခဲ့ပြီး အသက်အန္တရာယ်စိုးရိမ်ရသည့် အခြေအနေမရှိဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

မျိုးရိုးအမည် 'ဝမ်'ဟုခေါ်သော အသက် (၂၈)နှစ်ရှိ ၎င်းအမျိုးသားသည် စိတ်ရောဂါခံစားနေရသည်ဟု ယုံကြည်ရကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။ ၎င်းကို မေ ၇ ရက် နှောင်းပိုင်းတွင် ထိန်းသိမ်းခဲ့သည်။

ဗီဒီယိုမှ ထုတ်လွှင့်ပြသရာတွင် ကလေးသည် စားသောက်ဆိုင်တစ်ဆိုင်ရှေ့၌ ကစားနေစဉ် အမျိုးသားတစ်ဦး ရောက်ရှိလာပြီး ရုတ်တရက်ကလေးကို ရိုက်လိုက်ရာ ကလေးမှာမြေပြင်သို့ လဲကျသွားခဲ့သည်။ ၎င်းသည် ကလေး၏ခေါင်းကို အကြိမ်ကြိမ်ထုနှက်ခဲ့ပြီး တံမြက်စည်းတစ်ချောင်းဖြင့်လည်း အနည်းဆုံးစက္ကန့် ၃၀ ကြာ ရိုက်ခဲ့သည်။

အဆိုပါ ဗီဒီယိုကို လူ ၁၇ သန်းကျော် ကြည့်ရှုခဲ့ကြသည်။ တရုတ်နိုင်ငံ၏ ဝက်ဘ်ဆိုက်တစ်ခု၌တင်ထားရာ ကြည့်ရှုသူတစ်ဦးက ကလေးကို ရိုက်နှက်ခဲ့သော အဆိုပါ အမျိုးသားအား ချက်ချင်းသေဒဏ်ပေးရမည်ဟု ဆိုသည်။ **ရိုက်တာ။**

# ပါကစ္စတန် ရဟတ်ယာဉ်ပျက်ကျမှုကြောင့် နော်ဝေနှင့် ဖိလစ်ပိုင်သံအမတ်ကြီးများ သေဆုံး

**အစ္စလာမ္မာဘတ် မေ ၈**

ပါကစ္စတန်နိုင်ငံ မြောက်ပိုင်း၌ လုပ်ငန်းစီမံကိန်းများ စတင်ဆောင်ရွက်ရန် သံတမန်များတင်ဆောင်လာသော ပါကစ္စတန် စစ်ဘက်ရဟတ်ယာဉ်တစ်စင်း မေ ၈ ရက်က ပျက်ကျခဲ့ရာ နော်ဝေနှင့် ဖိလစ်ပိုင်သံအမတ်ကြီးများ၊ မလေးရှားနှင့် အင်ဒိုနီးရှား သံအမတ်ကြီးတို့၏ ဇနီးများအပါအဝင် လူခြောက်ဦးသေဆုံးသွားကြောင်း ပါကစ္စတန်တပ်မတော်က ပြောကြားသည်။

အဆိုပါ ရဟတ်ယာဉ်ပျက်ကျချိန်တွင် ဝန်ကြီးချုပ် နာဝပ်ရှရစ်ဖ်မှာ စီမံကိန်းနှစ်ခု စတင်ဆောင်ရွက်ရန် သီးခြား လေယာဉ်တစ်စင်းဖြင့် တောင်ထူထပ်သည့် မြောက်ပိုင်းနယ် မြေဂီလ်ဂစ်သို့ သွားရောက်လျက်ရှိသည်။ ဝန်ကြီးချုပ်မှာ အစ္စလာမ္မာဘတ်သို့ ပြန်လည်ရောက်ရှိပြီဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံးက ဆိုသည်။ တပ်မတော်မှ ပြောရေးဆိုခွင့်ရှိသူ အဆင်ဘဂျ်ဝါက တွစ်တာပို့စ်တစ်ခုတွင် နိုင်ငံခြားသားလေးဦးနှင့် ရဟတ်ယာဉ်မှူးနှစ်ဦးလည်း သေဆုံးခဲ့သည်ဟု ရေးသားထားသည်။

ပိုလန်နှင့်နယ်သာလန်သံအမတ်တို့မှာလည်း ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ၎င်းက ဆိုသည်။ မီဒီယာများက MI-17 ရဟတ်ယာဉ်မှာ ဂီလ်ဂစ်ဒေသရှိ စာသင်ကျောင်းတစ်ကျောင်းပေါ် ပျက်ကျကာ မီးလောင်သွားစဉ် ရဟတ်ယာဉ်ပေါ်၌ နိုင်ငံခြားသား ၁၁ ဦးနှင့် ပါကစ္စတန်နိုင်ငံသား ခြောက်ဦးရှိနေကြောင်း ပြောကြားသည်။ **ဆင်ဟွာ။**






# နီပေါတွင် ကလေးတစ်သန်းနီးပါး ကျောင်းမတက်နိုင်

**ခတ္တမန္ဒူ မေ ၈**

နီပေါနိုင်ငံ၌ လွန်ခဲ့သည့်လက ငလျင်ကြီးလှုပ်ခတ်ခဲ့ပြီးနောက် ကလေးတစ်သန်းနီးပါးမှာ ကျောင်းတက်နိုင်မည်မဟုတ်ကြောင်း ယူနီဆက်က ယနေ့ပြောကြားသည်။

ငလျင်ဒဏ်ကြောင့် ကျောင်း ၁၀ ကျောင်းလျှင် ကိုးကျောင်းပျက်စီးသွားခဲ့ပြီဟု ယူနီဆက်က ပြောသည်။ ယင်းအပြင် စာသင်ခန်းပေါင်း ၂၄၀၀၀ နီးပါး ပျက်စီးသွားခဲ့ကြောင်း ထပ်မံပြောကြားသည်။

ယူနီဆက်က ကလေးများအတွက် ယာယီစာသင်ခန်းများ ဆောက်လုပ်ရန် ကြိုးစားလျက်ရှိသည်။

လက်ရှိအခြေအနေမှာ နိုင်ငံတွင်းရှိ ကျောင်းများအားလုံးကို ပိတ်ထားသည်။ သို့သော် ထိုကျောင်းများအနက်မှ အချို့ကို ငလျင်ဒုက္ခသည်များအတွက် ယာယီနားခိုရာများအဖြစ် အသုံးပြုလျက်ရှိသည်။

မေလ ၁၅ ရက်နေ့တွင် ကျောင်းများပြန်ဖွင့်ရန် အစီအစဉ်ရှိသည်ဟု ဆိုသည်။

လူသားချင်းစာနာထောက်ထားသော လူမှုရေးလုပ်ငန်းများနှင့် ရှင်းလင်းရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေစဉ် ယူနီဆက်က ကလေးများအတွက် အခြားနည်းလမ်းများဖြင့် စာသင်ခန်းများ ဖွင့်လှစ်ပေးရန် အထူးပင် လိုအပ်နေသည်ဟု ပြောသည်။ ကလေးများကို အန္တရာယ်ကင်းဝေးစွာပညာသင်ကြားပေးရန်အတွက်ဖြစ်သည်ဟုဆိုသည်။

ကလေးများသည် ကျောင်းတက်ရန်လိုအပ်ကြောင်း၊ ငလျင်ကြောင့် စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာရနေသော ကလေးများကို အကာအကွယ်ပေးနိုင်သည်မှာ ကျောင်းများဖြစ်ကြောင်း ယူနီဆက်မှ ပြောရေးဆိုခွင့်ရှိသူ ကင့်ပိတ်က ပြောကြားသည်။

**ရိုက်တာ။**

## မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ် လှုပ်ရှားမှု ဖွင့်လှစ်ဆောင်ရွက်

**ဘားအံ မေ ၈**

ကရင်ပြည်နယ်အတွင်း မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို မေ ၄ ရက် နံနက် ၈ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမတွင် ကျင်းပခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီး များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ မိခင်များနှင့်ကလေးသူငယ်များ တက်ရောက်ခဲ့ကြသည်။

ရှေ့ဦးစွာပြည်နယ်ဝန်ကြီးချုပ်က မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှုတွင် ငါးနှစ်အောက် မွေးစာရင်းမပြုစုရသေးဘဲ ကျန်ရှိနေသော ကလေးငယ်များ မွေးဖွားမှုမှတ်ပုံတင်ပေးခြင်းလုပ်ငန်းဖြစ်ကြောင်း၊ ဘားအံတွင် မီးဖွားမှုမှတ်ပုံတင်ခြင်းရက်သတ္တပတ်လှုပ်ရှားမှုကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး အတွက် ၁၂ နေရာထားရှိပြီး၊ မေ ၄ ရက် မှ ၈ ရက် အထိ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် တာဝန်ရှိသော နှီးနွှယ်ရာဌာနများ၊ အဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့သည်။ ဆက်လက်၍ UNICEF မော်လမြိုင်မှ Ms.Anne Cecile Vialle နှင့် ဒုတိယပြည်နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာကျော်စွာမြင့်က မွေးဖွားမှုမှတ်ပုံတင်ခြင်းဆိုင်ရာအရေးကြီးပုံကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှိုင်းဘွဲမြို့နယ် ရွှေဂူနီးအထက်ဘုန်းတော်ကြီးကျောင်းနှင့် မြိုင်ကြီးငူဒေသရှိ မွေးဖွားမှုမှတ်ပုံတင်ခြင်း ဆောင်ရွက်ပေးနေမှုများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ယင်းမာပင်ခရိုင် ကနီမြို့နယ်၌မြေအောက်ရေဖြင့်စိုက်ပျိုးသော ပဲတီစိမ်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိနေ

**ကနီ မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ချိုင်ကျေးရွာအုပ်စု သရက်ပင်ကျေးရွာ ကွင်းအမှတ် (၁၂၈၃-ဂ) တွင် မြေအောက်ရေကို လေးလက်မစက်ရေတွင်းများအသုံးပြု၍ ရယူစိုက်ပျိုးထားသော ပဲတီစိမ်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

ယခုနှစ်အတွင်း မတ်လကုန်မှ စတင်စိုက်ပျိုးထားသော ပဲတီစိမ်းများကို မေလကုန်ပိုင်းခန့်တွင် ပဲများစတင်ရိတ်သိမ်းနိုင်ပြီဖြစ်ပြီး ယခုနှစ်တွင် ပဲတီစိမ်းတစ်ဧကကို တင်း ၂၀ ကျော်ထွက်နိုင်မည်ဖြစ်ကြောင်း ယင်းဒေသမှဒေသခံများက မျှော်မှန်းထားသည်။

"ကျွန်တော်တို့ ပဲတီစိမ်း မျိုးစေ့တစ်ပြည်ကို ကျပ် ၄၇၀၀ နဲ့ ဝယ်ရပါတယ်။ တစ်ဧကမှာ မျိုးစေ့သုံးပြည်လောက်စိုက်ရပါတယ်။ နောက်စိုက်ပျိုးဖို့အတွက် မြေပြင်တာနဲ့ စိုက်ပျိုးဖြစ်တဲ့အထိ ထွန်စက်ငှားရမ်းခက ကျပ် ၂၅၀၀၀ ကျပါတယ်။

"နောက်ပြီးကျွန်တော်တို့ နွားတစ်ရှဉ်းငှားရင် ကျပ် ၁၅၀၀၀ ကုန်ကျပါတယ်။ စိုက်ပျိုးပြီး အပင်ပေါက်ကနေ ပဲတွေအောင်မြင်တဲ့ အထိ ရေကိုလေးကြိမ်တင်ပေးရပါတယ်။ တစ်ကြိမ်တင်ရင် ဒီဇယ်ငါးဂါလန်နဲ့ စက်ငှားခက ကျပ် ၁၀၀၀၀ ပေးရပါတယ်။ ပေါင်းလိုက်



တစ်ဧကကို အလုပ်သမားရှစ်ယောက်ငှားရမ်းရပြီး တစ်ယောက်ကို ကျပ် ၂၅၀၀ ပေးရပါတယ်။ ပဲတွေဖြစ်ထွန်းစေရန်အတွက်လည်း တစ်ဧကကို မြေသြဇာ တစ်အိတ် ကျပ် ၆၄၀၀၀ ပေးရပါတယ်။ စုစုပေါင်း စိုက်ပျိုးမှုကုန်ကျမှုစရိတ်မှာ ကျပ် သုံးသိန်းကျော်လောက်ကုန်ကျပါတယ်" ဟု သရက်ပင်ကျေးရွာမှ ပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

ယခုပဲတီစိမ်းမှာ တစ်တင်းလျှင် ကျပ် ၄၀၀၀၀ ဝန်းကျင်ရှိ၍ အချိန်တိုအတွင်း ငွေကုန်သက်သာပြီး အမြတ်များသည့်အပြင် ဒေသခံများအား လုပ်သားငှားရမ်းခြင်းကြောင့် ဒေသခံများလည်း အလုပ်အကိုင်ရရှိ၍ အဆင်ပြေကြောင်း သိရသည်။

"ကျွန်တော်တို့ရွာက လက်လုပ်လက်စား အလုပ်သမားတွေကို ပေါင်းပေါက်ငှားရမ်းရတော့ အဲ့ဒီအလုပ်သမားများတွေအတွက်လည်း နွေရာသီမှာ ဝင်ငွေရရှိပါတယ်" ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

**သန်းဌွေးအောင်(ကနီ)**

## လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့

**စဉ့်ကူး မေ ၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ငါးအိမ်ထောင်ကျေးရွာတွင် ဧပြီ ၂၄ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်လေးလုံး ပျက်စီးသွားပြီး ၁၉ လုံးပြိုပျက်မှုများရှိခဲ့ရာ မြို့နယ်မှ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ လေဘေးသင့်ကျေးရွာသို့ စဉ့်ကူးမြို့နယ် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်ကျော်သန်းနှင့် မြို့နယ်ကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများ၊ မြို့နယ်ကြက်ခြေနီ ဒုတပ်ရင်းမှူးနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် ဧပြီ ၂၈ ရက်က ငါးအိမ်ထောင်ကျေးရွာသို့ သွားရောက်ပြီး ကျေးရွာတာဝန်ရှိသူများ၊ လေဘေးသင့်အိမ်ထောင်စုဝင်များနှင့် တွေ့ဆုံကာ အားပေးစကားများပြောကြားခဲ့သည်။

လေဘေးသင့်အိမ်ထောင်စု ၂၃ စုအား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့က ထောက်ပံ့သည့် ကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၂၁ မျိုးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းမောင်(စဉ့်ကူး)**

## စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ စမြစ်ချောင်းရေကျော်အောင်ပွဲ ကျင်းပ

**ကန့်ဘလူ မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပေကုန်း(တ)ကျေးရွာ၌ စမြစ်ချောင်းရေကျော်အောင်ပွဲနှင့် အောင်မြင်ရေးတံတား တစ်နှစ်ပြည့်အထိမ်းအမှတ်ပွဲ အခမ်းအနားကို မေ ၅ ရက် နံနက် ၈ နာရီက အဆိုပါတံတား၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါရေကျော်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသဖွံ့ဖြိုးရေးခွဲဝေရန်ပုံငွေနှင့် ပြည်သူများထည့်ဝင်ငွေဖြင့် စမြစ်ချောင်းကိုဖြတ်၍ တည်ဆောက်ခြင်းဖြစ်ကြောင်းသိရသည်။

ယင်းစမြစ်ချောင်းရေကျော်ကို အရှည်ပေ ၁၀၀ အကျယ် ၁၃ ပေ ပြုလုပ်ထားကြောင်း ရေကျော်ဖြစ်မြောက်ရေးကော်မတီမှ ဦးကျော်စိုးနိုင်က ပြောသည်။

"ကျွန်တော်တို့ကျေးရွာမှာ အိမ်ခြေ ၄၂၀ ရှိပါတယ်။ လူဦးရေ ၄၂၀၀ ကျော်နေထိုင်ကြပါတယ်။ အရှေ့ရွာနဲ့အနောက်ရွာကို ချောင်းခြားထားပါတယ်။ မိုးရာသီချောင်းရေကျလာရင် ရွာသူ၊ ရွာသားတွေ၊ ဆရာ ဆရာမတွေနဲ့ ကျောင်းသား ကျောင်းသူတွေ၊ ဈေးသည်တွေမှာ သွားလာရေးခက်ခဲလှပါတယ်။အရင်က ရွာသူ၊ ရွာသားတွေရဲ့လှူဒါန်းမှုနဲ့ အလျားပေ ၁၃၀၊ အကျယ် ၆ ပေရှိ ဆိုင်ကယ်နဲ့ လူကူးတံတားတည်ဆောက်ထားပါတယ်။ အခုလို ရေကျော်ပါပြုလုပ်လိုက်တော့ ကားတွေ၊ လှည်းတွေ၊ ကျွဲ၊ နွားတွေ သွားလာရေးလွယ်ကူနေပါတယ်" ဟု အဆိုပါကျေးရွာနေ ပြည်သူတစ်ဦးက ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## ခွေးကိုက်ခံရသူအများစုမှာ ပြင်ပမှဆေးများကို ဈေးကြီးပေးဝယ်ထိုးနေကြရ

**သာစည် မေ ၈**

သာစည်မြို့ပေါ်ရပ်ကွက်များနှင့် ကျေးလက်ဒေသအချို့တွင် ယခုရက်ပိုင်းအတွင်း ခွေးရူးကိုက်ခံရသည့်သူများ၊ များပြားလျက်ရှိပြီး ခွေးရူးကိုက်ခံရသူများသည် မိမိတို့၏ အသက်ဆုံးရှုံးမှုမရှိစေရေးအတွက် မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြသကုသရာတွင်လည်း ဆေးရုံကြီးတွင် ခွေးရူးပြန်ရောဂါကာကွယ်ဆေးမှာ လုံလောက်မှုမရှိသဖြင့် ပြင်ပမှဆေးများကို ဈေးကြီးပေး၍ ဝယ်ယူထိုးနှံနေကြရကြောင်း သိရသည်။

ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးတစ်လုံးကို ပြင်ပတွင်ဝယ်ယူရာ၌ ဆေးတစ်လုံးလျှင် ကျပ် ၁၁၀၀၀ ပေး၍ ဝယ်ယူနေကြရပြီး မြို့နယ်ဆေးရုံကြီးတွင် ပြည်သူများအတွက် နိုင်ငံတော်မှပေးပို့ထားသည့် ခွေးရူးပြန်ရောဂါကာကွယ်ဆေးမှာ အကိုက်ခံရသည့်လူနာနှင့် လုံလောက်မှုမရှိဟုလည်း သိရသည်။

ခွေးရူးကိုက်ခံရသည့် ဆင်းရဲနွမ်းပါးသူအချို့မှာ ပြင်ပအလှူရှင်ဖြစ်သည့် ရွှေနဂါးပွဲရုံသို့ သွားရောက်၍ အကူအညီတောင်းခံပြီး ကာကွယ်ဆေး ငါးလုံးပြည့်အောင် ထိုးနှံနေကြရ၍ ရွှေနဂါးပွဲရုံမိသားစုသည် မည်သည့်ဝေဒနာရှင်မဆို အကူအညီတောင်းခံလာပါက ငွေသော်လည်းကောင်း၊ ဆေးသော်လည်းကောင်း ပံ့ပိုးအကူအညီများ ပေးလျက်ရှိကြောင်း သိရသည်။



"ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးက ပြင်ပမှာဝယ်ရင် ကာကွယ်ဆေးတစ်လုံးကို ကျပ် ၁၁၀၀၀ ပေးဝယ်ရတယ်။ ရက်ပိုင်းခြားပြီး ငါးလုံးပြည့်အောင် ထိုးရတာဆိုတော့ တချို့က ငွေကြေးမတတ်နိုင်ဘူး။ တချို့လည်း ခွေးကိုက်ပေမယ့် ဆေးမထိုးနိုင်လို့ အသက်ဆုံးရှုံးသွားရတဲ့သူတွေလည်း ရှိပါတယ်။ မြို့နယ်ပြည်သူ့ဆေးရုံကြီးမှာ နိုင်ငံတော်က ခွေးရူးကိုက်ခံရတဲ့ လူနာအတွက် ခွေးရူးပြန်ရောဂါကာကွယ်ဆေးတွေ ပေးပို့ထားတယ်လို့ သိရပေမယ့် ခွေးကိုက်ခံရတဲ့လူတွေက များတယ်လို့ ဆေးရုံကပြောပြတယ်လေ။ အရင်အကိုက်ခံရတဲ့လူနာတွေအတွက်ပဲရှိတယ်။ ဆေးက လုံလောက်မှုမရှိဘူးဆိုတော့ အပြင်ကအလှူရှင်ဆီကရရင်ရ မရလို့ရှိရင်လည်း ငွေကြေးရှာဖွေပြီး ပြင်ပမှာဝယ်ထိုးနေကြရပါတယ်။ မြို့နယ်ပြည်သူ့ဆေးရုံကြီးကို နိုင်ငံတော်က ခွေးရူးပြန်ရောဂါကာကွယ်ဆေး ဘယ်လောက်ပို့ထားတယ်။ လက်ရှိဘယ်လောက်ပဲကျန်တော့တယ်ဆိုတာ အများပြည်သူ ထင်သာမြင်သာရှိအောင် ဆေးရုံကြီးရဲ့ ကြော်ငြာသင်ပုန်းမှာ ရေးထားသင့်ပါတယ်" ဟု ခွေးရူးကိုက်ခံရသည့် မြေစိုမုန်တောကျေးရွာမှ ကိုလှဦးက ပြောပြသည်။

**မောင်ကို(သာစည်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန၊ ပုသိမ်မြို့၌ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် ပြည်တွင်းဆောက် လုပ်ရေးလုပ်ငန်းရှင်/ကုမ္ပဏီများအား အိတ်ဖွင့် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တိုင်းဒေသကြီးညွှန်ကြားရေးမှူးနေအိမ်(၁)လုံး ဆောက်လုပ်ခြင်း (၆၀'×၄၀')

(ခ) (၆)ခန်းတွဲ (၂)ထပ် ဝန်ထမ်းနေအိမ်(၁)လုံး ဆောက်လုပ်ခြင်း (၁၃၄'×၃၅'×၂၀')နှင့် မြေဖို့ခြင်း၊ မြေကာနံရံ တည်ဆောက်ခြင်း (၂၀၀'×၁၃၀')

(ဂ) ဝန်ထမ်းအိမ်ရာဝင်းအတွင်း ကွန်ကရစ်လမ်းခင်းခြင်း (၃၀၀'×၁၈'×၈")

၂။ တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန် ဖြစ်ပါသည်။

(က) တင်ဒါလျှောက်လွှာရယူရန်-၁၁-၅-၂၀၁၅ ရက်မှ ၁၅-၅-၂၀၁၅ ရက်အထိ

(ခ) တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်-၂၆-၅ -၂၀၁၅ ရက်

(ဂ) တင်ဒါဖွင့်ရက် -၂၉-၅-၂၀၁၅ ရက်

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဧရာဝတီ တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ရုံးဖုန်း ၀၄၂-၂၃၆၃၁ နှင့် ၀၄၂-၂၃၆၁၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

**လူမှုဘဝ မြှင့်တင်ရေး သမဝါယမဖြင့် ဆောင်ရွက်ပေး**

# ရေကြောင်းသတိပေးချက်

**နေပြည်တော် မေ ၈**

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော South- East Asia Crude Oil Pipeline Company Limited သည် 300000 DWT Crude Oil Jetty waterway tm; Dredging နှင့် မြေသားစုပုံခြင်းလုပ်ငန်းသို့ Dredger HAM 312 ရေယာဉ်ဖြင့် အောက်ဖော်ပြပါ Coordinates များတွင် ၂၀၁၅ ခုနှစ် မေ ၁၀ ရက်မှ ဩဂုတ် ၁၀ ရက်အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

**(က) Dredging ပြုလုပ်မည့် လုပ်ငန်းဧရိယာ**

| Point | Latitude | Longitude |
|---|---|---|
| HN1 | 93 40' 39.03"E | 19 23' 04.45"N |
| HN2 | 93 38' 19.58"E | 19 23' 33.11"N |
| HN3 | 93 37' 56.49"E | 19 23' 40.16"N |
| HN4 | 93 37' 35.82"E | 19 23' 52.28"N |
| HN5 | 93 37' 18.83"E | 19 24' 08.72"N |
| HN6 | 93 35' 24.63"E | 19 26' 23.33"N |
| HN7 | 93 20' 43.10"E | 19 29' 54.21"N |
| HS1 | 93 40' 36.42"E | 19 22' 53.01"N |
| HS2 | 93 37' 35.69"E | 19 23' 30.14"N |
| HS3 | 93 35' 39.32"E | 19 25' 47.31"N |
| HS4 | 93 35' 23.99"E | 19 26' 02.87"N |
| HS5 | 93 35' 03.47"E | 19 26' 15.36"N |
| HS6 | 93 34' 42.34"E | 19 26' 22.73"N |
| HS7 | 93 20' 40.23"E | 19HHH 29' 44.11"N |
| GN1 | 93 41' 34.75"E | 19 22' 21.01"N |

| Point | Latitude | Longitude |
|---|---|---|
| GN2 | 93 41' 07.25"E | 19 22' 58.56"N |
| GS1 | 93 41' 30.80"E | 19 22' 04.71"N |
| GS2 | 93 41' 22.93"E | 19 21'59.52N |
| GS3 | 93 41' 14.34"E | 19 22' 00.99"N |

**(ခ) မြေသားစုပုံမည့်ဧရိယာ (Toss mud area)**

**AREA(A)**

| Point | Latitude | Longitude |
|---|---|---|
| A | 93 22' 42.38"E | 19 32' 45.87"N |
| B | 93 22' 19.01"E | 19 31' 10.82"N |
| C | 93 23' 59.25"E | 19 30' 48.65"N |
| D | 93 24' 22.64"E | 19 32' 23.70"N |

**AREA(B)**

| Point | Latitude | Longitude |
|---|---|---|
| A | 93 32' 38.61"E | 19 27' 46.41"N |
| B | 93 35' 23.62"E | 19 26' 50.41"N |
| C | 93 33' 05.99"E | 19 27' 53.59"N |

**(ဂ) ရာသီဥတုဘေးအန္တရာယ်ခိုလှုံမည့်နေရာ (Shelter Anchorage)**

| Point | Latitude | Longitude |
|---|---|---|
| Shelter(1)Center Point | 93 37' 05.7420"E | 19 25' 21.2040"N |
| Shelter(2)Center Point | 93 39' 10.7779"E | 19 23' 45.4641"N |
| Shelter(3)Center Point | 93 39' 36.6783"E | 19 23' 43.9506"N |
| Shelter(4)Center Point | 93 39' 58.6483"E | 19 23' 43.8978"N |

**(ဃ) သင်္ဘောများအန္တရာယ် ကင်းလွတ်နေရာ (Beaching area)**

**AREA(1)**

| Point | Latitude | Longitude |
|---|---|---|
| A | 93 34' 40.8381"E | 19 25' 08.8180"N |
| B | 93 34' 39.6329"E | 19 25' 03.1834"N |

| Point | Latitude | Longitude |
|---|---|---|
| C | 93 35' 09.1561"E | 19 24' 55.1601"N |
| D | 93 35' 09.0128"E | 19 25' 07.4005"N |

**AREA(2)**

| Point | Latitude | Longitude |
|---|---|---|
| A | 93 35' 14.7660"E | 19 24' 58.9947"N |
| B | 93 35' 14.8818"E | 19 24' 52.8627"N |
| C | 93 35' 31.6016"E | 19 24' 54.2140"N |
| D | 93 35' 31.4619"E | 19 24' 59.0975"N |

၂။ အထက်ဖော်ပြပါလုပ်ငန်းခွင်ဧရိယာ လေးကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရေး ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ထားကြောင်း သိရသည်။

**(ကြေးမုံ)**

# တိုင်းရင်းဆေးပညာရပ်ဖြင့် မြို့များသို့ အခမဲ့ဆေးကုသ

**ချောက် မေ ၈**

စလေမြို့ အောင်စကြာ မြန်မာ့တိုင်းရင်းဆေးပညာရပ်များဖြင့် ဆရာကြီးဦးလှရွှေက မြို့များသို့လှည့်လည်၍ ဆေးကုသမှုပြုခဲ့ရာ ယခုရက်ပိုင်းအတွင်း ညောင်ဦးမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာများမှ လူနာ ၂၀၀ ခန့်အား ၁၀ ရက်တိုင်တိုင် မြန်မာ့တိုင်းရင်းဆေးဖြင့် အကြောပြင်အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

ယခင်ရက်များက နတ်မောက်မြို့နယ်အတွင်းရှိ လူနာ ၅၀၀ ခန့်နှင့် ပွင့်ဖြူမြို့နယ်ရှိကျေးရွာများမှ လူနာ ၅၀၀ ခန့် စုစုပေါင်းလူနာ ၁၂၀၀ ခန့်အား မြန်မာ့တိုင်းရင်းဆေးအကြောပြင်ပညာရပ်အပါအဝင် အခမဲ့ကုသမှုပေးခဲ့ပြီးဖြစ်သည်။

မိမိစွမ်းဆောင်နိုင်သော အသိပညာ၊ အတတ်ပညာဖြင့် ရောဂါခံစားနေရသည့် ပြည်သူများ၊ ဆင်းရဲနွမ်းပါးပြီး ဆေးကုသမှုမခံယူနိုင်သောပြည်သူများအား မိမိသက်ရှိထင်ရှားရှိနေစဉ် အနီးကပ်စောင့်ရှောက်ကုသမှုပေးလိုခြင်း၊ ကျန်းမာရေးစောင့်ရှောက်ရင်း ဘာသာရေး၊ လူမှုရေးနှင့် စုပေါင်းလှူဒါန်းမှုများအား အကောင်အထည်ဖော်လှူဒါန်းခြင်းများကြောင့် ယခုကဲ့သို့ ကုသပေးလျက်ရှိကြောင်း သိရသည်။

ယင်းအပြင် မြန်မာ့တိုင်းရင်းဆေးပညာသည် အားကိုးထိုက်သောဆေးပညာဖြစ်ကြောင်း ပြည်သူလူထုအတွင်း ယုံကြည်ကိုးစားကုသမှုခံယူစေလိုရေးရည်သန်လျက် လေဖြတ်၊ လေငန်း၊ လေဘက်နာ၊ လက်ကပ်၊ ခြေကပ်၊ ကိုယ်တစ်ပိုင်းသေ၊ တစ်ခြမ်းသေ၊ ဒူးနာ၊ ခါးနာ၊ ကျီးပေါင်း၊ မီးယပ်ရောဂါအမျိုးမျိုး၊ သွေးတိုး၊ ဆီးချို၊ သွေးချိုရောဂါများကို မြန်မာ့တိုင်းရင်းဆေးဖြင့် မြန်မာ့အကြောပြင်ပညာရပ်အပါအဝင် ပေါင်းစပ်၍ ကုသပေးသွားမည်ဖြစ်ကြောင်း ဆရာကြီးဦးလှရွှေက ပြောသည်။

ဆရာကြီးက ဆက်လက်ပြီး နာတာရှည်ရောဂါသည်များ၊ အထူးကုသလိုသော လူနာများကိုလည်း မိမိနှင့်တိုင်ပင်ကုသခံယူနိုင်ကြောင်း ပြောပြခဲ့သည်။

**မချို(ချောက်)**

# သထုံမြို့နယ်၌ ကျောင်းဖွင့်ချိန်အမီပညာသင်ကြားရေး ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်

**သထုံ မေ ၈**



၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ကျောင်းသူ၊ ကျောင်းသားများ ကျောင်းဖွင့်ချိန်အမီ အဆင်ပြေစွာ ပညာသင်ကြားနိုင်ရေးအတွက် ဆောက်လုပ်ပြီးစီးပြီဖြစ်သော သထုံမြို့နယ် လိပ်အင်းရပ်ကွက်အတွင်းရှိ သုဝဏ္ဏမူလတန်းကျောင်းဆောင်သစ်နှင့် ဇရစ်ချောင်ကျေးရွာ အလံတရာလေသာမူလတန်းကျောင်းဆောင်သစ်တို့ကို မေ ၆ ရက်က ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါကျောင်းဆောင်သစ်ပေးအပ်ပွဲကို ယင်းကျောင်းဆောင်သစ်နေရာတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် မြို့နယ်ရဲတပ်ဖွဲ့မှူး မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ယင်းကျောင်းဆောင်အား Good Day & Zaw Group ဆောက်လုပ်ရေး ကုမ္ပဏီက ဆောက်လုပ်ပြီး အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူတို့က ကျောင်းဆောင်သစ်များနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် ကျောင်းရန်ပုံငွေအတွက် ထောက်ပံ့လှူဒါန်းငွေများကို သက်ဆိုင်ရာကျောင်းများတွင် ပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံရယူသည်။

ယင်းကျောင်းများကို ပညာရေးဝန်ကြီးဌာနမှ ခွင့်ပြုငွေဖြင့် အလျားပေ ၆၀၊ အနံပေ ၃၀၊ ကုန်ကျငွေ ၂၁၆ သိန်း၊ ဖြင့် အာရ်စီ တစ်ထပ် တည်ဆောက်ခြင်းဖြစ်သည်။

**သက်ဦး(သထုံ)**

# (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

## နေ့ရက်အလိုက် ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲအစီအစဉ်များ

&up! 10-5-2015(we*aEae)

| စဉ် | ပြိုင်ပွဲကျင်းပသည့်နေရာ | ပြိုင်ပွဲဘာသာရပ် | ပြိုင်ပွဲအဆင့် | စတင်ကျင်းပမည့်အချိန် | |
|---|---|---|---|---|---|
| ၁ | စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ) | အဆို(မဟာဂီတ)<br>အဆို(မဟာဂီတ) | ဝါသနာရှင်(ဒုတိယတန်း)အမျိုးသား<br>အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅ နှစ်အတွင်း) (အမျိုးသမီး) | နံနက်<br>နေ့လည် | ၀၉း၀၀<br>၁၃း၀၀ |
| ၂ | စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ) | အဆို(ကာလပေါ်)<br>အဆို(ကာလပေါ်) | ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား)<br>အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ၁၅နှစ်အတွင်း) (အမျိုးသား) | နံနက်<br>နေ့လည် | ၀၉း၀၀<br>၁၃း၀၀ |
| ၃ | မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ) | အက<br>အက<br>အက(ရုပ်သေး) | အဆင့်မြင့်ပညာ(အမျိုးသား)<br>အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅ နှစ်အတွင်း) (အမျိုးသမီး)<br>ဝါသနာရှင်(ဒုတိယတန်း) (အမျိုးသား) (အမျိုးသမီး) | နံနက်<br>နေ့လည် | ၀၉း၀၀<br>၁၃း၀၀ |
| ၄ | စိုက်ပျိုးရေးသုတေသန ဦးစီးဌာန (သင်တန်းခန်းမ-၁) | အရေး(တေးသီချင်းပြိုင်ပွဲ) | ဝါသနာရှင်(ပထမတန်း) | နံနက် | ၀၉း၀၀ |
| ၅ | သစ်တောသုတေသနဌာန (စုဝေးခန်းမ) | အတီး(ဆိုင်းတစ်ဦးချင်း)<br>အတီး(ဆိုင်းတစ်ဦးချင်း) | ဝါသနာရှင်(ပထမတန်း)(အမျိုးသား) (အမျိုးသမီး)<br>အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀ နှစ်အတွင်း) (အမျိုးသား) (အမျိုးသမီး) | နံနက်<br>နေ့လည် | ၀၉း၀၀<br>၁၃း၀၀ |
| ၆ | စိုက်ပျိုးရေးတက္ကသိုလ် (ပတ္တမြားခန်းမ) | အတီး(ပတ္တလား)<br>အတီး(ပတ္တလား)<br>အတီး(ပတ္တလား) | ဝါသနာရှင်(ပထမတန်း) (အမျိုးသမီး)<br>အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅ နှစ်အတွင်း) (အမျိုးသား)<br>အဆင့်မြင့်ပညာ(အမျိုးသား) | နံနက်<br>နေ့လည် | ၀၉း၀၀<br>၁၃း၀၀ |
| ၇ | စိုက်ပျိုးရေးသုတေသန ဦးစီးဌာန (စုဝေးခန်းမ) | အတီး(တယော)<br>အတီး(တယော) | ဝါသနာရှင်(ဒုတိယတန်း) (အမျိုးသား) (အမျိုးသမီး)<br>အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅ နှစ်အတွင်း) (အမျိုးသား) (အမျိုးသမီး) | နံနက်<br>နေ့လည် | ၀၉း၀၀<br>၁၃း၀၀ |
| ၈ | သစ်တောတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ) | အတီး(မယ်ဒလင်)<br>အတီး(မယ်ဒလင်)<br>အတီး(မယ်ဒလင်) | ဝါသနာရှင်(ဒုတိယတန်း) (အမျိုးသား) (အမျိုးသမီး)<br>အဆင့်မြင့်ပညာ(အမျိုးသား)(အမျိုးသမီး)<br>အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀ နှစ်အတွင်း) (အမျိုးသား) (အမျိုးသမီး) | နံနက်<br>နေ့လည် | ၀၉း၀၀<br>၁၃း၀၀ |

**အခန်းဆက်ဝတ္ထုရှည်**

# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်



**တက္ကသိုလ်ဘုန်းနိုင်**

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

နောက်ပိုင်းကျတော့ ဖေဖေကလည်း မမာ၊ ဝင်ငွေကလည်း မရှိ၊ ဒါနဲ့ မမကြိုင်နဲ့ မမမြိုင် ရန်ကုန်တက်အလုပ်ရှာကြတယ်။ မမကြိုင်ကတော့ ဘီအေအောင်ပြီးသားဆိုတော့ ငွေစာရင်းမင်းကြီးရုံးမှာ အလုပ်ရတယ်။

မမမြိုင်ကတော့ ဆယ်တန်းဝင်ရမယ့်နှစ်မှာ ခေတ်ပျက်သွားတယ်လား . . . အစိုးရအလုပ် မရဘူး။ ဒီတော့ ပန်းပင်ကြီးလမ်းက ပွဲရုံတစ်ရုံမှာ ပွဲရုံစာရေးဝင်လုပ်ရတယ်။ ဒီတုန်းက ကြိတ်တန်းမှာ ပွဲရုံတွေ မရှိသေးဘူး။

မမမြိုင် ပွဲရုံလုပ်ငန်း အတော်လေး နားလည်လာတဲ့ အချိန်ကျတော့ ကြိတ်တန်းက စည်လာတယ်။

မမမြိုင်လည်း စုထားတဲ့ ငွေလေးနဲ့ လက်ဝတ်လက်စားလေးပေါင်ရတာ ပေါင်းပြီး မြေဝယ် တဲထိုးတာပဲ။

မြစ်ဆိပ်နဲ့လည်း နီးတော့ တဲထိုး၊ ဆိုင်းဘုတ်တင်တာနဲ့ တစ်ပြိုင်နက် ကုန်ကတက်လာတာပဲ။ ကျန်တဲ့အပိုင်း

ကတော့ မုဆိုးစိုင်သင်ပေါ့။ လုပ်ငန်းအောင်မြင်လာတော့ မမကြိုင်ကိုပါ အလုပ်က ထွက်ခိုင်းပြီး ပွဲရုံထိုင်ခိုင်းရတာပဲ . . ."

ကျွန်တော်သည် အံ့သြချီးမွမ်းစိတ်ဖြင့် မြိုင့်ကို ကြည့်မိသည်။

"မမမြိုင် သိပ်သတ္တိကောင်းတာပဲ "မြိုင်က အသာပြုံးသည်။

"သတ္တိကောင်းတယ်တော့ ဘယ်ဟုတ်မလဲ မောင်ရယ် . . .။ ခွေးတောင် ချောင်ပိတ်ပြီး အရိုက်ခံရရင် ပြန်ကိုက်ရဲသေးတာပဲ မဟုတ်လား . . ."

မြိုင်က ရယ်မောရင်း ပြောသော်လည်း ကျွန်တော့်ရင်တွင်းမှ ထိခိုက်မိသည်။ စစ်ကိုင်းတောင်ရိုးတွင် စီးပွားရေးအတွက် အပူအပင်မရှိဘဲ နေခဲ့ရသဖြင့် ဤဒုက္ခမျိုးကို မသိခဲ့။

ချောမောလှပသော မိန်းမပျိုများဖြစ်လျက် အိမ်ခန်းဆောင်တော်၏ ဘုရင်မများအစား စစ်အတွင်း မြို့တော်ဝယ် ယောကျ်ားများနှင့် ရင်ပေါင်တန်း စွန့်စားရသော သူတို့၏ ဘဝများကို ကရုဏာသက်မိသည်။

ကိုကို့ကိုလည်း အနည်းငယ် မကျေမနပ် ဖြစ်မိသည်။

"မမမြိုင် ဒီလိုလုပ်နေတာ ကိုကိုက ဘာပြောသလဲ "

ကိုကို့အား ရည်ညွှန်းသံ ကြားရသောအခါ မြိုင်၏ မျက်လုံးကြည်များသည် ခေတ္တတောက်ပသွားသည်။ အပြုံးကလေးမှာလည်း မသိမသာ ဝင်းသွားသည်ဟုထင်ရသည်။

"ကိုကိုနဲ့ မမမြိုင် ဂျပန်ဝင်စ သန်လျင်မှာ ခေတ္တပြန်တွေ့ရသေးတယ်။ နောက်တော်တော်နဲ့ မတွေ့ရပါဘူးလေ၊ ပွဲရုံဖွင့်ပြီးမှ တစ်ခါပြန်တွေ့တော့ . . . ကိုကို အတော်စိတ်ထိခိုက်သွားပုံရတယ် . . .။ လက်ထပ်ဖို့တောင် ပြောသေးတယ် . . ."

မြိုင်က တုန်လှုပ်မှုမရှိဟန် အေးချမ်းစွာ ပြောနေ၏။

"ဒါပေမယ့် မောင့်ကိုတော့ မမမြိုင် ရှက်နေဖို့ မလိုတော့ပါဘူး . . .။ ကိုကို့ကို မမမြိုင် သိပ်ချစ်တယ် . . ."

မြိုင်သည် ခေတ္တရပ်သွားသည်။ စကားစဉ် ပျောက်သွား၍လော။ စကားအစရ ခက်သောကြောင့်လောမသိ။

"ဒါကို ကျွန်တော် သိပါတယ် မမမြိုင် . . ."

မြိုင်သည် ကျွန်တော့်အား ကျေးဇူးတင်ဟန် တစ်ချက်လှမ်းကြည့်ပြီး တည်ကြည်စွာ ဆက်ပြော၏။

"ကိုကို့ကို သိပ်ချစ်လို့ ကိုကို့ကို မမမြိုင် သိပ်နားလည်ခဲ့တယ်။ ကိုကိုက မမမြိုင်ထက်သူ့တိုင်းပြည်ကိုသူ ပိုချစ်သူပါ . . ."

မြိုင်သည် အပြုံးမပျက်ဆိုသည်။ သို့ရာတွင် မျက်လုံးများ၌ မျက်ရည်များ ဝေ့ဝဲနေသည်ကို ကျွန်တော်သတိပြုမိသည်။

"ဒီလိုဆိုတော့ . . . ကိုကို့ကို အသည်းနှလုံး မရှိဘူးလို့ မမမြိုင် မဆိုလိုဘူး . . .။ ကိုကို့ကို အသည်းနှလုံးရှိမှန်း လူများထက် မမမြိုင် ပိုသိတယ် . . . ကိုကို့မှာ အသည်းနှလုံးထက် . . . ဦးနှောက်ကို ပိုမို အရေးပေးတဲ့ လူပါ။ ဒီအတွက်လည်း မမမြိုင် ဂုဏ်ယူပါတယ်။ ကိုကို့ ရည်ရွယ်ချက် မအောင်မြင်ခင် ကိုကို့ကို တိုင်းပြည်ကပဲ ပိုင်နေစေချင်တယ် . . .။ မမမြိုင် မပိုင်ချင်သေးဘူး "

မြိုင်က လေအေးနှင့် ပြောနေသော်လည်း ကျွန်တော့်ရင်မှာ ဆို့နင့်မိသည်။ မြိုင့်ကိုလည်း ကြည်ညိုမိပါသည်။

"ဒါထက် . . . ဒီအိမ်ဟာ မမမြိုင်တို့ အပိုင်လား . . ."

"ဟုတ်တယ် မောင် . . .။ မောင်သိသားပဲ ဂျပန်ငွေဆိုတာ တန်ဖိုးမရှိဘူး။ ဒါကြောင့် အိမ်အရင်ဝယ်လိုက်တယ် . . .။ ပထမတော့ ဖေဖေတို့ကိုပါ ဒီမှာ ခေါ်ထားတယ်။ ဒါပေမယ့် ဖေဖေ့ သွေးတိုးရောဂါက ပိုဆိုးလာတယ် . . .။ လေယာဉ်ပျံက ခဏခဏ လာတယ်မဟုတ်လား။ နားအေးပါးအေး သန်လျင်မှာပဲ ပြန်ထားရတာပေါ့ . . .။ အဲဒါလည်း ပျဉ်းမနားမပြောင်းခင် ကိုကိုက စီမံပေးသွားတာပဲ။ မိန်းမသားတွေချည်းမို့စောင့်ရှောက်ဖို့ ဦးလေး ဦးထွန်းမောင်ကြီးကို ခေါ်ထားပေးတယ်လေ။ ပြီးတော့ နေ့လယ်က မောင်တွေ့ခဲ့တဲ့စာရေး ကိုအေးသော်ဟာလည်း ကိုကို့လူပဲ . . ."

"ဟော . . . ညတောင် နက်သွားပြီ မောင်။ မနက်ကို မောင် သန်လျင်ဘက် ကူးဦးမယ် မဟုတ်လား။ အိပ်ပေတော့။ မောင့်ကိုတွေ့ရင် ခိုင်က သိပ်ဝမ်းသာမှာပဲ "

"ဟုတ်တယ် မမမြိုင် . . .။ မောင်လည်း ခိုင့်ကို သိပ်တွေ့ချင်တာပဲ "

မြိုင်သည် ကျွန်တော့်မျက်လုံးများကို တစ်ချက် စူးစူးစိုက်စိုက် ကြည့်လိုက်သည်။ ထို့နောက် သက်ပြင်းလေး အသာချ၍ နေရာမှထသည်။

"ကဲ . . . အိပ်ပေတော့၊ မောင် အိပ်ရာထဲ ဝင်ခါနီးရင် မီးငြိမ်းနော်။ မီးခြစ်တော့ ခေါင်းအုံးအောက်ယူထား . . ."

မြိုင်တို့အိမ်၌ အခန်းနှစ်ခန်း ရှိသည်။ တစ်ခန်းသည် မြိုင်နှင့် ကြိုင် အခန်းဖြစ်၍၊ အခြားတစ်ခန်းသည် မြိုင်တို့ အဒေါ်နှင့် အိမ်ဖော်မလေးတို့အတွက်ဖြစ်သည်။

အခန်းအပြင်ဘက် ဧည့်ခန်းကြမ်းပြင် အိမ်ဦးပိုင်းတွင် ကျွန်တော့်အတွက် အိပ်ယာပြင်ထားသည်။

ကျွန်တော်နှင့်ယှဉ်လျက် အခြားအိပ်ယာတစ်ခု၌ ဦးထွန်းမောင်ကြီး အိပ်သည်။ မီးအိမ်ကို ငြိမ်းလိုက်သောအခါ တစ်ခန်းလုံး မှောင်သွားသည်။ ခြင်ထောင်ချပြီး ပက်လက်လှန်လျက်အိပ်မပျော်သေးဘဲ ကျွန်တော်သည် တွေးမိတွေးရာ တွေးနေမိသေးသည်။

အခန်းတွင်းမှ ကြိုင်၏ ဓမ္မစကြာတရားရွတ်သံကို မတိုးမကျယ် ကြားရသည်။

" . . . အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံပစ္ဆံ နလဗ္ဘတိ၊ တမ္ပိဒုက္ခံ၊ သံခိတ္တေန၊ ပဉ္စုပါဒါ နက္ခန္ဓာပိဒုက္ခာ . . ."စစ်ကိုင်းတောင်မှ ထွက်ခွာလာကတည်းက မကြားရပြီဖြစ်သော ဓမ္မစကြာတရားသာတည်း . . .။ အနက်အဓိပ္ပါယ်ကို သိသော ကျွန်တော့်ရင်တွင်း ဆွေးမြေ့ခြင်းနှင့် သံဝေဂတို့ ယှဉ်ပြိုင်ပေါ်ပေါက်လာပါ၏။ "အပ္ပိယေဟိ - မချစ်မနှစ်လိုအပ်သော သတ္တဝါသင်္ခါရတို့နှင့်၊ သမ္ပယောဂေါ - အတူတကွ ပေါင်းယှဉ်ရခြင်းသည်လည်း၊ ဒုက္ခော - ဆင်းရဲ၏။ ပိယေဟိ - ချစ်နှစ်လိုအပ်သော သတ္တဝါသင်္ခါရတို့နှင့်၊ ဝိပ္ပယောဂေါ - ကွေကွင်းကင်းကွာ ရှဲခွာဖဲကြဉ် မပေါင်းယှဉ်ရခြင်းသည်လည်း၊ ဒုက္ခော -ဆင်းရဲ၏။ ယံပစ္ဆံ - အကြင် ပဋ္ဌိသန္ဓေနေရခြင်းစသော ဘဘောတရား၊ ငါ့အား မဖြစ်မူ ကောင်းလေစွစသည်ဖြင့် တောင့်တခြင်းကို၊ နလဗ္ဘတိ - မရအပ်။ တံပိ - ထိုတောင့်တတိုင်း မရခြင်းသည်လည်း၊ ဒုက္ခံ - ဆင်းရဲ၏။

နောက်တစ်နေ့နံနက်၌ လက်ဖက်ရည်၊ မုန့်များ စားသောက်ပြီးသောအခါ ကျွန်တော်သည် ကြိုင်၊ မြိုင်တို့နှင့် အတူပွဲရုံသို့ လာခဲ့သည်။ ပွဲရုံထိအောင် မလိုက်ဘဲ ဈေးထောင့်ရှိ မြင်းလှည်းဆိပ်တွင် နေရစ်သည်။

မြင်းလှည်းအများမှာ ဗဟန်း၊ ကမာရွတ် စသည့်ဘက်သို့ အသွားများသည်။ ကျွန်တော်သွားလိုသော ညောင်ပင်လေးဆိပ်ကမ်းသို့ ပို့မည့် မြင်းလှည်းတစ်စီးသာရှိသည်။ ဤ လှည်းတစ်စီးကလည်း လူပြည့်အောင်တစ်နာရီကျော် စောင့်ရသည်။

မြင်းလှည်းသည် ထီးတန်းဘက်မှ လှည့်၍ အလုံကမ်းနားတစ်လျှောက်ပြေးသည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


# ဂုဏ်ယူဝမ်းမြောက်ခြင်း

အ.ထ.က(၄)ဗိုလ်တထောင် Grade-6(A) တန်းမှ
**မအိခြေနွေမြင့်မိုရ်** (ခေါ်) Dimple သည် British Council မှ
ကြီးမှူးကျင်းပသော Cambridge YLE Exams များဖြစ်သည့်
Starters, Movers, Flyers စာမေးပွဲအဆင့်ဆင့်တွင်
(15 Shields) အပြည့်စိဖြင့် ဆက်တိုက်အောင်မြင်သဖြင့်
ဂုဏ်ယူ ဝမ်းမြောက်ပါသည်။

Bonita Academy of English
No.142, 46th St., Botahtaung Tsp., Ygn.
Ph:01-294328,09-5056872,09-254127116



## urP0exr;t v&on

1. B.Pharm - (M/F 5p)
   - Medical representative, U-30y/o
2. B.N.Sc - (M/F 10p)
   - Sales and marketing အသက်(၃၀)နှစ်အောက်
3. Store Keeper
   - အသက်(၃၅)နှစ်အောက် ကုန်ပစ္စည်းအဝင်အထွက် ကျွမ်းကျင်နိုင်နင်းသူ
4. Computer Operator - (F 4p)
   - ဘွဲ့ရ၊ အသက်(၃၀)နှစ်အောက်၊ Computer(MS Word + Excel) ကျွမ်းကျင်သူ
5. Packing & Delivery - (M/F 5p)
   - အထက်တန်းအောင်၊ အသက်(၃၀)နှစ်အောက်
6. Driver - (M/F 5p)
   - အသက် (၃၅)နှစ်အောက်၊ လိုင်စင်သက်တမ်းအနည်းဆုံး(၃)နှစ်

စိတ်ဝင်စားသူများ ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ရဲစခန်း ထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်တို့၏မိတ္တူကို CV Form နှင့်အတူတွဲ၍ အမှတ်-၉၉(ခ)၊ အခန်း(၃၀၆)၊ မြေနုလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ သို့ တနင်္လာနေ့မှ စနေနေ့ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။



## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## လုပ်ငန်းသုံး၊ ရုံးသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံး၊ ရုံးသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်-

| | ပစ္စည်းအမျိုးအမည် | အရေအတွက် | |
|---|---|---|---|
| ၁။ | Lens 18 mm to 200 mm (VR-II) Nikon | 3 | Nos |
| ၂။ | Flash Gun (SB-700)Nikon | 3 | Nos |
| ၃။ | Rode Video MIC Directional Video Condenser Microphone W/Mount & Shoe Mount Adapter for Sony DLSR Camera | 3 | Nos |
| ၄။ | UPS (Power Tree) 650 VA | 50 | Nos |
| ၅။ | Telephone Set ID (Caller) | 50 | Nos |
| ၆။ | Tele Wide Zoom 80 to 400mm | 2 | Nos |
| ၇။ | Flash Gun HVLF-20 m for Sony Camera ILCE-7 | 40 | Nos |
| ၈။ | Digital Camera D-7100 Body Only Nikon | 3 | Nos |
| ၉။ | Digital Camera Sony ILCE-7,24.3 Megapixel 35mm Full-Frame Exmor | 40 | Nos |
| ၁၀။ | Digital Camera Nikon D-810 Body Lens-28 to 300 VR 2 Flash Gun-910 | 6 | Nos |
| ၁၁။ | Camera Recorder Panasonic HD (AVCHD) Camcorder Box | 20 | Nos |
| ၁၂။ | LCD Projector Shot Throw with Tripod Screen (90"x 90") Lumens 4000 Panasonic | 9 | Nos |
| ၁၃။ | Conference Mic System Meeting Room (TOA) | 1 | No |
| ၁၄။ | Post Production Work Station | 2 | Nos |
| ၁၅။ | Dolby Digital Sound System (7.1) Brand (750) | 1 | No |
| ၁၆။ | Camera HD Sony Cine Alta 4K PMW-F5 | 1 | No |
| ၁၇။ | Digital Recorder Sony ICD SH-1000 | 2 | Nos |
| ၁၈။ | Personal Computer<br>Core i7 3.4, (8MB/1150), H9Z(1150/DDR3),8 GB (DDR3), 2TB, GT 630 (DDR3) 128 bit with DVI/HDMI Output<br>21.5"/22" LED DVI/HDMI, 24xDVD Writer Speaker, Keyboard, Mouse, UPS-Power Tree 650 VA | 79 | Nos |
| ၁၉။ | Digital Multifunction Copier A3 Size (Konica)<br>600x600 dpi, Resolution 32 MB 250 Sheet Paper Tray | 45 | Nos |
| ၂၀။ | Laser Printer (A4) LBP 2900 B Canon | 80 | Nos |
| ၂၁။ | Roll Paper Fax Machine A4 Panasonic | 160 | Nos |
| ၂၂။ | Scanner A4 EPSON | 60 | Nos |
| ၂၃။ | Duplo (Dp-A 100) 300x360 dpi 90 Print Per Minute | 1 | No |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၁-၅-၂၀၁၅ ရက်မှ ၁၀-၆-၂၀၁၅ ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၁-၆-၂၀၁၅ ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၃၆၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၃၆၆

တင်ဒါတင်သွင်းရန်လိပ်စာ
ပြည်တွင်း/ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇

## ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်တွင် ပထမအကြိမ် နွေရာသီ ကွန်ပျူတာရက်တိုသင်တန်းဆင်း

**ရန်ကုန် မေ ၈**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၂)ရပ်ကွက် မရမ်းခြံ မာလာရုံလမ်းတွင် တည်ရှိသည့် "အောင်သိဒ္ဓိ မဟာမြိုင်ကျောင်းတိုက်"ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဦးစီးပဓာနနာယက ကျောင်းအုပ်ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တတက္ခာစာရမဟာထေရ်၏ ကြီးမှူးလျက် ဩစတြေးလျနိုင်ငံ(ဆစ်ဒနီ) THAILAND- PRIVATE SCHOOL နည်းပြဆရာမ ဆစ်ဒနီ NURSE TELEVISI On ACTAR ကျောင်းတိုက် ထာဝရအလှူရှင် MRS. SUSANNE STUART က လှူဒါန်းထောက်ပံ့သည့် နွေရာသီ အခြေခံကွန်ပျူတာသင်တန်း၊ ပထမအကြိမ်မြောက် သင်တန်းဆင်းပွဲကို မေ ၅ ရက် ညနေ ၃ နာရီက အထက်ပါ ကျောင်းတော်ကြီး၌ ကျင်းပခဲ့သည်။

သင်တန်းကာလမှာ ရက်ပေါင်း ၃၀ ဖြစ်ပြီး သင်တန်းချိန် တစ်နေ့လျှင် နှစ်နာရီခွဲကြာ သင်ကြား၍ စီမံအုပ်ချုပ်သူ ဆရာမ ဒေါ်ဖြူဖြူမော်၊ နည်းပြဆရာ ဦးညိုလင်း၊ သီးခြားကူညီထောက်ပံ့သောစေတနာရှင် ဒေါ်အေးသန္တာခင်၊ ကျောင်းတိုက်ထာဝရအလှူရှင် MRS. SUSANNE STUART နှင့် အခြားတာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၄ ဦးရှိကြောင်း သိရသည်။

ကျောင်းအုပ်ဆရာတော်ကြီးက ကွန်ပျူတာသင်တန်းသို့ မတက်ရောက်နိုင်သည့် ကျောင်းသား ကျောင်းသူများအတွက် ယခုနှစ်ပညာသင်နှစ်တွင် အသုံးပြုရန် ကျောင်းသုံးပစ္စည်းမျိုးစုံတို့ကို အခမဲ့ပေးဝေခဲ့သည်။ **မောင်ယဉ်ဦး(နေဖြူ)**

## သဲကုန်း၌ အောင်စည်တော် တံတားသစ်ဖွင့်လှစ်ပွဲကျင်းပ

**သဲကုန်း မေ ၈**

ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၅၀ နှင့် ကျေးရွာပြည်သူများစုပေါင်းထည့်ဝင်ငွေ ကျပ်သိန်း ၅၀ တို့ဖြင့် တည်ဆောက်ခဲ့သော ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ ကြို့ရပ်သာကျေးရွာ အောင်စည်တော်တံတားသစ် ဖွင့်ပွဲအခမ်းအနားကို မေ ၆ ရက် နံနက် ၉ နာရီက ယင်းတံတားသစ် မုခ်ဦးရှေ့၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပါမောက္ခဒေါက်တာမြဦး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးကျော်မြင့်၊ ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းနှင့် ကြို့ရပ်သာအုပ်စု အုပ်ချုပ်ရေးမှူးတို့က တံတားသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါတံတားသစ်မှာ အရှည်ပေ ၈၀ နှင့် အကျယ် ၁၂ ပေရှိသော အုတ်တိုင်သံကူကွန်ကရစ် ကြမ်းခင်းတံတားအမျိုးအစားဖြစ်ပြီး ယင်းတံတားတည်ဆောက်ပေးမှုကြောင့် လမ်းအသုံးပြုသူ ခရီးသွား ပြည်သူများ ဒေသတွင်းရှိ မြို့အသီးသီးနှင့် လမ်းပန်းဆက်သွယ်သွားလာမှု အဆင်ပြေလွယ်ကူချောမွေ့သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးကျော်ကြီး (ပြည်)**

## မကွေးမြို့နယ်တွင် အခွန်အကောက်ဥပဒေနှင့် စပ်လျဉ်းသည့် အခွန်ဆိုင်ရာ ရှင်းလင်းပွဲကျင်းပ

**မကွေး မေ ၈**

မကွေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနက အခွန်ထမ်းပြည်သူများသို့ ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် စပ်လျဉ်းသည့် အခွန်ဆိုင်ရာ ရှင်းလင်းပွဲကို မေ ၆ ရက် နံနက် ၉ နာရီက မကွေးမြို့ မြို့တော်ခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ အခွန်ဆိုင်ရာ ရှင်းလင်းပွဲတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးကြည်မင်းက အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ရဲထွန်းက ၂၀၁၅ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ၊ တည်ဆဲဥပဒေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ယခုအစိုးရသစ်လက်ထက်တွင် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ နည်းဥပဒေများ စည်းမျဉ်းများနှင့် အမိန့်ကြော်ငြာစာများကို ပြင်ဆင်ပြဋ္ဌာန်းကာ ပြည်သူများရဲ့ စားဝတ်နေရေး အဆင့်အတန်း မြင့်မားလာစေရန် ရည်ရွယ်ကြောင်းသိရသည်။

ထို့ပြင် နိုင်ငံတော်အတွက် အခွန်စနစ်ဖြင့် အခြားစီးပွားရေးရည်မှန်းချက်များကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ရည်ရွယ်ကြောင်းလည်းသိရသည်။

ယင်းနောက် တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းရာ မကွေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။

**ခင်မာလာ(မကွေး)**



## ကျောင်းအတွင်းရှိ ချုံနွယ် ပေါင်းမြက်များ ရှင်းလင်း

**နေပြည်တော် မေ ၈**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်အတွင်းရှိ အကွက်ကြီး(၅) အမကကျောင်းအတွင်းရှိ ချုံနွယ်ပေါင်းမြက်များကို ဧပြီ ၂၆ ရက်မှ စတင်၍ လူအင်အား၊ စက်အင်အားများဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်ကျောင်းအပ်နှံလက်ခံချိန်အမီ ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

"လုပ်ငန်းစီမံချက်အရတော့ နှစ်စဉ်ရှင်းလင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီပညာသင်နှစ်မှာတော့ မေလပထမပတ် သန့်ရှင်းရေးနဲ့ အကြိုလုပ်ငန်းတွေလည်း စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်"ဟု မြို့နယ်ပညာရေးမှူး ဦးထွန်းမြင့်အောင် ကပြောသည်။

ထို့ပြင် ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာရှိ နယ်စပ်ဖွံ့ဖြိုးရေး ပရဟိတမှ ဆရာတော် ဘဒ္ဒန္တသတ္တာဓမ္မ ဇောတိကဓဇ ဦးသုဇနက ကူဘိုတာထွန်စက် လုပ်အားကို လှူဒါန်းပေးခဲ့သည်။

အဆိုပါ ချုံနွယ်ပေါင်းမြက်များကို ပညာသင်နှစ်အမီ ရှင်းလင်းဆောင်ရွက်ပေးခြင်းကြောင့် ကျောင်းသား ကျောင်းသူများ အနေဖြင့် ခြင်နှင့် အဆိပ်ရှိသတ္တဝါများ၏ အန္တရာယ်ကို စိုးရိမ်စရာမလိုတော့ကြောင်း မြို့နယ်ပညာရေးမှူးက ဆက်လက်ပြောသည်။

**သန့်မောင်(ပြန်/ဆက်)**




### ကွန်ဒိုတိုက်ခန်း ငှားမည်

စမ်းချောင်းမြို့နယ်၊ ဗားဂရာလမ်းမကြီး၊ ဗားဂရာကွန်ဒို၊ ၁၂၅၀ Sqft, 1Mr, 1SR ကြွေပြားခင်း၊ ရေပူ၊ ရေအေး၊ Bath tub Fully Funished TV ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ Lift (၁၄) သိန်း ဖုန်း-၀၉-၅၁၉၂၅၂၀

r;o wjy|

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ စလမ်း၊ အိမ်အမှတ်(၂၄)နေ ဒေါ်စန်းစန်းညွန့်၏သား မောင်ထက်ဇာနည်ဝင်း [၁၂/မဂတ(နိုင်)၀၈၇၁၉၅] သည် မိခင်၏ဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မောင်ထက်ဇာနည်ဝင်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း မောင်ထက်ဇာနည်ဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။ မိခင်ဒေါ်စန်းစန်းညွန့် [၁၂/မဂတ(နိုင်)၀၆၁၅၀၁]

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အဖ ဦးမောင်မောင်စန်း[၁၃/လရန(နိုင်)၀၀၇၅၆၄]၊ အမိ ဒေါ်နီလာမြင့်[၁၃/လရန(နိုင်)၀၀၇၆၆၀]၏သမီးဖြစ်သူ မအေးမြတ်မွန်ခိုင်(ခ)အိချော[၁၁/တကန(နိုင်)၀၆၂၅၆၂]သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ အိမ်ပေါ်မှ ဆင်းသွားပါသဖြင့် ဤကြေညာသည့်နေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စမှန်သမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမောင်မောင်စန်း၊ ဒေါ်နီလာမြင့် စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

### Good Light Trading Co.,Ltd r

### အလိုရှိသည်

ယာဉ်မောင်း ကျား(၅)ဦး [လစာ နှစ်သိန်းခွဲ/ သုံးသိန်း (ဃ)လိုင်စင်/(င) လိုင်စင်]

Marketing ကျား(၅)ဦး

ဖုန်း-၀၁-၇၀၄၇၀၄၊ ၃၈၅၉၅၃

### ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

**Honda Fit GE-6, 2010 model** ခဲရောင်၊ မှန်မဲ၊ **Smart Key** (ထိုင်ခုံပြောင်းသည်)၊ **OTV + DVD + Back Camera** **Japan Alloy** ပါ၊ Grade-4 B/B, Km-30000 ဝန်းကျင်၊ (**Km** အမှန် **Cancellation** ပါသည်)၊ စတိ၊ အမည်ပေါက်၊ လိပ်စာပေါက်ရမည်။ ကားအလွန်သန့်သည်။ ရောင်းဈေး(၁၀၇) သိန်း။ q u o , &eze;-**09-251039305**

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းသဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ် (၂၁၅)နေ (ဦးစောမောင်)နှင့်ဒေါ်ခင်သန်းမြင့်[၉/မနတ(နိုင်)၀၉၅၅၁၂]တို့၏ သားဖြစ်သူ မောင်မျိုး(ခ)ဦးမျိုး[၉/မနတ(နိုင်)၀၀၁၃၄၀]သည် မိခင်၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ နေအိမ်မှမိမိ၏သဘောဆန္ဒအလျောက် ဆင်းသွားသည့်အပြင် မိခင်ခွင့်မလွှတ်နိုင်သည့်ကိစ္စများကို ပြုမူဆောင်ရွက်သည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် မောင်မျိုး(ခ)ဦးမျိုးနှင့် ပတ်သက်သည့် နောက်နောင်ဖြစ်ပေါ်လာမည့် ကိစ္စအဝဝတို့ကိုလည်း လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း မောင်မျိုး(ခ) ဦးမျိုးနှင့်အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခင်သန်းမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်စန္ဒာမင်း**(LL.B, D.B.L, D.I.L, D.M.L)၊ **တရားလွှတ်တော်ရှေ့နေ**

**အမှတ်(၄၂၉)၊ သုမိတ္တာ(၁၁)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပ။ ဖုန်း ၀၉-၄၂၅၀၁၃၁၂၇**

ဆောင်းပါး

# ရိုးရာစည်းမျဉ်းနှင့် အကသဘင်

à ရွှေဘိုသီရိမာလာ



မြန်မာ့ရိုးရာ အနုပညာသည် တိမ်ကောပပျောက်သွားရန် မလွယ်ပေ။ အထူးသဖြင့် အကပညာသည် လူတိုင်းစိတ်ဝင်စားသောစိတ်၏ဖျော်ဖြေရာ ရိုးရာကိုယ်ပိုင်ယဉ်ကျေးမှုဖြစ်သည်။ မြန်မာတို့တွင် အကအနုပညာရှိသလို လူမျိုးတိုင်းတွင် ရှိပေသည်။ ကျွန်ုပ်တို့ မြန်မာတို့ မွေးကတည်းက မိခင်၏ သင်ကြားမှုဖြင့် လက်ကလေးတွေ ကွေးချည်ဆန့်ချည် ချိုမိုင်မိုင်နှင့် ဘဝကို အကဖြင့် စတင်ဝင်လာခဲ့ကြသည်။

ထို့နောက် လူတိုင်းကတတ်ရန် သင်္ကြန်ပွဲရက်များကလည်း ယိမ်းအကဖြင့် လည်းကောင်း ဖန်တီးပေးခဲ့ကြသည်။ မြန်မာတို့သည် ဘာသာယဉ်ကျေးမှုကို လေးစားသလို ကပြပျော်ရွှင်ဖျော်ဖြေမှုကို မြတ်နိုးခုံမင်ကြသည်။ အကတွင် အငြိမ့်အက၊ ဇာတ်အက၊ အပျိုတော်အက၊ ဇော်အကအမျိုးမျိုးဘာသာရပ်အလိုက်ရှိကြရာ မြန်မာ့ရိုးရာယဉ်ကျေးမှုကို မတိမ်ကော မပပျောက်အောင် နိုင်ငံတော်က ရိုးရာယဉ်ကျေးမှုများဖော်ထုတ်၍ လေ့ကျင့်ပြိုင်ပွဲဝင်လျက်ရှိရာ မြန်မာ့အကသည် တစ်စခန်းထလျက် ပေါ်လွင်ထင်ရှားလျက်ရှိသည်။ အကဟူသည်မှာ အနေးကကို အမြန်အကဖြင့် မဲတင်းသလို အမြန်အကကိုအနှေးအကဖြင့်မဲတင်းသည်။ အထိုင်ကကိုအထကဖြင့် အထကကို အထိုင်ကဖြင့် မဲတင်းသည်။ အနုကနှင့် အကြမ်းကအရှေ့ကိုကိုင်း၍ကခြင်းကို အနောက်ဘက်ကိုနွဲ့၍ ကခြင်းဖြင့်မဲတင်းသည်။ ဘယ်ခြေညာလက် ဘယ်လက်ညာခြေကမဲတင်းသည်။

ဤသို့သော အထိုင်အထအနှေးအမြန် အဆတ်ငြိမ့်၊ အနုအကြမ်း၊ အကိုင်းအတော့၊ အစောင်းအငဲ့၊ ဘယ်ညာစသည့် အမူအရာများအပြင် ကချေသည်၏ ကိုယ်အင်္ဂါအစိတ်အပိုင်းတို့ဖြင့်လည်း တစ်ခုကတစ်ခုကို မဲတင်းညှိပေးသည်။ မေးထိုးခြင်း၊ မျက်နှာသွင်ပြင်အမူအရာကလည်း ညှိပေးရသည်။ ခေါင်း၊ ခါး၊ ရင်၊ တင်၊ ဒူးစသည်ကလည်း လိုသလိုလှုပ်ရှားညှိပေးသည်။

"ခြေ၊ လက်ကိုသာ ဘယ်ညာပြောင်းခေါင်းလည်းကိုယ်လည်းပါ" ဟု အကအနုပညာတွင် ဆိုသောစာ၏ အဓိပ္ပာယ်မှာ မဲတင်းညှိပေးခြင်းသဘော၏ အဓိပ္ပာယ်နှင့် ထပ်တူပင်ဖြစ်သည်။ ဤသို့သော အဆိုအကတို့တွင် ကိုယ်အမူအရာ အသံနှင့် ဌာန်နိုင်နိုင်နင်းနင်းတို့ဖြင့် ချက်ပိုင်ပိုင်ညှိပေးခြင်းကို သုခုမအနုပညာ သဘင်တွင် "မှင်" ရှိသည်ဟု ဆိုကြလေသည်။

အဆို၊ အကတို့တွင် အကြောင်းအရာအတ္ထုပ္ပတ္တိတို့ကိုလိုက်၍ အလိုရှိသော "ရသ" ပေါ်လွင်အောင် သဘာဝယုတ္တိကျကျနှင့် သဘင်သည် အနုပညာရှင်တို့သည် သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ကပြခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ရပေ သည်။ နှစ်ပါးသွားသစ္စာထားအဆိုအကများတွင် မျောက်မင်းအူသံ၊ ငိုခြင်းသံ အဆိုအတီးအကမျိုးနှင့် မဆီလျော်သကဲ့သို့ ပူခန်း၏ အဆိုအတီး အကတို့တွင် နှစ်ပါးသွား အဆို၊ အတီး၊ အကမျိုးဖြင့် ပြုလုပ်က သဘာဝယုတ္တိရှိသည်ဟု မဆိုနိုင်ပါချေ။ ဘီလူးခန်းတွင် ဘီလူး၏ အဆိုသည် ကြမ်းတမ်းသော အသံ၊ ရုန့်ရင်းကြမ်းတမ်းသော စကားလုံးများကို ဆောင်ရသကဲ့သို့ ၎င်းအကသည်လည်း မင်းသား၏ အနုအကမျိုးနှင့် မဆီလျော်ပါချေ။ ကြမ်းတမ်းသောအကမျိုးနှင့်သာလျှင် သဘာဝသဘောကျပေမည့် တီးကွက်မှာလည်း ခပ်ကြမ်းကြမ်း စည်တိုသံ များများနှင့် အတီးအဆင်ပြေမည်။ ဥပမာအားဖြင့် ရေးရလျှင် နတ်ချင်း၏ နတ်သံအဆိုနှင့် နတ်ဒိုးနတ်ကကြိုးတို့သည် နတ်တို့၏သဘာဝယုတ္တိဆောင်နိုင်စေရသည်။

မြန်မာရှေးအကများတွင် ထင်ရှားကျော်ကြားခဲ့သော အနုပညာရှင်များကို ဖော်ပြရလျှင် ဒေါ်ဩဘာသောင်းကို ညွှန်ပြရပေလိမ့်မည်။ ဒေါ်ဩဘာသောင်း အငြိမ့်ကစဉ်ကတည်းက၊ တီးလုံးတိုက်ကတည်းကပင် "ဒီတီးကွက်မှာ ဒီလိုလိုက်မည် ဟိုတီးကွက်ကျလျှင် ထိုသို့လိုက်မည်ဟူ၍ အတိအကျထားခြင်းမျိုး မရှိဟူ၍ ကကွက်ကို အတိအကျထားခြင်းမျိုးမရှိဟူ၍ ယူဆရပေမည်။

ဒေါ်ဩဘာသောင်းအဖို့က ကြိုးကကွက်ကို ကြိုတင်စဉ်းစားလျာထားခြင်း လုံးဝမရှိဘဲ တီးသံကြားမှ သင့်သလိုလှုပ်ရှားကပြလိုက်ခြင်းဖြစ်တန်ရာသည်။ တစ်နည်းဆိုသော် ကျက်စားသဘောမျိုးလုံးဝမရှိဘဲ ဆေးစက်ကျအရုပ်ဖြစ်သည့်သဘောမျိုး ကနိုင်စွမ်းပင်ဖြစ်ပါသည်။

ထို့ကြောင့် သီချင်းတေးသွားထပ်၍ တီးကွက်တီးချက်ထပ်၍ နေစေကာမူ ကကြိုးကကွက်များထပ်သည်ဟူ၍မရှိဘဲ တစ်ချိန်တွင် အကတစ်မျိုး အခြားတစ်ချိန်တွင်လည်း အကတစ်မျိုးစီ၊ တစ်ပုံစီပြောင်းလဲ၍ ကလေသမျှမှာလည်း ကြည့်၍မငြီး အချိုးအစား ကျနလှပနေသည်ချည်းသာဖြစ်နေလေတော့သည်။

အချို့အငြိမ့်မင်းသမီးများသည် တစ်ညတွင်သာကြည့်ရ၍ နောင်နေ့တွင်လည်း ဤကကြိုးကကွက်သာဖြစ်၍ ရိုးပြီးပျင်းစရာကောင်းနေသည်။ ထို့ကြောင့်ပင် ထိုခေတ်ထိုကာလက ဒေါ်ဩဘာသောင်းအားအကဘုရင်မကြီးတစ်ဆူအဖြစ် အသိအမှတ်ပြုကြရခြင်းဖြစ်လေသည်။ ဩဘာသောင်း(ခေါ်)မသောင်းတင်သည် သွက်လက်ဖြတ်လတ်မှုတွင် ရှားမှရှားဆိုလောက်ပါပေသည်။ တကယ်တော့ ဩဘာသောင်းသည် ရုပ်ရည်မချော၊ အသားကညို၊ အသံကပြာလျက်နှာသံပါသေးသည်။ ကိုယ်လုံးကိုယ်ပေါက်ကကြည့်ကောင်းသည်ဟု မဆိုသာပေ။

သို့ရာတွင် အကတွင်သွက်လက် ဖြတ်လတ်လျက် ဆေးစက်ကျရာ အရုပ်ဖြစ်ဆိုသကဲ့သို့တန်ဖာပွတ္တိဉာဏ်စွမ်းဖြင့် ကပြနိုင်ခြင်း၊ အကမထပ်စေခြင်း၊ ကလိုက်သည့်အခါ ခြေလက်ဦးခေါင်း ကိုယ်နေကိုယ်ဟန်အားလုံး စုစုပေါင်းပြေပြစ်၏။ အချိုးအစားပြေပြစ်လှပခြင်းတို့ကြောင့် ပွဲကြည့်ပရိသတ် အပေါင်းသည်ညပေါင်းများစွာ ဆက်ကာဆက်ကာ ရှုစားကြစေပေမယ့် မငြီးမငွေ့မရောင့်ရဲ ကြည့်၍ အားမရလျက်ပင်ဖြစ်အောင် ကပြနိုင်သည်ဖြစ်ရကာ ဒေါ်ဩဘာသောင်း၏ အကအနုပညာမှာ ထူးထူးခြားခြားလေ့လာစံပြချီးကျူးထိုက်ပေသည်။ တကယ်တော့ ဒေါ်ဩဘာသောင်းသည် နာမည်ကြီးမထွေးလေး၏ အကအနုပညာကို ရလိုက်သောသူဖြစ်သည်။

ဒေါ်အမာ၏စာအုပ်တွင် မထွေးလေးသည် "မင်းသမီးဆိုတာ မထွေးလေးတို့မှ တကယ့် မင်းသမီးပီသပေတာကလား"ဟူ၍ မထွေးလေးကိုသိမီလိုက်သည့် သဘင်ပညာသည်တိုင်းက ချီးကျူးရသော မထွေးလေးဟု အဆိုပြုပါသည်။ မထွေးလေးသည် မင်းသမီးတစ်ယောက်အနေဖြင့် စွယ်စုံတော်သူဖြစ်ပေသည်။ **ဆက်လက်ဖော်ပြပါမည်။**


## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မိတ္ထီလာမြို့၊ အောင်ဆန်းရပ်ကွက်ရှိ ကျောက်ဖူးကွင်း၊ ကွင်းအမှတ်(၇၄၆)၊ ဦးပိုင်အမှတ် ၂၃/၂(၁၉၆၈-၆၉)၊ ဧရိယာဧက(၁. ၁၈)ရှိဝိုင်းမြေသည် ဦးဘိုးချစ်၏ ဂရန်အမည်ပေါက်၍ ယင်းမြေပေါ်တွင် ကွယ်လွန်သူဦးဘိုးချစ်၏ဇနီး ဒေါ်ငွေရှင်[၉/မထလ(နိုင်)၁၆၇၃၅၆]နှင့် တူတော်သူ ဦးကျော်ရွှေ[၉/မထလ(နိုင်)၁၆၀၂၃၉]တို့သည် လွန်ခဲ့သောနှစ်ပေါင်း(၅၀)ကျော်မှ ယနေ့အချိန်ထိ လက်ရှိနေထိုင်ပိုင်ဆိုင်သူများဖြစ်ပါသည်။

ယခုအခါတွင် ကျွန်ုပ်မိတ်ဆွေများသည် အထက်ပါဝိုင်းမြေကို လိုအပ်သလိုပြုပြင်မွမ်းမံ ဆောင်ရွက်ခြင်း၊ ဖျက်ဆီးစွန့်ပစ်ခြင်းကို လုပ်ဆောင်မည်ဖြစ်ပါသဖြင့် ကျွန်ုပ်မိတ်ဆွေများ၏ သဘောတူညီမှုမရဘဲ အဆောက်အအုံဆောက်လုပ်ခြင်း၊ လူနေထိုင်ခြင်းပြုသူများသည် မည်သည့် အကြောင်းကြောင့် ဆောက်လုပ်နေထိုင်ကြောင်း ခိုင်လုံသောအထောက်အထားဖြင့်ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေများထံသို့ဖြစ်စေ၊ ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေများသည် ၎င်းတို့လက်ရှိ နေထိုင်ပိုင်ဆိုင်သော ဝိုင်းမြေကို ၎င်းတို့သဘောကျ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးတင်ညွှန့် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၆၅၇၊ ၃၁-၅-၉၁)
ဈေးအနောက်ဘက်၊ စားသောက်တန်း၊ မိတ္ထီလာမြို့။ ဖုန်း ၀၉-၄၃၁၂၃၁၇၅



## ဝန်ထမ်းအလိုရှိသည်

| | | |
|---|---|---|
| **1. Driver (Sales )** | ကျား | (၅) ဦး |
| ကားကြီး Canter မောင်းနှင်နိုင်သူ။ | | |
| **2. HR Manager** | ကျား/မ | (၁) ဦး |
| **3. Chief Accountant** | ကျား/မ | (၁) ဦး |
| CPA/ACCA Part II လက်မှတ်ရ | | |
| **4. Sales/ Marketing Manager** | ကျား | (၂) ဦး |
| **5. Quality Management** | ကျား/မ | (၃) ဦး |
| Representative (ISO Document ကျွမ်းကျင်) | | |
| **6.** စက်ရုံမှူး(စက္ကူလုပ်ငန်း) | ကျား | (၁) ဦး |
| **7.** လ/ထ စက်ရုံမှူး(စက္ကူလုပ်ငန်း) | ကျား | (၁) ဦး |
| **8. Store Incharge** | ကျား/မ | (၃) ဦး |

အမှတ်စဉ်(၂)မှ(၈)အထိ ဘွဲ့ရ၊ အမှတ်စဉ်(၁)မှ (၄)ထိ ခရီးသွားလာနိုင်သူ၊ အမှတ်စဉ်အားလုံးအတွက် လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။
လျှောက်ထားလိုသူများသည် CV၊ ဓာတ်ပုံ(၂)ပုံ၊ ဘွဲ့လက်မှတ်၊ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်း၊ အလုပ်သမားမှတ်ပုံတင်၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာမိတ္တူနှင့်တကွ လူကိုယ်တိုင်ဖြစ်စေ၊ အီးမေးလ် ဖြင့်ဖြစ်စေ ၁၅-၅-၂၀၁၅ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။
**Beauty World Co.,Ltd.** vypm S-B/5 atmiaZ, str&m tvvr;Ei ur;em;vr; axmi tvrle,/ beautyworldmyanmar@gmail.com



## အလှပြင်သင်တန်း

ညှပ်နည်း၊ ကောက်နည်းအမျိုးမျိုး၊ ဖြောင့်ခြင်း၊ ခေါင်းလျှော်၊ ဆံပင်ဆက်၊ ကာလာဆိုး၊ မျက်နှာ၊ Spaနှင့် ဆံထုံး၊ မိတ်ကပ်၊ လက်သည်းပန်းချီ၊ ပန်းအလှပြင်အခြေခံနှင့် အထက်ပါဘာသာရပ်(၁၄)မျိုးကို အခြေခံမှစ၍ အဆင့်မြင့်အထိ သင်တန်းကြေး(နှစ်သိန်းခွဲ)နှင့် (၂)လအတတ်သင်ကြားပေးမည်ဖြစ်ပါသည်။ သင်ထောက်ကူပစ္စည်း ဝယ်စရာမလိုပါ။ စက်ချုပ်ဘာသာစုံ အခြေခံမှစ၍ မိမိစိတ်ကြိုက်ဒီဇိုင်းထွင်၍ ချုပ်နိုင်သည်အထိ သင်တန်းကြေး(တစ်သိန်းခွဲ)နှင့် အတတ်သင်ကြားပေးမည်။ နယ်မှလာသူ အဆောင်စီစဉ်ပေးမည်။ ညအချိန်ပိုင်း သင်တန်းရှိသည်။
ဖုန်း-၀၉-၄၉၂၂၈၁၂၄၊ ၀၉-၂၆၁၂၁၈၇၁၃၊ ၀၉-၄၉၂၆၈၃၀၅



## မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ကွင်းအမှတ် (၄၁၆-ဃ) (ယခင်မြင်းပြိုင်ကွင်းဟောင်း)တွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်မှ အောက်ဖော်ပြပါ အဆောက်အအုံများကို ၂၀၁၅ခုနှစ်အတွင်း အပြီးဆောက်လုပ်ရန်ရှိပါသဖြင့် အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်ရရှိထားသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) လွှတ်တော်ရုံး အဆောက်အအုံပင်မဆောင် R.C (၂)ထပ်(၁)လုံး
EPC1 -Engineering Procurement Civil Works
(Architectural Drawing/ Structural Drawing များရေးဆွဲတင်ပြရမည်။)
(ခ) အရာထမ်းအိမ်ရာ R.C (၂)ခန်းတွဲ (၃)ထပ် (၁)လုံး
(ဂ) အမှုထမ်းအိမ်ရာ R.C (၄)ခန်းတွဲ (၃)ထပ် (၁)လုံး

၂။ အဆိုပါအဆောက်အအုံဆောက်လုပ်လိုသော လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို ၁၀-၅-၂၀၁၅ရက်မှစ၍ ၂၄လမ်းနှင့် ၆၅လမ်းထောင့်၊ မန္တလေးတိုင်း ဒေသကြီးလွှတ်တော်ရုံးတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ၅-၆-၂၀၁၅ ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံးသို့ ပြန်လည်တင်သွင်းရမည်။ ၉-၆-၂၀၁၅ရက်တွင် တင်ဒါဖွင့်လှစ်မည် ဖြစ်ပါသည်။

၃။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့်အတူ အဆောက်အအုံ ဆောက်လုပ်ခွင့်လိုင်စင်၊ ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကုမ္ပဏီ Profileတို့ကို တင်ပြရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-
ဖုန်း-၀၂-၃၆၉၁၅၊ ၀၂-၃၉၀၈၅

တင်ဒါခေါ်ယူရေးကော်မတီ
မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး



## ဦးသူရိန်စိုး(ဘ) ဦးမြင့်ဆွေ[၇/ထတပ(နိုင်)၀၄၆၇၄၅]နှင့်အများသိစေရန်

ဒေါ်ထက်ထက်[၁၂/လမတ(နိုင်)၀၃၀၀၉၉]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ လူကြီးမင်းနှင့် ဒေါ်ထက်ထက်တို့သည် ၂၀၀၅ခုနှစ်တွင် လက်ထပ်ပေါင်းသင်းခဲ့ပြီး၊ ၂-၃-၂၀၀၆ ရက်တွင် သားလေးမင်းခန့်ဇော်ကို မွေးဖွားခဲ့ပါသည်။လူကြီးမင်းမှာ လင့်ဝတ္တရားကျေပွန်ခြင်း မရှိသဖြင့် ဒေါ်ထက်ထက်တို့ သားအမိမှာ ၂၀၀၈ခုနှစ်တွင် မိဘများအိမ်သို့ သွားရောက်နေထိုင်ခဲ့ရာ ၂၀၀၈ခုနှစ်မှ ယနေ့အချိန်အထိ လူကြီးမင်းသည် ဒေါ်ထက်ထက်တို့သားအမိအား လာရောက်ဆက်သွယ်ခြင်း၊ သားမယားစရိတ်ထောက်ပံ့ခြင်းတို့ကို လုံးဝပြုလုပ်မှုမရှိပါသဖြင့် လူကြီးမင်းနှင့် ဒေါ်ထက်ထက်တို့သည် အကြင်လင်မယား အဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း၊ လုံးဝပတ်သက် သက်ဆိုင်မှုမရှိတော့ပါကြောင်း ဦးသူရိန်စိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလာ(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)
တိုက်(၅)၊အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊၅-ရပ်ကွက်၊ လှိုင်မြို့နယ်။
ဖုန်း ၀၉-၅၁၈၁၈၂၀



ဒဂုံမြို့သစ်
(တောင်ပိုင်း၊ (ဆိပ်ကမ်း)
(အရှေ့ပိုင်း)မြေကွက်များ
ဝယ်လိုသည်။
ဖုန်း-၀၉၄၃၀၇၅၁၂၉



## English Speaking

အခြေခံ Grammar မပိုင်၍ ရေး/ပြောအားနည်းသူများ၊ အိမ်အရောက်သင် ၆၀၀၀ဝိ/တစ်ပတ် (2)ရက်/ (၁)လ (Basic Level)
နန်းသဥ္ဇာလွင်[Dip Eng(UK)]
Ph: 09-5089594,
09-795634713



## အိမ်ရောင်းရန်ရှိသည်

ဘိုးဘွားပိုင်မြေ
ပေ(၂၈× ၃၈)၊ ကမာရွတ်မြို့နယ်၊
(၁)ရပ်ကွက်၊
ဖုန်း-၅၂၄၀၉၈၊ ၀၉-၇၉၉၂၃၈၅၉



## တိုက်ခန်း အမြန်ဝယ်မည်

သိန်း(၃၀၀-၄၀၀)ကြား
အိမ်ရောင်းမည်။
၉ မိုင် Ocean အနီး၊ RC ၃ထပ်ခွဲ
မြောက်ဒဂုံပေ(၄၀×၆၀)ပါမစ်
Ph: 5141856, 09-253821065



## Top Mother Co.,Ltd

၁။ ယာဉ်မောင်းကျွမ်းကျင် ကျား(၁)ဦး
- အိမ်စီးကားမောင်းနှင်ရန်၊ အသက်(၂၅)နှစ်အထက်၊ ယာဉ်မောင်းသက်တမ်း အနည်းဆုံး(၃) နှစ်ရှိရမည်။ လျှောက်ထားလိုသူများသည် ယာဉ်မောင်းလိုင်စင်နှင့်တကွ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။
ဆက်သွယ်ရန် - က/၂၀၃(G)၊ ကံ့ကော်လမ်းမကြီးနှင့် ကမ်းနားလမ်းထောင့်၊ ဘုရင့်နောင်၊ မရမ်းကုန်း။ **Ph: 01-686635, 09-43162133**



ခွေးရောင်းမည်
Pug, Domberman, Chihuahua, Pekingese နှင့် အလွန်ရှားပါးသော အင်းခွေးအနက် ရောင် ရောင်းမည်။
Ph: 09-31651935, 09-425330828

# ajrmi;jr\r\e, toi;(&eue)

# 0e, y#ur[ mXme *P0;p q&mawm

# a'|uwm b'EpE0&tm; *PyZmr*vmyEi

# om oem0i a&&wr*vmEp

**ရန်ကုန်မြို့၊ ဗဟန်း၊ အာဇာနည်လမ်းရှိ ဘီအိုစီ**

**ပိဋကတ်တိုက်ကျောင်းနာယကဆရာတော် အလှူမင်္ဂလာ**

မြောင်းမြမြို့နယ်ဖွား၊ ဘဒ္ဒန္တစန္ဒဝရ အရှင်သူမြတ်အား ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ သာသနတက္ကသိုလဓမ္မ ပါရဂူ (P.h.D) ဒေါက်တာ ဘွဲ့တံဆိပ်တော် ချီးမြှင့်ကြောင်း ကြားသိရသဖြင့် မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)မှ အနီး/အဝေး တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ၊ အသင်းသူ/အသင်းသားများတို့မှာ အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဒေါက်တာ ဘဒ္ဒန္တစန္ဒဝရအရှင်သူမြတ်ကို ဂုဏ်ပူဇာမင်္ဂလာနှင့် သာသနာ့ဝင်နှစ် ရွှေရတုအထိမ်းအမှတ် အလှူမင်္ဂလာပွဲကို မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)နှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က အောက်ပါအတိုင်း စည်ကားသိုက်မြိုက်စွာ ပူဇော်မည်ဖြစ်ပါသောကြောင့် အလှူတော်မင်္ဂလာပွဲသို့ တက်ရောက်ပူဇော်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| မင်္ဂလာပွဲကျင်းပရာနေရာ | - ဘီအိုစီ ပိဋကတ်တိုက်ကျောင်း၊ အာဇာနည်လမ်း၊ ဗဟန်း၊ ရန်ကုန်။ |
| မင်္ဂလာပွဲကျင်းပမည့်နေ့ရက် | -(၁၃၇၇ခုနှစ်၊ ကဆုန်လကွယ်နေ့ ) ၁၇-၅-၂၀၁၅ရက်(တနင်္ဂနွေနေ့) |
| မင်္ဂလာပွဲကျင်းပမည့်အစီအစဉ် | - နံနက် ၅း၃၀ နာရီ အရုဏ်ဆွမ်းကပ်လှူပါမည်။ |
| မင်္ဂလာပွဲဧည့်ခံကျွေးမွေးခြင်းအစီအစဉ် | - နံနက် ၉း၀၀နာရီမှ ၁၂း၀၀ နာရီ |
| သံဃာတော်များနေ့ ဆွမ်းကပ်လှူခြင်း | - နံနက် ၁၀း၃၀ နာရီ |
| ဂုဏ်ပူဇာနှင့် ရေစက်ချတရားတော်နာခြင်း | - မွန်းလွဲ ၁း၀၀ နာရီ |

(သံဃာတော်အပါး(၁၂၀) ကို လှူဒါန်းဖွယ်အဖြာဖြာဖြင့် ကပ်လှူပါမည်။)

**(မြို့နယ်အသင်းအမှုဆောင်အဖွဲ့)**

# tjreim;rn\ a&mi;rn

၁။ ၃ ထပ်လုံးချင်းတိုက်သစ်
ပန်းလှိုင်အိမ်ရာအရှေ့၊ ပန်းလှိုင်လမ်းမအပေါ်
လူမနေရသေး (နေရာအလွန်ကောင်း)
ဘဏ်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်းများ
Company ရုံးခန်းများ အထူးသင့်တော်သည်။

၂။ တိုက်ခန်းကျယ်အမြန်ငှားမည်။
မြေနီကုန်း City Mart ရှေ့၊ ပြည်လမ်းပေါ်
ပေ (၃၈×၄၅)၊ အိပ်ခန်း(၃)ခန်း၊ အဆင့်မြင့် ပြင်ဆင်ပြီး (၇)လွှာ
ဆက်သွယ်ရန်ဖုန်း-၀၉ ၇၉၃၆၁၁၉၇၇၊ ၀၉၄၄၈၀၁၉၉၇၈

**MIHARA** Car Rental

ခရီးစဉ်မျိုးစုံအတွက် ကားစင်းလုံးငှား ဝန်ဆောင်မှုပေးပါသည်။

(၄) ယောက် မှ (၃၄) ယောက်စီး အထိ

ဖုန်း 0949218700, 095025400, 095061896

# ]E, om;aq;ce;}

အမှတ်(၃၆၆)၊ (ပထမထပ်-ယာ)၊ ရွှေဘုံသာအထက်လမ်းတွင် ဖွင့်လှစ်ထားပါသည်။ တနင်္လာနေ့မှအပ နေ့စဉ် နံနက်(၉)နာရီမှ ည(၇)နာရီအထိ။

**ဖုန်း ၃၈၅၅၄၅၊ ၀၉-၅၀၂၁၆၈၃**







# aqmu vya&;0e\u;Xme

# taqmu t t0;p;Xme

# (twziwi'|ac, jci;)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာန ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် ဆောက်လုပ်မည့် ဝန်ထမ်းအိမ်ရာအဆောက်အအုံများ ဆောက်လုပ်ခြင်းအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - ၁၁-၅-၂၀၁၅ရက် |
| ၃။ | တင်ဒါပုံစံအရောင်းပိတ်မည့်ရက် | - ၁၈-၅-၂၀၁၅ရက် |
| ၄။ | တင်ဒါပုံစံတင်သွင်းရမည့်နောက်ဆုံးရက် (ကုမ္ပဏီဆိုင်ရာအချက်အလက်များနှင့်စံချိန်စံညွှန်းများ) | - ၂၅-၅-၂၀၁၅ရက် |

၅။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များ၏ Financial Proposal များကိုသာ ဖွင့်ဖောက်ရွေးချယ်သွားမည် ဖြစ်ပါသည်။

၆။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၁-၅-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အဆောက်အအုံတည်ဆောက်လုပ်ရေးလုပ်ငန်းများစိစစ်ရွေးချယ်ရေးအဖွဲ့**

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီး၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်၊**

**ဖုန်း ၀၆၇-၄၀၇၄၄၉၊ ၀၉-၅၁၆၁၉၇၁**

# ww\m;0;p;Xme\ wnaqmua&;tz(1)

# ww\m;aqmu vya&;prue;t x;tz(1)

# wnaqmua&;ypn;wi'|ac, jci;

# wi'|trwp0(3)\2015-2016b@ma&;Ep

(က) ကချင်ပြည်နယ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တံတားတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဘိလပ်မြေ၊ သံချောင်းလုံးရှယ်စုံ၊ တောသစ်၊ မြစ်ကျောက်စရစ်၊ မြစ်သဲများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | |
|---|---|
| တင်ဒါလျှောက်လွှာစတင်ရယူနိုင်သည့်ရက် | - ၉-၅-၂၀၁၅ရက် |
| တင်ဒါတင်သွင်းရမည့်ရက်/အချိန် | - ၂၅-၅-၂၀၁၅ရက်၊ နံနက် ၁၀း၀၀နာရီ |
| တင်ဒါဖွင့်မည့်ရက်/အချိန် | - ၂၅-၅-၂၀၁၅ရက်၊ နံနက် ၁၁း၀၀နာရီ |
| တင်ဒါတင်သွင်းရမည့်နေရာ | - ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး တံတားအထူးအဖွဲ့(၁)၊ မြစ်ကြီးနားမြို့ |

(ခ) တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၁)၊ မြစ်ကြီးနားမြို့တွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**တံတားအထူးအဖွဲ့(၁)**

**ဖုန်း ၀၇၄-၂၂၁၉၇၊ ၀၉-၆၈၀၇၆၅၇၊ ၀၉-၂၅၃၇၈၈၂၀၀**

# Ze;tjzprpev wjci;

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်နေ ကျွန်တော် ဦးသိန်းဇော် [၈/ရနခ(နိုင်)၀၁၆၅၃၇]၏ဇနီး ဒေါ်သန်းသန်းနု [၈/မကန(နိုင်)၁၅၈၂၅၈]သည် ကျွန်တော်၏ ပြောဆိုဆုံးမစကားများကို နားမထောင်ဘဲ ၂၉-၁-၂၀၁၅ရက်တွင် ကျွန်တော်၏ ခွင့်ပြုချက်မရဘဲ နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ယနေ့မှစ၍ ၎င်းအား ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးသိန်းဇော်(ဒုတိယရဲမှူး -ငြိမ်း)**

## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်မှတ်တမ်းလွှာ

နေပြည်တော်နေ ရဲမှူးကြီးနေဝင်း(တပ်ဖွဲ့မှူး၊ အမြန်လမ်းမကြီးရဲတပ်ဖွဲ့)-ဒေါ်ကြူကြူဝင်း(ဖူးပွင့်စေ Organic Mango Farming)တို့၏ တစ်ဦးတည်းသောသား

armi0umae0i;

**B.A(Economics)**

**Diploma in IT, E&I Technician, Sinco Automation, Singapore**

နှင့်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့နေ ဦးစိုင်းထွန်းလှ-ဒေါ်နန်းသန်းနုတို့၏သမီးကြီး၊ မောင်စိုင်းဝဏ္ဏထွန်း၏ အစ်မ

ree; t t re

**LL.B (အထက်တန်းရှေ့နေ)**

တို့၏ ၃-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် Mandalay Hill Resort Hotel ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲတွင် သတို့သား၊ သတို့သမီးမောင်နှံတို့အား မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော ဦးခင်အောင်(Eco)(မန္တလာမင်းအဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး)နှင့် ဇနီး ဒေါ်လဲ့လဲ့အေး(မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အတွင်းရေးမှူး ၃)တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်ယင်ချီးမြှင့်ပေးပါသော ဦးတင်လှိုင် [Senior Manager, Nissan Tanchaung Motor (Myanmar) Co.,Ltd] နှင့် ဇနီးဒေါ်ခင်သူဇာထွန်း (Talent Management Director, Pann Hlaing International Hospital)တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် မေတ္တာဖြင့်ဆောင်ရွက်ပေးပါသော အန်ကယ်ဦးထွန်းထွန်းအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော ညီမလေး မခင်ကင်းစင်သန့်၊ မင်္ဂလာပန်းကုံးဗန်းကိုင်ဆောင်ပေးပါသော ညီမလေး မရတနာမိုး၊ မင်္ဂလာလက်ထပ်လက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော ညီမလေး မစန္ဒီအေးချမ်းနှင့် သတို့သားအရံ၊ သတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးပါသော ညီလေး မောင်ဝေယံပြည့်ဖြိုးနှင့် ညီမလေး မပန်ပန်ကိုလွင်တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံကို လှပစွာချုပ်လုပ်ပေးပါသော ဒီဇိုင်နာမျိုးမင်းစိုး၊ မိတ်ကပ်အိတုံနှင့် ပန်းအလှဆင်ယင်ပေးပါသော မယ်ကင်းတို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်အား စိတ်တိုင်းကျပြုလုပ်ပေးပါသော Great Diamond Gems & Jewellery အားလည်းကောင်း၊ ဖိတ်စာ Love ပုံနှိပ်တိုက်အားလည်းကောင်း၊ ဓာတ်ပုံနှင့် Video Emperor ဓာတ်ပုံတိုက်အားလည်းကောင်း၊ မင်္ဂလာအခါပေးတီးခတ်ပေးပါသော စောင်းမူမူသိန်းနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာပွဲတက်ရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ မင်္ဂလာပွဲတွင် ဝိုင်းဝန်းကူညီပေးကြပါသော အမြန်လမ်းမကြီးရဲတပ်ဖွဲ့ဝင်များအားလည်းကောင်း၊ မင်္ဂလာပွဲအစအဆုံး Wedding Planner အဖြစ် စီစဉ်ဆောင်ရွက်ပေးပါသော ညီမလေး မတဉ္ဇာနေဝင်းအားလည်းကောင်း၊ အခြားကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**နှစ်ဖက်မိဘများနှင့် မောင်ဥက္ကာနေဝင်း-မနန်းအိအိမွန်**

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ရေသန့်ဆိုင်ရာ လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

(က) မြက်ခင်းရေပေးဝေရေးလုပ်ငန်းများ

(ခ) သောက်သုံးရေရရှိရေးလုပ်ငန်းများ

(ဂ) ရေသန့်ဆိုင်ရာစက်ပစ္စည်းများဝယ်ယူခြင်း

၂။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများအား ၁၁-၅-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၅-၆-၂၀၁၅ရက်၊ ၁၅:၀၀နာရီ

၄။ တင်ဒါဖွင့်မည့်နေ့ရက်/အချိန်/နေရာ - ၁၁-၆-၂၀၁၅ရက်၊ ၁၃:၀၀နာရီ၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်-

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ဖုန်း-၀၆၇-၃၉၀၁၀၉၊ ၀၆၇-၃၉၀၄၄၃**

## jrermEiiqepy; toi;cy
## prceca&;aumrw a&;c, wiajrmuyzwum;ci;

၁။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ၂၀၁၅-၂၀၁၇ သက်တမ်းအတွက် စီမံခန့်ခွဲရေးကော်မတီဝင် အသစ်များ ပြန်လည်ရွေးချယ်ခြင်း၊ စီမံခန့်ခွဲရေး ရာထူးတာဝန်များဖြစ်သည့် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးများ၊ ဘဏ္ဍာရေးမှူးများနှင့် စာရင်းစစ်များပြန်လည်ရွေးချယ်တင်မြှောက်ခြင်းကို သင်းဖွဲ့စည်းမျဉ်းပါပြဋ္ဌာန်းချက်နှင့်အညီ ၂၀၁၅ ခုနှစ်၊ မေလ (၁၆)ရက် မွန်းလွဲ ၁း၀၀ နာရီတွင် ရန်ကုန်မြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် UMFCCI မင်္ဂလာခန်းမတွင် ကျင်းပရန် စီစဉ်ထားရှိပါသည်။

၂။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ အထွေထွေညီလာခံ အထွေထွေကိုယ်စားလှယ်များအနေဖြင့် ရွေးကောက်ပွဲသို့ (မပျက်မကွက်)တက်ရောက်မဲပေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ အသေးစိတ် သိရှိလိုပါက မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အမှတ်(၂၉)၊ (၉)လွှာ၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နှင့် ရုံးဖုန်းနံပါတ် ၀၁-၂၃၀၁၁၂၈-၂၃၀၁၁၂၉၊ **Email: mrf.myanmar@gmail.com** သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

½; tz
jrermEiiqepy; toi;cy




wp0;wn; [၁/မကန(နိုင်)၁၁၃၂၄၀]ကိုင်ဆောင်သူ ဒေါ်မြင့်မြင့်စိမ်းနှင့် jzpaumi; ဒေါ်မြမြစိမ်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

zci trnre ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အလက(၁၀)၊ တတိယတန်း (င)မှ အောင်မြင်သော မစုမြတ်နွယ်၏ ဖခင်အမည်မှန်မှာ ဦးအောင်စိုးလွင် ဖြစ်ပါသည်။ **ဦးအောင်စိုးလွင်[၁၄/ပတန(နိုင်)၁၁၂၂၉၈]**

## T.V (&eue)
## trs;om;^ trs;or;
## um;armi;puyioiwe;

၁။ No. 93/99၊ ဗညားဒလလမ်း၊ (၄ လမ်းမှတ်တိုင်နှင့် မဆလာစက်မှတ်တိုင်အနီး)

၂။ မဆလာစက်မှတ်တိုင်ရှေ့

၃။ မြောက်ဒဂုံယာဉ်မောင်းသင်ကွင်း။

Ph: 09-5041550, 09-73044311, 09-421150033, 09-420066955, 09-31551976

trewu, um;armi;wwur;vvi

**T.V** (&eue)Ei oivuy/







MPT
ရွှေသို့လှမ်းချီမြန်မာပြည်
အမေများနေ့
ပရိုမိုးရှင်း အစီအစဉ်
၂၀၁၅ ခုနှစ်၊ မေလ (၁၀) ရက်နေ့ မှ
(၁၆) ရက်နေ့ အတွင်း
ငွေဖြည့်ခြင်းဖြင့်
၃၀%
ထပ်ဆောင်းအပိုဆုကိုရယူပါ။
MPT မိုဘိုင်းဖုန်းအချင်းချင်း ခေါ်ဆိုမှုများအတွက်သာ
မိဘဆွေမျိုး၊ မိတ်ဆွေများနှင့် ပို၍ဖုန်းပြောနိုင်မည့်အခွင့်အရေး ...
၁၀၀၀ ကျပ် လျှင် ၃၀၀ ကျပ်
၃၀၀၀ ကျပ် လျှင် ၉၀၀ ကျပ်
၅၀၀၀ ကျပ် လျှင် ၁၅၀၀ ကျပ်
၁၀၀၀၀ ကျပ် လျှင် ၃၀၀၀ ကျပ်
၂၀၀၀၀ ကျပ် လျှင် ၆၀၀၀ ကျပ်
၃၀၀၀၀ ကျပ် လျှင် ၉၀၀၀ ကျပ်
• ၂၀၁၅ ခုနှစ်၊ မေလ ၁၀ ရက်နေ့ မှ ၁၆ ရက်နေ့ အတွင်း ငွေဖြည့်ခြင်းဖြင့် ထပ်ဆောင်းအပိုဆုကို ရယူနိုင်ပါသည်။
• ထပ်ဆောင်းအပိုဆု၏ သက်တမ်းမှာ ၂၀၁၅ ခုနှစ်၊ မေလ ၃၁ ရက်နေ့ အထိ ဖြစ်ပါသည်။
• GSM၊ WCDMA နှင့် CDMA မိုဘိုင်းဖုန်း သုံးစွဲသူအားလုံး ထပ်ဆောင်းအပိုဆုငွေကို ရယူနိုင်ပါသည်။
• ထပ်ဆောင်းအပိုဆုငွေဖြင့် MPT မိုဘိုင်းဖုန်းများသို့ ဖုန်းခေါ်ဆိုခြင်းအတွက်သာ အသုံးပြုနိုင်ပါသည်။
CALL CENTER 106
free hotline, 24 hours everyday
For more information & detailed terms and conditions:
http://www.mpt.com.mm
https://facebook.com/mptofficialpage

# 0r;en;alu ujci;

သူငယ်ချင်း ကိုမြင့်ယုံ မင်းရဲ့ချစ်လှစွာသောအစ်ကိုကြီး ဦးစိုးလင်း(ခ) ဦးစိုးမင်း(မြိတ်) ၅-၅-၂၀၁၅ရက်မှာ ကွယ်လွန်သွားသည့်အတွက် သူငယ်ချင်းရဲ့မိသားစုနဲ့ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မင်းဟန်နိုင်၊ ထွေးကျော်ဆန်း၊ စိုးနိုင်ဝင်း၊ ဝင်းနိုင်၊ ထိန်လင်း၊**
**ပြည်စိုးအောင်၊ စိုးဝင်း၊ မင်းမင်းသန်း၊ သန်းသန်းအေး၊**
**ခင်မျိုးမြင့်၊ ခင်အေးစီ၊ ကြူကြူသင်း**

---

# t x;0r;en;alu ujci;

0;a tmiau sm0;(B.A Eng)

**အသက်(၅၄)နှစ်**

**မန်နေဂျာ (M.P.G Co.,Ltd)**

မြန်မာ့စာတိုက်လုပ်ငန်း၊ ပြည်ပစာပို့လုပ်ငန်းစခန်းမှ လက်ထောက်မန်နေဂျာ ဒေါ်ကေသီလွင်၏ခင်ပွန်း ဦးအောင်ကျော်ဦးသည် ၅-၅-၂၀၁၅ရက် နံနက် ၉း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း**
**မိသားစု**

---

# t x;0r;en;alu ujci;

0;0m P 0i;

**အသက်(၆၈)နှစ်**

အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)မှ ဗိုလ်ကြီးဒီဝန်း-ဒေါ်ဝါဝါလင်းတို့၏ ဖခင်ကြီး ဦးဉာဏ်ဝင်းသည် ၄-၅-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ**
**ဆေးပညာဘွဲ့ ဗိုလ်လောင်းသင်တန်း၊ အမှတ်စဉ်(၅)**

---

# t x;0r;en;alu ujci;

**သရေစည်သူ ဦးသိန်းထိုက် အသက်(၆၄)နှစ်**

'w , Avcyu;( t ir;pm;)

**ပြည်ထောင်စုစာရင်းစစ်ချုပ်**

**ယခင်သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး**

သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၃၀)ရပ်ကွက်၊ ငုဝါလမ်း၊ အိမ်အမှတ်(၂၄၄)နေ ဒေါ်မြမြဦး၏ခင်ပွန်း၊ သရေစည်သူ ဦးသိန်းထိုက် အသက်(၆၄)နှစ် ဒုတိယဗိုလ်ချုပ်ကြီး (အငြိမ်းစား) ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ယခင်သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ၃-၅-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၁း၂၀ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂) စစ်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်ကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်မွန်မွန်**
**ဒုတိယဗိုလ်မှူးကြီးကောင်းမြတ်သူနှင့် ဇနီး ဒေါ်ဝင်းမင်းသန်း**
**ဒုတိယဗိုလ်မှူးကြီးထွန်းနေဝင်းနှင့်ဇနီး ဒေါ်ငုဝါခိုင်**

---

**မြို့ရွာတစ်ခွင်**
**သာစေချင်**
**မီးတွင်မပေါ့နှင့်**

---

# 0r;en;alu ujci;

a':csrmoe; B.E(Mech)

**အသက်(၅၁)နှစ်**

သူငယ်ချင်း ချိုမာသိန်းသည် ၁၄-၄-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၇နှင့် ၁၉၉၁ခုနှစ် ဘွဲ့ရအင်ဂျင်နီယာနှင့် ဗိသုကာများ**
**ရန်ကုန်စက်မှုတက္ကသိုလ်**

---

# 0r;en;alu ujci;

0; , pe(a&u n)

**အသက်(၈၆)နှစ်**

**(ဘုရား၊ရဟန်း၊သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး)**

ဦးဇော်ဇော်(ရောဝတီဘက်လီမိတက်-ဥက္ကဋ္ဌ)နှင့် ဒေါ်ငွေငွေခိုင်တို့၏ ဖခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး ဦးယုစိန်(ရေကြည်)အသက်(၈၆)နှစ်သည် မေ ၅ရက်တွင် စင်ကာပူနိုင်ငံ Mount Elizabeth ဆေးရုံတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ**
**မြန်မာ့ရွှေဆောင်ဘဏ်လီမိတက်**

---

# ဝမ်းနည်းကြေကွဲခြင်း

ဦးတင်မောင်လှိုင်(ဒါရိုက်တာ၊ မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်)၊ ဒေါ်ဖြူဖြူတို့၏ဖခင် ဦးယုစိန်(ရေကြည်)သည် ၅-၅-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၅၂နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့**
**Myanmar Thilawa SEZ Holdings Public Limited (MTSH)**

---

# t x;0r;en;alu ujci;

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး**

0; , pe(a&u n)

**အသက်(၈၆)နှစ်**

ဧရာဝတီဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဇော်ဇော်-ဒေါ်ငွေငွေခိုင်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး ဦးယုစိန်သည် ၅-၅-၂၀၁၅ရက် (အင်္ဂါနေ့) Singapore ဒေသစံတော်ချိန် မွန်းလွဲ ၁၂း၅၂နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမျိုးသိန်း-ဒေါ်ကေခိုင် (မနသီဟကုမ္ပဏီလီမိတက်)**
**ဦးမျိုးဝင်းအောင်-ဒေါ်မီမီသက် (SMAS Co.,Ltd.)**
**ဦးမြတ်သူ-ဒေါ်ရည်ရည်မွန် (မျိုးသိမ်းပွဲရုံ)**

---

# t x;0r;en;alu ujci;

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး**

0; , pe(a&u n)

**အသက်(၈၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နေ၊ ဒေါ်စိန်စိန်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအုန်းကျော်-ဒေါ်ခင်မမ၊ ဦးဇော်ဇော်-ဒေါ်ငွေငွေခိုင်တို့၏ ဖခင် ဦးယုစိန်သည် ၅-၅-၂၀၁၅ရက်တွင် Singapore နိုင်ငံ Mount Elizabeth ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းဝင်း-ဒေါ်တင်တင်ဝင်း**
**ရွှေသပြေ ကုမ္ပဏီမိသားစု**

---

# t x;0r;en;alu ujci;

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၏ဖခင် ဦးယုစိန် အသက်(၈၆)နှစ်သည် စင်ကာပူနိုင်ငံ၊ Mount Elizabeth ဆေးရုံကြီးတွင် ၅-၅-၂၀၁၅ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂း၅၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ရခိုင်ယူနိုက်တက် အသင်းပိုင်ရှင်နှင့် အုပ်ချုပ်နည်းပြ၊ ကစားသမားများ၊ ဝန်ထမ်းများအနေဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရခိုင်ယူနိုက်တက်အသင်းပိုင်ရှင်**
**နှင့်**
**အုပ်ချုပ်နည်းပြ၊ ကစားသမားများ၊ ဝန်ထမ်းများ**

Hot Line No-0930500100

# မြန်မာအမျိုးသမီးဘောလုံးအသင်း ဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန်တက်ပြီ



အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ဩစတြေးလျ ယူ -၂၀ အသင်းကို အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည့် မြန်မာအမျိုးသမီးဘောလုံးအသင်း။ သတင်း စာမျက်နှာ » ၄

# တရားမဝင်သစ်များ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် မေ ၈

ကချင်ပြည်နယ် မံဝိန်း၊ ဆဒုံးဒေသ၊ ကန်တော်ယန်ဒေသနှင့် စီခမ်းကြီးဒေသအတွင်း နိုင်ငံတော်၏ သယံဇာတ တစ်မျိုးဖြစ်သော ကျွန်းသစ်များအပါအဝင် အဖိုးတန်သစ်များ တစ်ဖက်နိုင်ငံသို့ တရားမဝင်ခိုးထုတ်မှုများ မရှိစေရေးအတွက် လေကြောင်းကင်းထောက်မှုများနှင့်အတူ တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်းပြုလုပ်လျက်ရှိသည်။ စာမျက်နှာ ၄ ကော်လံ ၁ သို့





ယနေ့ — မာတိကာ —

ငါးသယံဇာတ စားနပ်ရိက္ခာ
စာမျက်နှာ - ၂

ပါကစ္စတန် ရဟတ်ယာဉ်ပျက်ကျမှုကြောင့် နော်ဝေနှင့် ဖိလစ်ပိုင်သံအမတ်ကြီးများ သေဆုံး
စာမျက်နှာ - ၁၄

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

